# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၈၇ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၈ ရက် | ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာ ၁၂ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ (၆၅)၊ အမှတ်(၀၄၃)


## ဘုရားဂုဏ်ကို အာရုံပြု၍ ကောင်းစွာနိုးကြား

နေ့ရောည္ဥ့ပါ အမြဲမပြတ် ဘုရားဂုဏ်ကို အာရုံပြု၍ ဖြစ်သော သတိရှိသူ ဂေါတမမြတ်စွာဘုရား၏ တပည့်တို့သည် အခါခပ်သိမ်း ကောင်းစွာ နိုးကြားသောအားဖြင့် နိုးကြား ရကုန်၏။

ပကိဏ္ဏကဝဂ် (ဓမ္မပဒ – ၂၉၆)

## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထု တစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# KK Park အတွင်း ဇုန်အလိုက် အဆောက်အအုံများ ဆက်လက်ဖြိုချဖျက်ဆီးရှင်းလင်း

**နေပြည်တော် နိုဝင်ဘာ ၁၁**

မြန်မာနိုင်ငံအတွင်းသို့ ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံ ဖြတ်သန်း၍ နယ်စပ်လမ်းကြောင်းများမှတစ်ဆင့် တရားမဝင်ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီမြို့ မဲ့ထော်သလေး KK Park နယ်မြေများတွင် အွန်လိုင်းလိမ်လည်မှုများ၊ အွန်လိုင်းလောင်းကစားမှုများနှင့် ဒုစရိုက်မှုများကျူးလွန်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို စစ်ဆေးဖော်ထုတ်ကာ သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ လွှဲပြောင်းပေးအပ်လျက်ရှိသည့်အပြင် ၎င်းတို့ စုဖွဲ့နေထိုင်ခဲ့ကြသည့် KK Park အတွင်း ဇုန်အလိုက် အဆောက်အအုံများ ဖြိုချဖျက်ဆီး ရှင်းလင်းလျက်ရှိသည်။

"KK Park ဇုန် (A) အတွင်းမှာ အဆောက်အအုံ စုစုပေါင်း ၁၄၈ လုံးရှိပါတယ်။ ဒီနေရာမှာ အွန်လိုင်းလိမ်လည်မှုတွေ၊ အွန်လိုင်းလောင်းကစားမှုတွေနဲ့ ဒုစရိုက်မှုတွေ ထပ်မံပြီး မလုပ်ဆောင်နိုင်အောင် အဆောက်အအုံအားလုံးကို ဖြိုချဖျက်ဆီးသွားမှာ ဖြစ်ပါတယ်။ အဆောက်အအုံ ၁၁၀ ကိုတော့ ဖြိုချဖျက်ဆီးပြီးပါပြီ။ ကျန်ရှိတဲ့ အဆောက်အအုံ ၅၂၅ လုံးကိုလည်း ဆက်လက်ဖြိုချဖျက်ဆီးသွားမှာဖြစ်ပါတယ်" ဟု တာဝန်ရှိသူတစ်ဦးက ပြောပြသည်။

*စာမျက်နှာ ၄ ကော်လံ ၁* ◆




မြဝတီ–မဲ့ထော်သလေး KK Park နယ်မြေအတွင်း အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများနှင့် ဒုစရိုက်မှုပြုလုပ်သူများ၏ နေအိမ်လိုင်းခန်းများအား ဖြိုချဖျက်ဆီးမှုများ မပြုလုပ်မီ တွေ့ရစဉ်။

**ယနေ့ ဖတ်စရာ**


လုပ်ငန်းခွင် စွမ်းဆောင်ရည်မြင့်မားဖို့ ဆီးချိုကာကွယ်ထိန်းသိမ်းရေးလုပ်ငန်းများ အရှိန်မြှင့်စို့ — ဆောင်းပါး စာ ၆

ကန္တာရ ကျောက်တောင်များပင် စိမ်းလန်းသော အိုအေစစ် ဖြစ်လာနိုင်ကြလျှင် . . . — သတင်းဆောင်းပါး စာ ၁၀

ဗီယက်နမ်နိုင်ငံက လာမည့်နှစ်တွင် ဒေသအလိုက် အနိမ့်ဆုံးလုပ်ခလစာ တိုးမြှင့်မည် — နိုင်ငံတကာသတင်း စာ ၁၄





## ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကို ဒီတိုင်းကြည့်နေမှာ မဟုတ်

**ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကိုတော့ ကျုပ်တို့အစိုးရကလည်း ဒီတိုင်းကြည့်နေမှာ မဟုတ်ဘူး။ အပြင်းအထန်နှိပ်ကွပ်ရမှာပဲ။ ရွေးကောက်ပွဲမှာ လွတ်လပ်စွာ ယှဉ်ပြိုင်ရွေးကောက်တဲ့နေရာမှာတော့ ဘယ်သူ့ကိုမှ ကျုပ်တို့အစိုးရက နှောင့်ယှက်မှာမဟုတ်ဘူး။ သို့သော် ဖျက်လိုဖျက်ဆီးလုပ်တဲ့လူမှန်သမျှကိုတော့ အာဏာကုန်နှိမ်နင်းပစ်မှာပဲဆိုတာ ရှင်းရှင်းကြီး သတိပေးထားပါရစေ။**

(၁၉၄၇ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့တွင် ရွေးကောက်ပွဲနှင့်ပတ်သက်၍
ဗိုလ်ချုပ်အောင်ဆန်းပြောကြားခဲ့သည့် အသံလွှင့်မိန့်ခွန်းမှ ကောက်နုတ်ချက်)



## ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ဘရာဇီးလ်နိုင်ငံ၏ (၂၀၃)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်ညှော်ခံပွဲ တက်ရောက်

**ရန်ကုန် နိုဝင်ဘာ ၁၁**

ဘရာဇီးလ်နိုင်ငံ၏ (၂၀၃) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ညှော်ခံပွဲကို ယနေ့ညပိုင်းတွင်ရန်ကုန်မြို့ ပန်းလှိုင်ဂေါက်ကွင်းအိမ်ရာရှိ မြန်မာနိုင်ငံဆိုင်ရာ ဘရာဇီးလ်နိုင်ငံ သံအမတ်ကြီးနေအိမ်၌ ကျင်းပရာ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ တက်ရောက်သည်။

**ရင်းရင်းနှီးနှီးကြိုဆို**

ဦးစွာ မြန်မာနိုင်ငံဆိုင်ရာ ဘရာဇီးလ်နိုင်ငံသံအမတ်ကြီး HE Mr. Gustavo Rocha de Meneses နှင့် တာဝန်ရှိသူများက ညှော်ခံပွဲအခမ်းအနားသို့ တက်ရောက်လာသော ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဧည့်သည်တော်များကို ရင်းရင်းနှီးနှီး ကြိုဆိုနှုတ်ဆက်သည်။ **(ယာပုံ)**

**ညစာဖြင့် တည်ခင်းညှော်ခံ**

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သီချင်းနှင့် ဘရာဇီးလ်နိုင်ငံ နိုင်ငံတော်သီချင်းတို့ဖြင့် အခမ်းအနားကို ဖွင့်လှစ်ပြီး မြန်မာနိုင်ငံဆိုင်ရာ ဘရာဇီးလ်နိုင်ငံ သံအမတ်ကြီးက ကြိုဆိုနှုတ်ခွန်းဆက်စကားနှင့် ဆုတောင်းစကား ပြောကြားကာ ပြည်ထောင်စုဝန်ကြီးနှင့် ညှော်ခံပွဲသို့ တက်ရောက်လာသော ဧည့်သည်တော်များကို ညစာစားပွဲဖြင့် တည်ခင်းညှော်ခံသည်။

အဆိုပါ ညှော်ခံပွဲအခမ်းအနားသို့ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဦးဗိုလ်ဌေး၊ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ ကုလသမဂ္ဂဆိုင်ရာ ဌာနေကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



## သီးနှံများစိုက်ပျိုးထုတ်လုပ်မှု တစ်နိုင်ငံလုံးအတိုင်းအတာအားဖြင့် တိုးတက်ရေးကြိုးပမ်း

**နေပြည်တော် နိုဝင်ဘာ ၁၁**

နိုင်ငံ၏ စားရေရိက္ခာဖူလုံရေးနှင့် ပို့ကုန်ကဏ္ဍ မြင့်မားရေးအတွက် သီးနှံများစိုက်ပျိုးထုတ်လုပ်မှု တစ်နိုင်ငံလုံးအတိုင်းအတာအားဖြင့် တိုးတက်ရေးလုပ်ငန်းများ မှာကြားဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက အွန်လိုင်းစနစ်ဖြင့် ကျင်းပသည်။ **(ယာပုံ)**



ဆွေးနွေးပွဲသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်နှင့် စိုက်ပျိုးရေးဦးစီးဌာန တာဝန်ရှိသူများ၊ တိုင်းဒေသကြီး၊ ပြည်နယ်စိုက်ပျိုးရေး ဦးစီးဌာနမှူးများနှင့် မျိုး၊ မြေ၊ ရေ နည်းဆိုင်ရာ ပညာပေးဝန်ထမ်း ၅၀၀ ကျော်တို့ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီးက တောင်သူများထံ နည်းပညာနှင့် သတင်းအချက်အလက်များကို Mobile နည်းပညာဖြင့် အချိန်မီပေးပို့နိုင်ရန် စဉ်ဆက်မပြတ် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ သီးနှံစိုက်ပျိုးထွက်ရှိမှုဆိုင်ရာ ကိန်းဂဏန်းစာရင်းဇယားများ မှန်ကန်ရေးအပြင် ဒေသတစ်ခုတွင် အောင်မြင်နေသော စိုက်ပျိုးထုတ်လုပ်မှုဆိုင်ရာ နည်းပညာအတွေ့အကြုံများကို အခြားဒေသတောင်သူများ လိုက်ပါအသုံးပြုနိုင်ရေးကိုလည်း အလေးထားဆောင်ရွက်ကြရန် လိုအပ်လျက်ရှိကြောင်း၊ ဖောက်ပြန်ပြောင်းလဲလျက်ရှိသည့် ရာသီဥတုကြောင့် စိုက်ပျိုးရေးလုပ်ငန်းများတွင် ထိခိုက်မှုများရှိနိုင်သော်လည်း မိမိတို့ တတ်မြောက်ကျွမ်းကျင်ထားသည့် ပညာရပ်များ၊ အတွေ့အကြုံများကို အခြေခံ၍ တာဝန်ဝတ္တရားနှင့်လျော်ညီစွာ အားထုတ်ကြိုးပမ်းစီမံကြခြင်းဖြင့် တောင်သူများ ထိခိုက်ဆုံးရှုံးမှု မဖြစ်ပေါ်စေရေး ကြိုးပမ်းကြစေလိုကြောင်း။

အလားတူ သီးနှံများတွင် ပိုးသတ်ဆေးဓာတ်ကြွင်းများပါဝင်နေခြင်းသည် ဈေးကွက်ဆုံးရှုံးမှုကိုဖြစ်ပေါ်စေသဖြင့် ပိုးသတ်ဆေးများ လျှော့ချအသုံးပြုနိုင်ရေးကို အသိပညာပေးစည်းရုံးဆောင်ရွက်ရန်လိုကြောင်း၊ ဆည်ရေသောက်၊ မိုးကောင်းသောက် ကမ်းရိုးတန်းဒေသ၊ ခြောက်သွေ့ဒေသနှင့် တောင်ပေါ်ဒေသ စသော ဂေဟစနစ်အမျိုးမျိုးအတွက် သင့်တော်သောသီးနှံမျိုးများကို မွေးမြူရွေးချယ်ရာတွင် တောင်သူလယ်သမားများ၊ ပြည်ပတင်ပို့သော လုပ်ငန်းရှင်များပါဝင်သော မျိုးမွေးမြူရွေးချယ်ရေးလုပ်ငန်းကို တိုးချဲ့လုပ်ကိုင်သွားရန်လိုကြောင်း၊ AI နည်းပညာကို မိမိတို့ ဝန်ထမ်းများ ကျွမ်းကျင်စွာအသုံးပြုတတ်ရေးအပြင် တောင်သူများလည်း AI နည်းပညာနှင့် နီးနီးစပ်စပ်အသုံးပြုတတ်စေရေးကြိုးပမ်းကြရန်လိုကြောင်း၊ စိုက်ပျိုးထုတ်လုပ်မှုဆိုင်ရာ သိရှိလိုသည်များကို AI တွင် အချိန်မရွေး မေးမြန်းအသုံးပြုနိုင်ပါက တောင်သူအတွက် အကျိုးကျေးဇူးများစွာရရှိနိုင်ကြောင်း မှာကြားသည်။

ထို့နောက် တိုင်းဒေသကြီး၊ ပြည်နယ်စိုက်ပျိုးရေး ဦးစီးဌာနမှူးများ၏ တင်ပြချက်များအပေါ် ဒုတိယဝန်ကြီးက အကြောင်းအရာတစ်ခုချင်းအပေါ် ပြန်လည်သုံးသပ်ဆွေးနွေးပြီး လိုအပ်ချက်များ မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



## ကျောက်မဲမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ အသိပညာပေးဟောပြော

**ကျောက်မဲ နိုဝင်ဘာ ၁၁**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း သီရိရတနာခန်းမ၌ ယနေ့ နံနက်ပိုင်းက ကျောက်မဲခရိုင် ဌာနဆိုင်ရာများက အသိပညာပေးဟောပြောသည်။

အဆိုပါ ဟောပြောပွဲတွင် ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဦးစီးမှူး ဦးစိန်မောင်ဌေးက ပလတ်စတစ်ညစ်ညမ်းမှုနှင့် တစ်ခါသုံးပလပ်စတစ်လျှော့ချရေး အကြောင်းသိကောင်းစရာများ၊ လူမှုဝန်ထမ်းဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းရီက ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ သိကောင်းစရာများ၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးဦးစီးဌာန ကျောက်မဲခရိုင် ဦးစီးမှူးရုံးမှ ဦးစီးမှူး ဒေါ်မူမူသိန်းက သဘာဝဘေးအန္တရာယ် ကိုးမျိုးအကြောင်းများနှင့် ဆောင်ရန်ရှောင်ရန်များကို အသိပညာပေးဟောပြောကြသည်။

ယင်းနောက် ဟောပြောပွဲသို့ တက်ရောက်လာသည့် အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူများအား ဌာနဆိုင်ရာဝန်ထမ်းများက ၎င်းတို့၏ ဌာနထုတ် အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**





မြဝတီ–မဲ့ထော်သလေး KK Park နယ်မြေအတွင်းရှိ နှစ်ထပ် Club အဆောက်အအုံနှင့် အွန်လိုင်းလိမ်လည်မှုများပြုလုပ်သည့်အလုပ်ရုံတို့ကို ဖြိုချဖျက်ဆီးမှုများ မပြုလုပ်မီ တွေ့ရစဉ်။

❑ **KK Park နယ်မြေအတွင်း နယ်စပ်လမ်းကြောင်းများမှတစ်ဆင့် တရားမဝင်ဝင်ရောက်ပြီး အွန်လိုင်းလောင်းကစားမှုများနှင့် ဒုစရိုက်မှုများ ကျူးလွန်ခဲ့ကြသည့် ပြည်ပနိုင်ငံသား ၉၀ ရာခိုင်နှုန်းသည် ထိုင်းနိုင်ငံကို တစ်ဆင့်ခံ၍ နယ်စပ်ဖြတ်ကျော်ရောက်ရှိလာသည့် ဖြစ်စဉ်များက အများစုဖြစ်ပြီး KK Park နယ်မြေအတွင်း အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများနှင့် ဒုစရိုက်မှုများ ပြုလုပ်သည့် ဇုန်သုံးဇုန်တွင် အသုံးပြုနိုင်သော အဆောက်အအုံများအတွက် လိုအပ်သည့် ပစ္စည်းများ၊ မီးစက်များ၊ အင်တာနက် Starlink စက်များ၊ လူသုံးကုန်ပစ္စည်းများနှင့် အခြေခံစားသောက်ကုန်ပစ္စည်းများ၊ စက်သုံးဆီများနှင့် အခြားအသုံးဆောင်ပစ္စည်းများကို ထိုင်းကုန်သည်များက တရားမဝင်လမ်းကြောင်းများမှတစ်ဆင့် ထောက်ပံ့ခြင်းနှင့် ရောင်းချခြင်းများ ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရ**

◆ *ရွှေဖုံးမှ*

မြဝတီ–မဲ့ထော်သလေး KK Park နယ်မြေအတွင်း အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများနှင့် ဒုစရိုက်မှုများ ပြုလုပ်သည့် ဇုန်သုံးဇုန်တွင် အဆောက်အအုံ စုစုပေါင်း ၆၃၅ လုံး ရှိကြောင်း သိရသည်။

အဆိုပါ ဇုန် (B) တွင် တစ်ထပ်လူနေအဆောက်အအုံ ခုနစ်လုံး၊ နှစ်ထပ် လူနေအဆောက်အအုံ ၂၉ လုံး၊ သုံးထပ်လူနေအဆောက်အအုံ ငါးလုံး၊ ဆောက်လုပ်ဆဲ လေးထပ်အဆောက်အအုံ ခုနစ်လုံး၊ ဆောက်လုပ်ဆဲ ငါးထပ်အဆောက်အအုံ ငါးလုံးနှင့် ဂိုဒေါင်တစ်ထပ်အလုံး ၂၀ စုစုပေါင်း ၇၃ လုံး တည်ရှိခဲ့သည်။

အလားတူ ဇုန် (C ) တွင် တစ်ထပ်လူနေအိမ် ၃၃ လုံး၊ နှစ်ထပ်လူနေအိမ် ၂၁၆ လုံး၊ သုံးထပ်လူနေအိမ် ၄၂ လုံး၊ လေးထပ်လူနေအိမ် ၃၉ လုံး၊ ငါးထပ်လူနေအိမ် ၁၂ လုံး၊ ခြောက်ထပ် လူနေအိမ် လေးလုံး၊ ဘတ်စကက်ဘောကွင်း တစ်ခု၊ ဆေးရုံ နှစ်လုံး၊ နှစ်ထပ် SPA အဆောက်အအုံတစ်လုံး၊ တစ်ထပ် SPA အဆောက်အအုံ တစ်လုံး၊ နှစ်ထပ်ဈေးဆိုင်တန်း ငါးလုံး၊ နှစ်ထပ်စူပါမားကတ် တစ်လုံး၊ တစ်ထပ်စူပါမားကတ် တစ်လုံး၊ ငါးထပ်ဟိုတယ် တစ်လုံး၊ လေးထပ်ဟိုတယ် တစ်လုံး၊ တစ်ထပ်ဂိုဒေါင် ၃၅ လုံး၊ ဆေးခန်းနှစ်ခန်း၊ နှစ်ထပ်မှန်ဆောင် တစ်လုံး၊ နှစ်ထပ် Club တစ်ခု၊ နှစ်ထပ်KTV တစ်လုံး၊ တစ်ထပ်စားဖိုဆောင် နှစ်လုံး၊ ရေစုကန်တစ်လုံး၊ တစ်ထပ်ဂိုဒေါင်ကြီး ခြောက်လုံး၊ တစ်ထပ်လူနေအိမ်တန်းလျား ငါးလုံး စုစုပေါင်း ၄၁၄ လုံး တည်ရှိခဲ့သည်။

❍ **ယခုအခါ နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းအသုံးပြုလိမ်လည်မှု (Online Scam) နှင့် အွန်လိုင်းလောင်းကစားမှု (Online Gambling) လုပ်ဆောင်နေသူများ၊ ပါဝင်ပတ်သက်သူများအားလုံးကို အိမ်နီးချင်းနိုင်ငံများအပါအဝင် နိုင်ငံတကာမှ အဖွဲ့အစည်းများနှင့် စဉ်ဆက်မပြတ် ပူးပေါင်းဖော်ထုတ်အရေးယူဆောင်ရွက်လျက်ရှိ**

KK Park နယ်မြေအတွင်း နယ်စပ်လမ်းကြောင်းများမှတစ်ဆင့် တရားမဝင် ဝင်ရောက်ပြီး အွန်လိုင်းလောင်းကစားမှုများနှင့် ဒုစရိုက်မှုများ ကျူးလွန်ခဲ့ကြသည့် ပြည်ပနိုင်ငံသား ၉၀ ရာခိုင်နှုန်းသည် ထိုင်းနိုင်ငံကို တစ်ဆင့်ခံ၍ နယ်စပ်ဖြတ်ကျော်ရောက်ရှိလာသည့် ဖြစ်စဉ်များက အများစုဖြစ်ပြီး KK Park နယ်မြေအတွင်း အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများနှင့် ဒုစရိုက်မှုများ ပြုလုပ်သည့် ဇုန်သုံးဇုန်တွင် အသုံးပြုနိုင်သော အဆောက်အအုံများအတွက် လိုအပ်သည့်ပစ္စည်းများ၊ မီးစက်များ၊ အင်တာနက် Starlink စက်များ၊ လူသုံးကုန်ပစ္စည်းများနှင့် အခြေခံစားသောက်ကုန်ပစ္စည်းများ၊ စက်သုံးဆီများနှင့် အခြားအသုံးဆောင်ပစ္စည်းများကို ထိုင်းကုန်သည်များက တရားမဝင်လမ်းကြောင်းများမှတစ်ဆင့် ထောက်ပံ့ခြင်းနှင့် ရောင်းချခြင်းများ ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မြဝတီမြို့–မဲ့ထော်သလေး KK Park နယ်မြေသို့ တရားမဝင်လမ်းကြောင်းများမှတစ်ဆင့် ဝင်ရောက်ခဲ့သည့် အိန္ဒိယနိုင်ငံသား ၄၀၊ နီပေါနိုင်ငံသား ၁၂ ဦးနှင့် တောင်ကိုရီးယားနိုင်ငံသား တစ်ဦး စုစုပေါင်း ပြည်ပနိုင်ငံသား ၅၃ ဦးကို ယနေ့တွင် ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့သည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ နိုဝင်ဘာ ၁၁ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင်ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၀၈၁၅ ဦး စစ်ဆေးဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့ပြီး ယင်းတို့အနက်မှ ၉၅၃၆ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးနိုင်ခဲ့ကာ ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၁၂၇၉ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်း သိရသည်။

**ယခုအခါ နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းအသုံးပြုလိမ်လည်မှု (Online Scam) နှင့် အွန်လိုင်းလောင်းကစားမှု (Online Gambling) လုပ်ဆောင်နေသူများ၊ ပါဝင်ပတ်သက်သူများအားလုံးကို အိမ်နီးချင်းနိုင်ငံများအပါအဝင် နိုင်ငံတကာမှ အဖွဲ့အစည်းများနှင့် စဉ်ဆက်မပြတ် ပူးပေါင်းဖော်ထုတ်အရေးယူဆောင်ရွက်လျက်ရှိသည်။**

အောင်ဂျိုင်း
ဓာတ်ပုံ– မင်းမင်း





မြဝတီ–မဲ့ထော်သလေး KK Park နယ်မြေအတွင်းရှိ အဆောက်အအုံများ ဖြိုချဖျက်ဆီးရှင်းလင်းနေမှုကို တွေ့ရစဉ်။

# ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

ရွေးကောက်ပွဲကျင်းပရန် ၄၆ ရက် သာ လိုတော့သည်။

- ❖ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၂၀-၈-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ် (၅၆/၂၀၂၅) ဖြင့် ၂၈-၁၂-၂၀၂၅ ရက်နေ့၌ ကျင်းပမည့် လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)တွင် ပါဝင်သည့် မြို့နယ် (၁၀၂) မြို့နယ်ကိုလည်းကောင်း၊ ၂၈-၁၀-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ် (၁၄၁/၂၀၂၅) ဖြင့် ၁၁-၁-၂၀၂၆ ရက်နေ့၌ ကျင်းပမည့် လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၂)တွင် ပါဝင်သည့် မြို့နယ် (၁၀၀) မြို့နယ်ကိုလည်းကောင်း သတ်မှတ်ကြေညာပြီးဖြစ်သည်။
- ❖ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၁၄-၉-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ် (၁၀၃/၂၀၂၅) ဖြင့် ရွေးကောက်ပွဲများ ကျင်းပခြင်းမပြုမည့် ပြည်သူ့လွှတ်တော် မဲဆန္ဒနယ် (၅၆)နယ်၊ အမျိုးသားလွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ် (FPTP) မဲဆန္ဒနယ် (၉)နယ်နှင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် မဲအများဆုံးရသူ အနိုင်ယူစနစ် (FPTP) မဲဆန္ဒနယ် (၅၆)နယ်စာရင်းတို့ကို ထုတ်ပြန်ကြေညာပြီးဖြစ်သည်။
- ❖ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၁၄-၉-၂၀၂၅ ရက်နေ့တွင် ကြေညာချက်အမှတ် (၁၀၃/၂၀၂၅) ဖြင့် ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် စတင်ကျင်းပပြုလုပ်မည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ပြည်သူ့လွှတ်တော် မဲဆန္ဒနယ် ၂၇၄ နယ်၊ အမျိုးသားလွှတ်တော် မဲအများဆုံးရသူအနိုင်ယူစနစ် (FPTP) မဲဆန္ဒနယ် ၇၅ နယ်၊ အချိုးကျကိုယ်စားပြုစနစ် (PR) မဲဆန္ဒနယ် ၂၆ နယ်၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် မဲအများဆုံးရသူ အနိုင်ယူစနစ် (FPTP) မဲဆန္ဒနယ် ၂၆၆ နယ်၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် အချိုးကျကိုယ်စားပြုစနစ် (PR) မဲဆန္ဒနယ် ၄၂ နယ်နှင့် တိုင်းဒေသကြီး လွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် တိုင်းရင်းသားလူမျိုးမဲဆန္ဒနယ် ၂၉ နယ်တို့တွင် ရွေးကောက်ပွဲများ ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း ကြေညာပြီးဖြစ်သည်။

## ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ အိန္ဒိယသံအမတ်ကြီး H.E. Mr. Abhay Thakur အား လက်ခံတွေ့ဆုံ

### နယ်နိမိတ်ဆိုင်ရာကိစ္စရပ်များ၊ ကုန်သွယ်မှုတိုးမြှင့်ရေးဆိုင်ရာကိစ္စရပ်များဆွေးနွေး



**နေပြည်တော် နိုဝင်ဘာ ၁၁**

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယ သံအမတ်ကြီး H.E. Mr. Abhay Thakur အား ယနေ့ နံနက် ၈ နာရီခွဲတွင် ရန်ကုန်မြို့ရှိ ပန်းဝါဒေ့ရိပ်သာ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရန်ကိစ္စရပ်များ၊ အထူးသဖြင့် နယ်နိမိတ်ဆိုင်ရာကိစ္စရပ်များ၊ ကုန်သွယ်မှုတိုးမြှင့်ရေးဆိုင်ရာ ကိစ္စရပ်များ၊ အိန္ဒိယနိုင်ငံမှ မြန်မာနိုင်ငံသို့ လျှော်ဘေး အလွှန် အကူအညီပေးရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဌာန ဆိုင်ရာ တာဝန်ရှိသူများနှင့် အိန္ဒိယသံရုံးမှ ကိုယ်စား လှယ်များ တက်ရောက်ခဲ့ကြသည်။

သတင်းစဉ်

## ပဲခူးတိုင်းဒေသကြီးသည် တိုးတက်မှုကောင်းမွန်ပြီး နိုင်ငံ၏ GDP ကို ဦးဆောင်လျက်ရှိသည့် တိုင်းဒေသကြီးများထဲမှ တစ်ခုဖြစ်

**နေပြည်တော် နိုဝင်ဘာ ၁၁**

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝါဝါ မောင်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့တွင် ရင်းနှီးမြှုပ်နှံမှုများ လွယ်ကူချောမွေ့စေရေးနှင့် ရင်းနှီး မြှုပ်နှံမှုမြှင့်တင်နိုင်ရေး ရည်ရွယ်၍ ပဲခူးတိုင်းဒေသ ကြီးအတွင်း ကွင်းဆင်းဆောင်ရွက်သည်။

ခရီးစဉ်အတွင်း ပြည်ထောင်စုဝန်ကြီးသည် ပဲခူး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တွေ့ဆုံ၍ ရင်းနှီးမြှုပ်နှံ မှုများမြှင့်တင်ရန် ဒေသတွင်းရှိ ရင်းနှီးမြှုပ်နှံမှုအခွင့် အလမ်း၊ Pipeline အတွင်းရှိ စီမံချက်များနှင့် အလား အလာများ၊ ကုမ္ပဏီဖွဲ့စည်းမှတ်ပုံတင်မှု၊ ရင်းနှီးမြှုပ်နှံ သူများအတွက် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာလုပ်ငန်းများ ပိုမိုမြန်ဆန် ချောမွေ့စေရန် ပူးပေါင်းဆောင်ရွက်သွား မည့်အစီအစဉ်များ၊ ပဲခူးတိုင်းဒေသကြီးအတွင်း နိုင်ငံ တကာအဖွဲ့အစည်းများမှ ဆောင်ရွက်လျက်ရှိသည့် အကူအညီအထောက်အပံ့လုပ်ငန်းများ ဆောင်ရွက် နေမှုနှင့် ကိုဗစ်-၁၉ရန်ပုံငွေမှ ခွင့်ပြုထုတ်ချေးငွေများ



ပြန်လည်ကောက်ခံရရှိရေးတို့နှင့်စပ်လျဉ်း၍ ညှိနှိုင်း ဆွေးနွေးသည်။

ထို့နောက် စီးပွားရေးလုပ်ငန်းရှင်များ၊ အသင်း အဖွဲ့ကိုယ်စားလှယ်များနှင့်တွေ့ဆုံ၍ ပြည်ထောင်စု ဝန်ကြီးက ပဲခူးတိုင်းဒေသကြီးသည် တိုးတက်မှု ကောင်းမွန်ပြီး နိုင်ငံ၏ GDP ကို ဦးဆောင်လျက်ရှိသည့် တိုင်းဒေသကြီးများထဲမှ တစ်ခုဖြစ်ကြောင်း၊ ပြည်ပ ပို့ကုန်တိုးမြှင့်နိုင်ရေး ဈေးကွက်ရှိသည့်ထုတ်ကုန်များ ပိုမိုတိုးမြှင့်ထုတ်လုပ်ရန် လိုအပ်ကြောင်း၊ ဒေသ အလိုက် ရင်းနှီးမြှုပ်နှံမှု အလားအလာတိုးမြှင့်ရေး၊ MSMEs ဖွံ့ဖြိုးမှုနှင့် စီးပွားရေးကဏ္ဍ ပိုမိုအားကောင်း ရေးတို့အတွက် လိုအပ်သည့်ပံ့ပိုးမှုများ ဆောင်ရွက် ပေးလျက်ရှိကြောင်း၊ AI အပါအဝင် ဒစ်ဂျစ်တယ် နည်းပညာအသုံးပြု၍ စံချိန်စံညွှန်းပြည့်မီသည့် တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်တင်ပို့နိုင်ရန် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရ၊ ပုဂ္ဂလိကနှင့် ဒေသခံပြည်သူများအတွက် အကျိုး ကျေးဇူးမျှဝေခံစားသည့် အသိုက်အဝန်းဖြစ်စေရေး ပူးပေါင်းပါဝင်ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ Business Model မှန်ကန်အောင် ဆောင်ရွက်၍ ရင်းနှီးမြှုပ်နှံမှု စဉ်ဆက်မပြတ် တိုးတက်မှုရှိသည့် စီးပွားရေးဝန်းကျင်ကောင်းဖြစ်လာစေရန်၊ သဘာဝ ဝန်းကျင်နှင့် ကိုက်ညီသည့်လုပ်ငန်းများဖြစ်လာစေ ရန်နှင့် ကောင်းမွန်သည့်ကော်ပိုရိတ် စီမံအုပ်ချုပ်မှု စနစ်ထားရှိဆောင်ရွက်ရန် ပြောကြားသည်။

ယင်းနောက် တက်ရောက်လာကြသော စီးပွား ရေးလုပ်ငန်းရှင်များက သိရှိလိုသည်များကို မေးမြန်း ဆွေးနွေးကြရာ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူ များက ပြန်လည်ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ခွင့်ပြုချက်ဖြင့် အလုပ်သမားဝန်ထမ်း ပေါင်း ၁၈၀၀ နှင့်ဆောင်ရွက်လျက်ရှိသည့် ပဲခူးမြို့ ဥသျှောင်မြို့သစ်ရှိ MYANSTAR GARMENT Co., Ltd. ကို ကြည့်ရှုစစ်ဆေးပြီး စက်ရုံမှတာဝန်ရှိသူများက လုပ်ငန်းလည်ပတ်နေသည့်အခြေအနေ၊ ဈေးကွက် တို့နှင့်စပ်လျဉ်း၍ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စု ဝန်ကြီးက ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ တိုးချဲ့ဆောင် ရွက်နိုင်ရေး၊ အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးပေး နိုင်ရေး၊ နည်းပညာလွှဲပြောင်းရရှိရေး၊ ကုန်ထုတ်လုပ် မှုမြှင့်တင်ရေး၊ ဈေးကွက်ချဲ့ထွင်ရေးနှင့် ဒေသခံ ပြည်သူများအတွက် လူမှုအကျိုးပြုလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးတို့နှင့် စပ်လျဉ်း၍ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

သတင်းစဉ်

အိမ်ပြင်ပသို့ထွက်ခွာသောအခါ မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။

၂၀၂၅ ခုနှစ် ကမ္ဘာ့ဆီးချိုသွေးချိုရောဂါကာကွယ်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်ဆောင်းပါး

# လုပ်ငန်းခွင် စွမ်းဆောင်ရည်မြင့်မားဖို့ ဆီးချိုကာကွယ်ထိန်းသိမ်းရေးလုပ်ငန်းများ အရှိန်မြှင့်စို့

တွဲဖက်ပါမောက္ခ ဒေါက်တာမောင်မောင်သန့်
တွဲဖက်စီမံချက်မန်နေဂျာ
ဆီးချိုသွေးချိုရောဂါကာကွယ်ထိန်းသိမ်းရေးစီမံချက်

နှစ်စဉ်နှစ်တိုင်း နိုဝင်ဘာလ ၁၄ ရက်နေ့သည် ကမ္ဘာ့ဆီးချိုသွေးချိုရောဂါ ကာကွယ်ထိန်းသိမ်းရေးနေ့ ဖြစ်ပါသည်။ ထိုနေ့သည် ဆီးချိုသွေးချိုရောဂါကုသသည့် ဟော်မုန်းဆေး "အင်ဆူလင်" ကို ရှာဖွေခဲ့သော ဆာဖရက်ဒရစ်ဘန်တင်း (Sir Frederick Banting)၏ မွေးနေ့ဖြစ်သည့်အတွက် ဂုဏ်ပြုသည့်အနေဖြင့် ကမ္ဘာ့ဆီးချိုသွေးချိုရောဂါကာကွယ်ထိန်းသိမ်းရေးနေ့ကို ၁၉၉၁ ခုနှစ်တွင် အပြည်ပြည်ဆိုင်ရာ ဆီးချိုသွေးချိုအဖွဲ့ချုပ် (International Diabetes Federation) နှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့တို့က စတင်သတ်မှတ်ခဲ့ပြီး ၂၀၀၆ ခုနှစ်တွင် ကုလသမဂ္ဂပြဋ္ဌာန်းချက် (၆၁/၂၂၅)ဖြင့် တရားဝင်ကုလသမဂ္ဂနေ့ တစ်နေ့အဖြစ် ဆုံးဖြတ်အတည်ပြုခဲ့ကြပါသည်။

**"ယခုနှစ် ကမ္ဘာ့ဆီးချိုသွေးချိုရောဂါ ကာကွယ်ထိန်းသိမ်းရေးနေ့ ဆောင်ပုဒ်သည် စက်ရုံ၊ အလုပ်ရုံနှင့် ရုံးဌာနများတွင် ဆီးချိုသွေးချိုရောဂါရှိသူများအား ပြုစုစောင့်ရှောက်မှုနှင့် ထောက်ပံ့မှုများကို အရှိန်အဟုန်မြှင့်ပြုလုပ်နိုင်စေရန် ဦးတည်၍ ကျန်းမာရေးအသိပညာပေးမှုများကို မြှင့်တင်လိုခြင်းဖြစ်ပါသည်။ ထိုသို့ဆောင်ရွက်ခြင်းဖြင့် ဆီးချိုသွေးချိုရောဂါရှိသူများသည် မျှော်လင့်ချက်အတိုင်း ကျန်းမာရှင်သန်လာနိုင်စေရန် ရည်ရွယ်"**

အဆိုပါ ကမ္ဘာ့ဆီးချိုသွေးချိုရောဂါကာကွယ်ထိန်းသိမ်းရေးနေ့တွင် ဆီးချိုသွေးချိုရောဂါရှိသူများ၊ ကျန်းမာရေးပညာရှင်များ၊ မူဝါဒချမှတ်သူများ (policy makers)နှင့် ပြည်သူလူထုတို့ပူးပေါင်း၍ ဆီးချိုသွေးချိုရောဂါဆိုင်ရာ ကျန်းမာရေးအသိပညာမြှင့်တင်ရေးအတွက် အရှိန်မြှင့်လုပ်ဆောင်ကြရန် ရည်ရွယ်၍ ကမ္ဘာတစ်ဝန်း၌ နှစ်စဉ်နှစ်တိုင်း ကျင်းပဆောင်ရွက်ခဲ့ပါသည်။

### ဆီးချိုသွေးချိုရောဂါအန္တရာယ်

ကျန်းမာရေးနှင့်မညီညွတ်သည့် လူနေမှုပုံစံများဖြစ်ကြသော ကိုယ်လက်လှုပ်ရှားမှုနည်းပါးခြင်း၊ ကျန်းမာရေးနှင့်လျော်ညီသည့် နေထိုင်စားသောက်မှုမရှိခြင်း၊ ဆေးလိပ်နှင့် ဆေးရွက်ကြီးသုံးစွဲခြင်းနှင့် အရက်အလွန်အကျွံသောက်သုံးခြင်းများသည် ဆီးချိုသွေးချိုရောဂါနှင့် အခြားမကူးစက်နိုင်သောရောဂါများ ဖြစ်ပွားရခြင်း၏ အဓိကအကြောင်းရင်းများ ဖြစ်ကြပါသည်။

ထို့အပြင် ဆီးချိုသွေးချိုရောဂါရှိသူများသည် ဆီးချိုသွေးချိုရောဂါ၏ နောက်ဆက်တွဲဆိုးကျိုးများဖြစ်သည့် လေဖြတ်ခြင်း၊ နှလုံးသွေးကြောပိတ်ခြင်း၊ ကျောက်ကပ်ပျက်စီးခြင်း၊ မျက်စိကွယ်ခြင်းနှင့် ခြေလက်အင်္ဂါများ ဖြတ်တောက်ရခြင်း စသည်တို့ကို ခံစားနေကြရပါသည်။ ထိုကဲ့သို့ နောက်ဆက်တွဲဆိုးကျိုးများကြောင့် အရွယ်မတိုင်မီသေဆုံးရခြင်း၊ မသန်စွမ်းဖြစ်ရခြင်းတို့ ခံစားရပြီး ဝေဒနာရှင်များမှာ အလုပ်လုပ်ကိုင်နိုင်ခြင်းမရှိတော့သည့်အတွက် ၎င်းတို့၏ မိသားစုဝင်များမှာ လူနာကိုကုသရသော ကုန်ကျစရိတ်များသည့်အပြင် ထိုမှဆက်စပ်၍ လူမှုစီးပွားဒုက္ခများ ခံစားလာကြရပါသည်။ ထို့ကြောင့် နိုင်ငံတော်၏ ကုန်ထုတ်စွမ်းအားကို ထိပါးလာနိုင်သည့်အပြင် နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှုကို များစွာထိခိုက်စေပါသည်။

### နိုင်ငံတော်အစိုးရနှင့် ကျန်းမာရေးဝန်ကြီးဌာန၏ ဆောင်ရွက်ချက်များ

ကျန်းမာရေးဝန်ကြီးဌာနသည် ဝန်ကြီးဌာန၏ ရည်မှန်းချက်(၂)ရပ်ဖြစ်သော -

(၁) လူတိုင်းရောဂါဘယကင်းရှင်းရေး၊

(၂) လူတိုင်းသက်တမ်းစေ့အသက်ရှည်စွာနေနိုင်ရေးဟူသည့် ရည်မှန်းချက်တို့နှင့်အညီ

ပြည်သူလူထုတစ်ရပ်လုံးကို အရည်အသွေးပြည့်ဝသော ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရေး ရေတိုရေရှည်လုပ်ငန်းစဉ်များ ရေးဆွဲအကောင်အထည်ဖော်ပြီး နည်းဗျူဟာများ ချမှတ်ဆောင်ရွက်လျက်ရှိပါသည်။

ထိုကဲ့သို့ ဆောင်ရွက်ရာတွင် ကျေးလက်ဒေသများအထိ ကျန်းမာရေးအသိပညာပေးခြင်း၊ ရောဂါကာကွယ်တားဆီးခြင်းနှင့် ရောဂါဖြစ်ပွားလာပါက ထိရောက်စွာကုသပေးခြင်းဟူသည့် နည်းနာသုံးရပ်ချမှတ်ပြီး တစ်နိုင်ငံလုံး၏ ကျန်းမာရေးစောင့်ရှောက်မှုကို စဉ်ဆက်မပြတ် တိုးမြှင့်ဆောင်ရွက်လျက်ရှိပါသည်။ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့်လည်း ဆီးချိုသွေးချိုရောဂါအပါအဝင် မကူးစက်နိုင်သောရောဂါများကိုကာကွယ်ရန် ပထမအဆင့်အနေဖြင့် ကျန်းမာရေးအသိပညာမြှင့်တင်ခြင်းနှင့် ရောဂါကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်ခြင်း၊ ဒုတိယအဆင့်အနေဖြင့် ဆောလျင်စွာ ရောဂါရှာဖွေခြင်းနှင့် လိုအပ်လျှင် လွှဲပြောင်းကုသခြင်း၊ တတိယအဆင့်အနေဖြင့် ရောဂါကုသခြင်းနှင့် ပြန်လည်ထူထောင်ခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိပါသည်။

ထိုသို့ဆောင်ရွက်ရာတွင် ဒေသန္တရကျန်းမာရေးဌာနများ၊ ကျေးလက်ကျန်းမာရေးဌာနများနှင့် ကျေးလက်ကျန်းမာရေးဌာနခွဲများတွင် အပတ်စဉ် ဗုဒ္ဓဟူးနေ့တိုင်း ဆီးချိုသွေးချိုနှင့် သွေးတိုးရောဂါ စစ်ဆေးကုသမှုဆေးခန်း (NCD clinic)များ ဖွင့်လှစ်ပြီး ဆီးချိုသွေးချိုရောဂါနှင့် သွေးတိုးရောဂါများကို စောစီးစွာ ရှာဖွေစစ်ဆေးကုသပေးခြင်းနှင့် လိုအပ်လျှင် လွှဲပြောင်းကုသပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိပါသည်။

ကျန်းမာရေးနှင့်ညီညွတ်အောင် နေထိုင်စားသောက်ရမည့် နည်းလမ်းများ၊ လေ့ကျင့်ခန်းပြုလုပ်နည်းများကို နမူနာသင်ကြားပြသခြင်းများ၊ သက်ကြီးရွယ်အိုပြုစုစောင့်ရှောက်ခြင်းနှင့် ကျန်းမာရေးအသိပညာပေးခြင်း လုပ်ငန်းများကိုလည်း ကျန်းမာရေးဌာနများတွင် ဆောင်ရွက်ပေးလျက်ရှိပါသည်။ ထို့အပြင် ဆီးချိုသွေးချိုရောဂါနှင့် သွေးတိုးရောဂါကုသသော ဆေးဝါးများနှင့် ဓာတ်ခွဲစစ်ဆေးမှုများကို ပြည်သူလူထုလက်လှမ်းမီစေရန်နှင့် အခမဲ့စစ်ဆေးနိုင်ရေးအတွက် နိုင်ငံတော်က ဘဏ္ဍာငွေများစွာအသုံးပြု၍ ဆောင်ရွက်ပေးလျက် ရှိပါသည်။

နိုင်ငံတော်အစိုးရအနေဖြင့်လည်း ပြည်သူလူထုအတွက် ကျန်းမာရေးနှင့်ညီညွတ်သည့် ပတ်ဝန်းကျင်ဖန်တီးပေးခြင်း၊ ကျန်းမာရေးနှင့်ညီညွတ်သော အစားအသောက်များရရှိရေးဆောင်ရွက်ခြင်း၊ ဆေးရွက်ကြီးနှင့် အရက်ယမကာများကို အခွန်တိုးမြှင့်ကောက်ခံခြင်းတို့ ဆောင်ရွက်နေသည့်အပြင် စားသောက်ကုန်ထုတ်လုပ်မှုတွင် သကြားနှင့် အငန်ဓာတ်ပါဝင်မှု လျှော့ချစေခြင်း၊ ဆိုးဆေးနှင့် အခြားဓာတုပစ္စည်းများမပါဝင်စေရန် ကန့်သတ်တားမြစ်ခြင်း၊ ကိုယ်လက်လှုပ်ရှားမှုကို အားပေးခြင်းနှင့် ပြည်သူလူထုအတွင်း ကျန်းမာရေးအသိပညာများ ပြန့်ပွားအောင် အထူးအလေးပေးခြင်း စသည့် ပြည်သူလူထု၏ ကျန်းမာရေးတိုးတက်ကောင်းမွန်စေမည့် လုပ်ငန်းစဉ်များကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိပါသည်။

### အထိမ်းအမှတ်ဆောင်ပုဒ်

၂၀၂၅ ခုနှစ် ကမ္ဘာ့ဆီးချိုသွေးချိုရောဂါကာကွယ်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်ဆောင်ပုဒ် (Campaign Slogan) မှာ " Know more and do more for diabetes at work" ဟူ၍ဖြစ်ပါသည်။ မြန်မာဘာသာဖြင့် "လုပ်ငန်းခွင်စွမ်းဆောင်ရည်မြင့်မားဖို့ ဆီးချိုကာကွယ်ထိန်းသိမ်းရေးလုပ်ငန်းများ အရှိန်မြှင့်စို့"ဟူ၍ ဘာသာပြန်ဆိုထားပါသည်။ ယခုနှစ် ကမ္ဘာ့ဆီးချိုသွေးချိုရောဂါကာကွယ်ထိန်းသိမ်းရေးနေ့ဆောင်ပုဒ်သည် စက်ရုံ၊ အလုပ်ရုံနှင့် ရုံးဌာနများတွင် ဆီးချိုသွေးချိုရောဂါရှိသူများအား ပြုစုစောင့်ရှောက်မှုနှင့် ထောက်ပံ့မှုများကို အရှိန်အဟုန်မြှင့်ပြုလုပ်နိုင်စေရန် ဦးတည်၍ ကျန်းမာရေးအသိပညာပေးမှုများကို မြှင့်တင်လိုခြင်းဖြစ်ပါသည်။ ထိုသို့ ဆောင်ရွက်ခြင်းဖြင့် ဆီးချိုသွေးချိုရောဂါရှိသူများသည် မျှော်လင့်ချက်အတိုင်း ကျန်းမာရှင်သန်လာနိုင်စေရန် ရည်ရွယ်ပါသည်။

### လုပ်ငန်းခွင်အတွင်း ဆီးချိုသွေးချိုရောဂါ၏ စိန်ခေါ်မှုများ

အပြည်ပြည်ဆိုင်ရာ ဆီးချိုသွေးချိုအဖွဲ့ချုပ် (IDF)၏ စစ်တမ်းများအရ ကမ္ဘာပေါ်ရှိ အရွယ်ရောက်ပြီးသော လူဦးရေ ၅၈၉ သန်းခန့်သည် ဆီးချိုသွေးချိုရောဂါကို ခံစားနေကြရသည်ဟု သိရပါသည်။ ထိုအနက်မှ ၇၀ ရာခိုင်နှုန်း (သန်း ၄၃၀ ခန့်)သည် အလုပ်လုပ်နိုင်သည့် အသက်အရွယ်ရှိသူများဖြစ်ကြပါသည်။ ဆီးချိုသွေးချိုရောဂါရှိသူ လေးဦးထဲမှ သုံးဦးသည် ဝင်ငွေအလယ်အလတ်နှင့် ဝင်ငွေနည်းပါးသောနိုင်ငံများတွင် နေထိုင်ကြပြီး ဆီးချိုသွေးချိုရှိသူများ၏ ထက်ဝက်ခန့်သည် ရောဂါလက္ခဏာမပြသည့်အတွက် ရောဂါရှိမှန်းမသိကြောင်း တွေ့ရှိရပါသည်။

အပြည်ပြည်ဆိုင်ရာ ဆီးချိုသွေးချိုအဖွဲ့ချုပ် (IDF)၏ နောက်ဆုံးစစ်တမ်းများအရ ဆီးချိုသွေးချိုရှိသူ လေးဦးထဲမှ သုံးဦးသည် ဆီးချိုရောဂါကြောင့် စိတ်ဖိစီးမှု၊ စိတ်ကျရောဂါ (သို့မဟုတ်) စိတ်ကစဉ့်ကလျားဖြစ်ခြင်းများကို ခံစားနေရသည့်အပြင် လုပ်ငန်းခွင်အတွင်းတွင် ဆီးချိုသွေးချိုရောဂါရှိသည့်အတွက် ခွဲခြားဆက်ဆံခံရခြင်း၊ အသင်းအဖွဲ့မှ ဖယ်ရှားခံရခြင်း၊ စိတ်ဖိစီးမှုများပြားခြင်းတို့ကို ကြုံတွေ့နေကြရပါသည်။

### ကျန်းမာရေးနှင့်မညီညွတ်သော လုပ်ငန်းခွင်

လုပ်ငန်းခွင်အများစု အထူးသဖြင့် ရုံးဌာနများသည် အထိုင်များသည့် လုပ်ငန်းသဘာဝရှိသည့်အတွက် ကိုယ်လက်လှုပ်ရှားမှုနည်းပါးခြင်းအပြင် ကျန်းမာရေးနှင့်ညီညွတ်သည့် အစားအသောက်များ ရွေးချယ်နိုင်မှုမရှိခြင်း၊ စိတ်ကျန်းမာရေးအတွက် ပံ့ပိုးနိုင်မှုမရှိခြင်း စသည်တို့ကြောင့် ကျန်းမာရေးနှင့်ညီညွတ်မှုအားနည်းပြီး ဆီးချိုသွေးချိုရောဂါနှင့် အခြားမကူးစက်နိုင်သောရောဂါများ ဖြစ်နိုင်ခြေမြင့်မားနေပါသည်။

### ဆီးချိုသွေးချိုရောဂါရှိသူများအတွက် စောင့်ရှောက်မှုတိုးမြှင့်နိုင်မည့် နည်းလမ်း (၁၀)

အပြည်ပြည်ဆိုင်ရာ ဆီးချိုသွေးချိုအဖွဲ့ချုပ်ကြီးက ဆီးချိုသွေးချိုရောဂါလူနာများကို ကာကွယ်ကုသစောင့်ရှောက်ပေးနိုင်မည့် အောက်ပါနည်းလမ်း (၁၀) ချက်ကို ချမှတ်ထားပါသည်-

၁။ လုပ်ငန်းခွင်တွင် ဆီးချိုသွေးချိုရောဂါကို ကုသစောင့်ရှောက်ပေးနိုင်မည့် လိုအပ်သောပစ္စည်းများကို သိမ်းဆည်းထားနိုင်မည့် လုံခြုံသော သီးသန့်နေရာတစ်ခုကို သတ်မှတ်ထားရှိခြင်း၊

၂။ ဆီးချိုသွေးချိုရောဂါရှိသူများ လိုအပ်သော ကျန်းမာရေးကိစ္စများကို ဖြေရှင်းနိုင်ရန် အစားအသောက်၊ ရေ၊ သန့်စင်ခန်းနှင့် နားနေခန်းများကို ဖြည့်ဆည်းပေးခြင်း၊

၃။ ဆီးချိုသွေးချိုရောဂါနှင့် ဆက်နွှယ်သော အရေးပေါ်အခြေအနေများကို ကုသနိုင်ရန် လေ့ကျင့်သင်ကြားပေးထားသော ဝန်ထမ်းတစ်ဦးနှင့် လိုအပ်သော အရေးပေါ်ဆေးဝါးပစ္စည်းများကို အဆင်သင့်ထားရှိပေးခြင်း၊

၄။ ဆီးချိုသွေးချိုရောဂါ ရှိသည့်အတွက် ဂုဏ်သရေညိုးနွမ်းနေရခြင်း၊ စိုးရိမ်ထိတ်လန့်နေရခြင်းတို့ ကင်းသော ပတ်ဝန်းကျင်တစ်ခုကို ဖော်ဆောင်ပေးခြင်း၊

၅။ အချိန်ပိုင်းအလုပ်လုပ်ခြင်း (သို့မဟုတ်) အလှည့်ကျအလုပ်လုပ်ခြင်း (ဥပမာ- အိမ်မှ အလုပ်လုပ်ခြင်း) ကဲ့သို့သော ဆီးချိုသွေးချို ရောဂါရှိသူများနှင့် လိုက်လျောညီထွေမှုရှိစေမည့် အလုပ်လုပ်နည်းစနစ်များကို ကျင့်သုံးခြင်း၊

၆။ ဆီးချိုသွေးချိုရောဂါရှိသည့် ဝန်ထမ်းများ၏ စိတ်ကျန်းမာရေးအထောက်အပံ့ပံ့ပိုးပေးခြင်း၊

၇။ ဆီးချိုသွေးချိုရောဂါနှင့် သင့်လျော်သည့် အစားအသောက်နှင့် သရေစာများကို လုပ်ငန်းခွင်တွင် အဆင်သင့်ရရှိနိုင်စေရန် စီစဉ်ထားခြင်း၊

၈။ လုပ်ငန်းခွင်အတွင်း ကိုယ်လက်လှုပ်ရှားမှုများကို တိုးမြှင့်လုပ်ဆောင်စေခြင်း၊

၉။ ဆီးချိုသွေးချိုရောဂါနှင့် ပတ်သက်သည့် ပညာပေးအချက်အလက်များကို အလုပ်နေရာတွင် ရရှိနိုင်အောင်ပြုလုပ်ခြင်း၊

၁၀။ လုပ်ငန်းခွင်တွင် ဆီးချိုသွေးချိုရောဂါ ရှိ၊ မရှိ စစ်ဆေးနိုင်စေရန် စီစဉ်ပေးခြင်း။

ဆီးချိုသွေးချိုရောဂါရှိသူများနှင့် ဆီးချိုသွေးချိုရောဂါ ဖြစ်နိုင်ခြေများသူများ (Prediabetes) အတွက် အန္တရာယ်ကင်းပြီး ပံ့ပိုးမှုအပြည့်ရှိသည့် ကျန်းမာရေးနှင့်ညီညွတ်သော လုပ်ငန်းခွင်ပတ်ဝန်းကျင်ကောင်းများ ပိုမိုပေါ်ထွန်းလာစေရန်အတွက် ဖန်တီးလုပ်ဆောင်ပေးရန် လိုအပ်လျက်ရှိပါသည်။ သို့မှသာ လုပ်ငန်းခွင်အတွင်းတွင် ဆီးချိုသွေးချိုရောဂါအကြောင်း ပိုမိုသိရှိကြပြီး "လုပ်ငန်းခွင်စွမ်းဆောင်ရည်မြင့်မားဖို့ ဆီးချိုကာကွယ်ထိန်းသိမ်းရေးလုပ်ငန်းများ အရှိန်မြှင့်စို့" ဆောင်ပုဒ်နှင့်အညီ အားလုံးကြိုးပမ်းကြရမည် ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

# ပညာရည်ဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အထားအခြေပြု သုတေသနတွေ့ရှိချက်များဆိုင်ရာဆွေးနွေးပွဲကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၁၁**

ပညာရည်ဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အထားအခြေပြု သုတေသနတွေ့ရှိချက်များဆိုင်ရာ ဆွေးနွေးပွဲကို ယမန်နေ့က နေပြည်တော် ပညာရေးဝန်ကြီးဌာန ရုံးအမှတ်(၁၃) အစည်းအဝေးခန်းမ၌ ကျင်းပသည်။



ဆွေးနွေးပွဲသို့ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်၊ ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်၊ ပညာရေးဝန်ကြီးဌာန ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ Naypyitaw State Academy ပါမောက္ခချုပ်၊ ဒုတိယအမြဲတမ်းအတွင်းဝန်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ Naypyitaw State Academy ဒုတိယပါမောက္ခချုပ်၊ ညွှန်ကြားရေးမှူးများ၊ ရန်ကုန်တက္ကသိုလ်နှင့် ရန်ကုန်စီးပွားရေးတက္ကသိုလ်မှ ပါမောက္ခ(ဌာနမှူးများ)၊ ကျောင်းအုပ်ကြီးများ၊ ခရိုင်/မြို့နယ် ပညာရေးမှူးများ၊ ဆရာ ဆရာမများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ပညာရည်ဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အထားအခြေပြု သုတေသနတွေ့ရှိချက်များ များစွာလိုအပ်ပါကြောင်း၊ ယနေ့အလုပ်ရုံဆွေးနွေးပွဲတွင် ဦးစီးဌာနအသီးသီးမှ အရာထမ်းများက သုတေသနအခြေပြုဆုံးဖြတ်ချက်များ၏ အရေးပါမှုများကို သိရှိနားလည်ပြီး ပိုမိုမြင့်တင်ဆောင်ရွက်ရန်နှင့် ဌာနဆိုင်ရာမူဝါဒလုပ်ငန်းစဉ်များတွင် သုတေသနတွေ့ရှိချက်များကို ထဲထဲဝင်ဝင် အသုံးပြုဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ယနေ့ အလုပ်ရုံဆွေးနွေးပွဲမှတစ်ဆင့် ဌာနများအကြား ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုအားကောင်းလာစေပြီး မိမိတွေ့ရှိချက်များကို အခြားဦးစီးဌာနများမှ တွေ့ရှိချက်များနှင့် မျှဝေနိုင်သည်ဖြစ်၍ အကြံပြုချက်များ များစွာရရှိနိုင်မည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် လေ့လာဆန်းစစ်အကဲဖြတ်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးက စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေးတွဲဖက်သင်ကြားနေသည့် အခြေခံပညာကျောင်းများတွင် စက်မှုနည်းပညာ၊ စိုက်ပျိုးရေးအတတ်ပညာနှင့် မွေးမြူရေးအတတ်ပညာ ဘာသာရပ်များကို သင်ယူနေသောကျောင်းသား ကျောင်းသူများ၏ သင်ကြားသင်ယူမှုအပေါ် သဘောထားအမြင် သုတေသနရလဒ်အပေါ် ဆွေးနွေးခြင်း ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ပညာရေးသုတေသန၊ စီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးက အခြေခံပညာအထက်တန်းအဆင့် သင်ရိုးသစ် အကောင်အထည်ဖော်မှုအခြေအနေကို ဆန်းစစ်လေ့လာသည့် သုတေသနရလဒ်အပေါ် ဆွေးနွေးခြင်း ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ပညာရေးသုတေသန၊ စီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးက အခြေခံပညာကျောင်းများရှိ ကျောင်းသားများ၏ တန်းစဉ်ကူးပြောင်းနှုန်း (Transition Rate) လျော့နည်းရသည့် အကြောင်းရင်းကို လေ့လာဆန်းစစ်သည့် သုတေသနရလဒ်အပေါ် ဆွေးနွေးခြင်း ခေါင်းစဉ်ဖြင့် လည်းကောင်း ဆွေးနွေးပြောကြားကြရာ တက်ရောက်လာသူများက သိလိုသည်များ မေးမြန်းပြီး ဆွေးနွေးမှုများဆောင်ရွက်ကြသည်။

ထို့နောက် ပညာရေးသုတေသန၊ စီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာဇော်လတ်ထွန်းက နိဂုံးချုပ်အမှာစကားပြောကြားပြီး ဆွေးနွေးပွဲအခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## လားရှိုးမြို့၌ သစ်တောထိန်းသိမ်းရေး၊ တောမီးကာကွယ်ရေးနှင့် မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ ပြည်နယ်အဆင့်အသိပညာပေးဟောပြောပွဲကျင်းပ

**လားရှိုး နိုဝင်ဘာ ၁၁**

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့၌ သစ်တောဦးစီးဌာနမှ ကြီးမှူး၍ ပြည်နယ်အဆင့် သစ်တောထိန်းသိမ်းရေး၊ တောမီးကာကွယ်ရေးနှင့် မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ အသိပညာပေး ဟောပြောပွဲကို ယနေ့မွန်းလွဲပိုင်းက ပြည်နယ်သစ်တောဝင်းအတွင်းရှိ ချယ်ရီရိပ်သာရှင်းလင်းဆောင်ခန်းမ၌ ကျင်းပရာ ပြည်နယ်အစိုးရအုပ်ချုပ်ရေးအဖွဲ့ခွဲ (ရှမ်းမြောက်) အဖွဲ့ဝင် ဦးစိုင်းဝင်းနောင်က အမှာစကားပြောကြားသည်။



ထို့နောက် ရှမ်းပြည်နယ်(မြောက်ပိုင်း) သစ်တောဦးစီးဌာနမှ တွဲဖက်ပြည်နယ်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးစိုးမိုးက သစ်တောထိန်းသိမ်းရေး၊ တောမီးကာကွယ်ရေးနှင့် မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ သိကောင်းစရာများကို ဆွေးနွေးဟောပြောခဲ့ရာ တက်ရောက်လာသူများက သိရှိလိုသည်များအား မေးမြန်းဆွေးနွေးပြီး ကျောင်းသား ကျောင်းသူများအား ကျောင်းအသုံးအဆောင်ပစ္စည်းများ ချီးမြှင့်ပေးအပ်သည်။

ဟောပြောပွဲသို့ ပြည်နယ်အစိုးရအုပ်ချုပ်ရေး အဖွဲ့ခွဲ (ရှမ်းမြောက်) အဖွဲ့ဝင်များ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့ပေါ်ရပ်ကွက် ၁၂ ရပ်ကွက်မှ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ ဒေသခံပြည်သူများနှင့် သစ်တောဦးစီးဌာနမှ ဝန်ထမ်းများ တက်ရောက်ခဲ့သည်။

**ခရိုင် (ပြန်/ဆက်)**

## မိုင်းရှူးမြို့၌ (၁၀၅)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ် ဟောပြော

**မိုင်းရှူး နိုဝင်ဘာ ၁၁**

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းရှူးမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ယနေ့ မွန်းလွဲပိုင်းက (၁၀၅) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ် ဟောပြောပွဲနှင့် သချာ်ဉာဏ်စမ်းပြိုင်ပွဲ ဆောင်ရွက်သည်။

ဦးစွာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ဥမ္မာထွေးက အမျိုးသားအောင်ပွဲနေ့ ဖြစ်ပေါ်လာပုံအကြောင်းနှင့်ပြိုင်ပွဲ၏ စည်းမျဉ်းစည်းကမ်းများအကြောင်း ပြောကြားနောက် ကျောင်းသား ကျောင်းသူများက သချာ်ဉာဏ်စမ်းပြိုင်ပွဲ ဆက်လက်ယှဉ်ပြိုင်ခဲ့ကြသည်။

**သန်းလှူ(ပြန်/ဆက်)**

**ကြီးမြန်သစ်ပင် စိုက်ပျိုးလျှင်၊ စွမ်းအင်လည်းရ၊ ပြည်လည်းလှ။**

## ၂၀၂၅ ခုနှစ် နိုဝင်ဘာလ ဒုတိယ (၁၀) ရက်ပတ်အတွက် စိုက်ပျိုးရေးမိုးလေဝသခန့်မှန်းချက်

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် လေဖိအားနည်းရပ်ဝန်းတစ်ကြိမ် ဖြစ်ပေါ်နိုင်ပါသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်ပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနိုင်ပါသည်။

**မိုးရွာသွန်းနိုင်မှုအခြေအနေ**

ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး အရှေ့ပိုင်းနှင့် တောင်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် ရွာသွန်းမြဲအောက်လျော့နည်းနိုင်ကာ နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီးအနောက်ပိုင်းနှင့် ရှမ်းပြည်နယ်(တောင်ပိုင်းနှင့်အရှေ့ပိုင်း)တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်ပါသည်။

**အမြင့်ဆုံးအပူချိန် အခြေအနေ**

ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့တွင် ၆၈ ဒီဂရီဖာရင်ဟိုက်မှ ၇၆ ဒီဂရီဖာရင်ဟိုက်အတွင်း၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ် (အရှေ့ပိုင်းနှင့် မြောက်ပိုင်း) တို့တွင် ၇၇ ဒီဂရီဖာရင်ဟိုက်မှ ၈၆ ဒီဂရီ ဖာရင်ဟိုက်အတွင်းနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသ ကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ၈၇ ဒီဂရီဖာရင်ဟိုက်မှ ၉၆ ဒီဂရီဖာရင်ဟိုက်အတွင်း အသီးသီးရှိနိုင်ပါသည်။

**အနိမ့်ဆုံးအပူချိန်အခြေအနေ**

ချင်းပြည်နယ်တွင် ၅၁ ဒီဂရီဖာရင်ဟိုက်ခန့်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ၆၀ ဒီဂရီဖာရင်ဟိုက်မှ ၆၉ ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၇၀ ဒီဂရီဖာရင်ဟိုက်မှ ၇၉ ဒီဂရီဖာရင်ဟိုက်အတွင်း အသီးသီးရှိနိုင်ပါသည်။

**လေထုစိုထိုင်းဆအခြေအနေ**

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် ၇၁ ရာခိုင်နှုန်းမှ ၈၂ ရာခိုင်နှုန်းအတွင်းနှင့် ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ၈၃ ရာခိုင်နှုန်းမှ ၉၄ ရာခိုင်နှုန်းအတွင်း အသီးသီးရှိနိုင်ပါသည်။

**ပင်ငွေ့ရေငွေ့ပြန်နှုန်းအခြေအနေ**

ပဲခူးတိုင်းဒေသကြီးတောင်ပိုင်း၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ၁၆ မီလီမီတာမှ ၂၆ မီလီမီတာအတွင်း၊ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး အရှေ့ပိုင်းနှင့်အနောက်ပိုင်း မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ၂၇ မီလီမီတာမှ ၃၆ မီလီမီတာအတွင်း အသီးသီးရှိနိုင်ပါသည်။

**မြေဆီလွှာအောင်းရေအခြေအနေ**

မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် (ခြောက်သွေ့) အခြေအနေ၊ နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီး အရှေ့ပိုင်းနှင့်အနောက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် (စိုစွတ်)အခြေအနေနှင့် ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးတောင်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့်တောင်ပိုင်း)တို့တွင် (ပြည့်ဝ)အခြေအနေအသီးသီးရှိနိုင်ပါသည်။

**မိုး/ဇလ**

# ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် အိန္ဒိယသမ္မတနိုင်ငံ NISG မှ နည်းပညာဆိုင်ရာကျွမ်းကျင် ပညာရှင်များအား လက်ခံတွေ့ဆုံ

**နေပြည်တော် နိုဝင်ဘာ ၁၁**
လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်သည် အိန္ဒိယသမ္မတနိုင်ငံ National Institute for Smart Government (NISG) မှ Advisor Technology & Consulting Mr. Sanjeev Bhatia နှင့် အဖွဲ့အား ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာနအစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။**(ယာပုံ)**

တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ Digital Identity အတွက် ရှေ့ပြေးစီမံကိန်း ပူးပေါင်းဆောင်ရွက်ခြင်းဆိုင်ရာ နားလည်မှုစာချွန်လွှာ(MoU)အရ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် အိန္ဒိယသမ္မတ နိုင်ငံအစိုးရတို့အကြား ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းအခြေအနေများ၊ အိန္ဒိယနိုင်ငံ၏ နည်းပညာဆိုင်ရာအတွေ့အကြုံကောင်းများ ပံ့ပိုးကူညီဆောင်ရွက်ပေးမှုအပေါ် ကျေးဇူးတင်ရှိမှု၊ မြန်မာနိုင်ငံ၌ လက်ရှိဆောင်ရွက်နေသည့် e-ID စနစ်နှင့် အိန္ဒိယနိုင်ငံ၌ဆောင်ရွက်နေသည့် MOSIP Platform တို့ပေါင်းစပ်အသုံးပြုကာ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ ထိရောက်စွာဆောင်ရွက်နိုင်ရေး အခြေအနေ၊ မြန်မာနိုင်ငံ၏ e-ID စနစ်သည် နိုင်ငံတော်အစိုးရမှ ဆောင်ရွက်နေသည့် e-Government စနစ်၏ အခြေခံအကျဆုံးဖြစ်သည့် ရှေ့ပြေးစီမံကိန်းလုပ်ငန်းများအောင်မြင်ရေး ဆက်လက်ပူးပေါင်းကူညီဆောင်ရွက်နိုင်ရေး အခြေအနေများနှင့်စပ်လျဉ်း၍ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြကြောင်းနှင့် ယခုရောက်ရှိနေသည့် အိန္ဒိယသမ္မတနိုင်ငံ NISG မှ နည်းပညာဆိုင်ရာ ကျွမ်းကျင်ပညာရှင်အဖွဲ့သည် MoU အရ မြန်မာနိုင်ငံ၏ Digital ID ရှေ့ပြေးစီမံကိန်း ပူးပေါင်းဆောင်ရွက်မှုအဖြစ် နိုဝင်ဘာ ၁၁ ရက်မှ ၁၉ ရက်အထိ နည်းပညာဆိုင်ရာလိုအပ်သည့် စမ်းသပ်ချိတ်ဆက်မှုများကို ဝန်ကြီးဌာနမှ နည်းပညာဆိုင်ရာအရာရှိများနှင့်ပူးပေါင်းကာ အတွေ့အကြုံဖလှယ်ဆောင်ရွက်သွားမည်ဖြစ်သည်။



တွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီးနှင့်အတူ ဒုတိယဝန်ကြီး ဦးဌေးလှိုင်၊ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

# ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးနှင့် မဲဆန္ဒရှင်စာရင်းမှန်ကန်စေရေး အစည်းအဝေးကျင်းပ

**မုံရွာ နိုဝင်ဘာ ၁၁**
၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးနှင့် မဲဆန္ဒရှင်စာရင်းမှန်ကန်စေရေး အစည်းအဝေး (၄/၂၀၂၅)ကို ယနေ့နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။**(အောက်ပုံ)**



အစည်းအဝေးသို့ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ကန့်ဘလူခရိုင်၊ မုံရွာခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌနှင့် ခရိုင်၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များတက်ရောက်ကြပြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ကလေး၊ ကသာ၊ ကောလင်း၊ ခန္တီး၊ စစ်ကိုင်း၊ ရွှေဘို၊ ရေဦး၊ မော်လိုက်၊ ဟုမ္မလင်းခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌများနှင့် ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များက အွန်လိုင်းမှ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေး၊ မဲဆန္ဒရှင်စာရင်းများ မှန်ကန်စေရေး ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြစေလိုကြောင်း အမှာစကား ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌနှင့် တိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ဦးစီးမှူးတို့က ရွေးကောက်ပွဲဆိုင်ရာ အချက်အလက်များနှင့် မဲဆန္ဒနယ်သတ်မှတ်ခြင်း၊ မဲစာရင်းမှန်ကန်မှုရှိစေရေးဆောင်ရွက်နေမှု၊ MEVM စက်များ ဖြန့်ဝေထားရှိမှုတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ယင်းနောက်တက်ရောက်လာသူများက မိမိတို့ ခရိုင်၊ မြို့နယ်များအတွင်း ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးနှင့် မဲဆန္ဒရှင်စာရင်း မှန်ကန်မှုရှိစေရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြကြပြီး တိုင်းဒေသကြီးဝန်ကြီးများက ဌာနများအလိုက် ပူးပေါင်းဆောင်ရွက်မည့် လုပ်ငန်းအခြေအနေများကို ဖြည့်စွက်ဆွေးနွေးတင်ပြကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

**တိုင်းဒေသကြီး (ပြန်/ဆက်)**

# ကယားပြည်နယ်ဝန်ကြီးချုပ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်မှု ကြည့်ရှုစစ်ဆေး

**လွိုင်ကော် နိုဝင်ဘာ ၁၁**
ကယားပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ယမန်နေ့နံနက်ပိုင်းတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်သည် ပြည်နယ်ဝန်ကြီးများ နှင့်အတူ ပြည်နယ်လမ်းဦးစီးဌာန၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ် ဝန်ထမ်းများနှင့် တွေ့ဆုံ၍ လုပ်ငန်းများအကောင်အထည်ဖော် ဆောင်ရွက်မှုနှင့် ရုံးအတွင်း တည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့်အခြေအနေများကိုလှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်နယ်လမ်းဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြည်နယ်လမ်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ) ဦးကျော်ဝင်းမြင့်က ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများ၊ ခရိုင်၊ မြို့နယ် ဌာနတာဝန်ရှိသူများက လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြရာ ပြည်နယ်ဝန်ကြီးချုပ်က လုပ်ငန်းများ သတ်မှတ်အရည်အသွေး ပြည့်မီစွာဖြင့် သတ်မှတ်ကာလ ပြီးစီးရေး ဆောင်ရွက်ရန်၊ တည်ဆောက်ရေးလုပ်ငန်းများ အရည်အသွေးစစ်ဆေးခြင်းကို အလေးထား စစ်ဆေးဆောင်ရွက်ရန်၊ ပွင့်လင်းရာသီတွင် မြို့တွင်းမြို့ပြင်လမ်းများ သာယာလှပရေး၊ အမြင်တင့်တယ်သပ်ရပ်ရေး အတွက် ဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ပြည်နယ်လမ်းဦးစီးဌာနရုံးအတွင်းရှိ ဝန်ထမ်းအိမ်ရာများ၊ ဧည့်ရိပ်သာများ တည်ဆောက်ပြီးစီးမှု အခြေအနေများနှင့် ရုံးဝင်းအတွင်း ပြည်နယ် ငွေလုံးငွေရင်းရန်ပုံငွေဖြင့် လက်ထောက် ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး (၆၄ x ၄၃) ပေ နှစ်ထပ်



သံကူကွန်ကရစ် အဆောက်အအုံ တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးကာ လုပ်ငန်းများ သတ်မှတ်အရည်အသွေး ပြည့်မီစွာဖြင့် သတ်မှတ်ကာလ ပြီးစီးအောင် အလေးထားဆောင်ရွက်ရန် တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

❑ *ကျောဖုံးမှ*

တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူတို့က သက်ဆိုင်ရာနိုင်ငံများမှ တာဝန်ရှိသူများထံသို့ ပြည်နှင်လွှဲပြောင်းလက်ခံရေးဆိုင်ရာ အထောက်အထား စာရွက်စာတမ်းများကို စနစ်တကျ လွှဲပြောင်းပေးအပ်သည်။

ထို့အတူ မြဝတီမြို့-မဲ့ထော်သလေး(KK Park) နယ်မြေသို့ တရားမဝင်လမ်းကြောင်းများမှတစ်ဆင့် ဝင်ရောက်ခဲ့ကြသည့် အိန္ဒိယနိုင်ငံသား ၄၀၊ နီပေါနိုင်ငံသား ၁၂ ဦးနှင့် တောင်ကိုရီးယားနိုင်ငံသား တစ်ဦး၊ စုစုပေါင်း ပြည်ပနိုင်ငံသား ၅၃ ဦးကို ယနေ့တွင် ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ပြီး ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ နိုဝင်ဘာ ၁၁ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၀၈၁၅ ဦး စစ်ဆေးဖော်ထုတ် ထိန်းသိမ်းနိုင်ခဲ့ကာ ၉၅၃၆ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၁၂၇၉ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေး အိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြည်နှင်လွှဲပြောင်းပေးနိုင်ရေး ထိရောက်စွာ ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၌ ကျင်းပသည့် (၁၃)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ အားကစားဖိုရမ် တက်ရောက်

**နေပြည်တော် နိုဝင်ဘာ ၁၁**

မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဥက္ကဋ္ဌ၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ လူငယ်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဇော်စိုးနှင့်အတူ နိုဝင်ဘာ ၅ ရက်မှ ၇ ရက်အထိ ရုရှားဖက်ဒရေးရှင်းနိုင်ငံ Samara မြို့၌ ကျင်းပသည့် (၁၃)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာအားကစားဖိုရမ်သို့ တက်ရောက်ခဲ့သည်။



ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် နိုဝင်ဘာ ၅ ရက် ညနေပိုင်းတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ Samara မြို့၌ ကျင်းပခဲ့သည့် First Asian Cooperation Dialouge Ministerial Meeting on Sports သို့ တက်ရောက်ခဲ့ပြီး "ရုရှားနိုင်ငံဆိုင်ရာ အားကစားဖိုရမ်" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ "အမျိုးသား အားကစား၏ အနာဂတ်-ရိုးရာဓလေ့ကို ပြန်လည်ထုတ်ဖော်ပြသခြင်း" ဟူသော ခေါင်းစဉ်ဖြင့်လည်းကောင်း၊ "လူထုအားကစားတွင် ကမ္ဘာလုံးဆိုင်ရာ လမ်းကြောင်းများမှတစ်ဆင့် နိုင်ငံတကာ အားကစားစီမံကိန်းများအထိ" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ "ဘောလုံး၏ အနာဂတ်: ၂၀၃၀ ပြည့်နှစ်တွင် ရုရှားပရီမီယာလိဂ်အတွက် မဟာဗျူဟာလမ်းညွှန်ချက်များ" ခေါင်းစဉ်ဖြင့်လည်းကောင်း နိုင်ငံပေါင်း ၁၆ နိုင်ငံမှ ကိုယ်စားလှယ်များက တက်ရောက်ဆွေးနွေးခဲ့သည်။

နိုဝင်ဘာ ၅ ရက် နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ရုရှားနိုင်ငံ အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး Alexander Nikitin နှင့် တွေ့ဆုံခဲ့ပြီး မြန်မာ့အားကစား အောင်မြင်ရေးအတွက် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနနှင့် ရုရှားနိုင်ငံ အားကစားဝန်ကြီးဌာနတို့အကြား လက်မှတ်ရေးထိုးထားသည့် ရုပ်ပိုင်းဆိုင်ရာ ယဉ်ကျေးမှုနှင့် အားကစားကဏ္ဍပူးပေါင်းဆောင်ရွက်ခြင်းဆိုင်ရာ စာချွန်လွှာနှင့်ပတ်သက်၍လည်းကောင်း၊ မွန်းလွဲပိုင်းတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ Samara မြို့တော်ဝန်နှင့် တွေ့ဆုံခဲ့၍ မြန်မာ့အားကစားအဆင့်အတန်း တိုးတက်မြင့်မားရေးနှင့် မြန်မာ့အားကစားဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးခဲ့သည်။

ညနေပိုင်းတွင် ဘယ်လာရုစ်နိုင်ငံ အားကစားဝန်ကြီး Siarhei Kavalchuk နှင့် တွေ့ဆုံခဲ့ပြီး လာမည့် ၂၀၂၆ ခုနှစ်မှစတင်၍ MoU နှစ်နိုင်ငံနားလည်မှု စာချွန်လွှာအရ ဘယ်လာရုစ်နိုင်ငံမှ ပြေးခုန်ပစ်၊ သေနတ်ပစ်၊ ကနူးကယက်လှေ၊ အနောက်တိုင်းလှေ၊ ဆာလော်လွှမ်လှေနည်းပြများ မြန်မာနိုင်ငံသို့ စေလွှတ်ပေးနိုင်ရေးကိစ္စရပ်များကိုလည်းကောင်း၊ ကာဇက်စတန်နိုင်ငံ ခရီးသွားလာရေးနှင့်အားကစားဝန်ကြီးဌာနဝန်ကြီး Yerbol Myrzabosynov နှင့် တွေ့ဆုံ၍ လက်ဝှေ့အားကစားနည်းနှင့် နပန်းအားကစားနည်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် နည်းပြများရရှိစေရေးကို ကူညီဆောင်ရွက်ပေးရန် အပြန်အလှန် ဆွေးနွေးညှိနှိုင်းခဲ့သည်။

ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် နိုဝင်ဘာ ၆ ရက် ညနေပိုင်းတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ Samara မြို့၌ ကျင်းပသည့် XIII International Sports Forum "Russia: Country of Sports, Plenary Session " (၁၃)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ အားကစားဖိုရမ်သို့ တက်ရောက်ခဲ့ပြီး အာရှပူးပေါင်းဆောင်ရွက်ရေး (ACD) အဖွဲ့ဝင်နိုင်ငံများမှ အားကစားဝန်ကြီးများနှင့် အားကစားဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများက "အားကစားမြှင့်တင်ရေးအစဉ်အလာမှ ဆန်းသစ်တီထွင်မှုသို့ – ACD နိုင်ငံများရှိအားကစား၏ အနာဂတ်" ဆောင်ပုဒ်ဖြင့် ACD အဖွဲ့ဝင်နိုင်ငံများအကြား အားကစားဖွံ့ဖြိုးတိုးတက်ရေး၊ နည်းပညာသုံးစွဲမှုနှင့် လူငယ်အားကစားသမားများကို အားပေးမြှင့်တင်ရေးလုပ်ငန်းစဉ်များကို ပူးပေါင်းဆောင်ရွက်ရေး၊ အားကစားကဏ္ဍတွင် နိုင်ငံတကာဆိုင်ရာ ဆန်းသစ်တီထွင်မှုများကို လက်တွေ့အသုံးချနိုင်ရေးနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် Palace of Sports ပြတိုက်သို့ သွားရောက်လေ့လာခဲ့ပြီး ပြတိုက်အတွင်းရှိ အားကစားပစ္စည်းနှင့် အဆောက်အအုံများကို လေ့လာသုံးသပ်ကာ အားကစားဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြိုင်ပွဲစီမံခန့်ခွဲမှုတွင် အသုံးချနိုင်သည့် နည်းလမ်းများကိုလည်းကောင်း၊ အားကစားသမားများ၏ လေ့ကျင့်မှု၊ လုံခြုံရေးနှင့် နည်းပညာအသုံးချမှုဆိုင်ရာ အကောင်းဆုံးနည်းဗျူဟာများကို စူးစမ်းလေ့လာပြီး လိုအပ်သည့် အကြံဉာဏ်များကိုလည်းကောင်း ဆွေးနွေးသုံးသပ်မှုများပြုလုပ်ခဲ့ပြီး Samara မြို့ရှိ Vysotsky အားကစားနန်းတော်၌ ရုရှားဖက်ဒရေးရှင်းနိုင်ငံ အားကစားဝန်ကြီးဦးဆောင်၍ "အနာဂတ်အတွက် အားကစား အတူတကွအနိုင်ရရှိခြင်း" မျက်နှာစုံညီအစည်းအဝေးသို့ တက်ရောက်၍ အားကစားကဏ္ဍတွင် နိုင်ငံအဆင့်ပူးပေါင်းဆောင်ရွက်မှု၊ လူငယ်အားကစားသမားများ တိုးတက်စွမ်းဆောင်နိုင်ရေးနှင့် နည်းပညာအသုံးချမှုများ ထိရောက်စွာ လုပ်ဆောင်နိုင်ရေးအတွက် အကြံဉာဏ်များကို ဖော်ပြသုံးသပ်ဆွေးနွေးခဲ့ကာ မြန်မာနိုင်ငံရှိ လူငယ်များနှင့် လက်ရွေးစင်အားကစားသမားများအနေဖြင့် အားကစားကဏ္ဍအလိုက် လေ့ကျင့်နေမှုအခြေအနေများ၊ (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေး အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများ၊ ရုရှား-မြန်မာ အားကစားနှင့်လူငယ်ကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုအခြေအနေများကို နိုင်ငံပေါင်း ၅၁ နိုင်ငံမှ ကိုယ်စားလှယ်များနှင့် အပြန်အလှန် ဆွေးနွေးခဲ့သည်။

ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် နိုဝင်ဘာ ၇ ရက် မွန်းလွဲပိုင်းတွင် Samara မြို့၌ ကျင်းပခဲ့သည့် Memorial Parade စစ်ရေးပြအခမ်းအနားကို တက်ရောက်ခဲ့ပြီး နိုဝင်ဘာ ၈ ရက်တွင် Samara မြို့မှ မော်စကိုမြို့၊ မော်စကိုမြို့မှ ဒူဘိုင်းမြို့၊ ဒူဘိုင်းမြို့မှ ဗန်ကောက်မြို့၊ ဗန်ကောက်မြို့မှ ရန်ကုန်မြို့သို့ လေယာဉ်ခရီးစဉ်ဖြင့် ပြန်လည်ထွက်ခွာရာ နိုဝင်ဘာ ၉ ရက် ညပိုင်းတွင် ရန်ကုန်မြို့သို့ပြန်လည်ရောက်ရှိခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



## သနပ်ပင်မြို့နယ်၌ သမဝါယမအသင်း မိုးစပါး စံပြကွက်ရိတ်သိမ်း

**သနပ်ပင် နိုဝင်ဘာ ၁၁**

ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့နယ်အတွင်းရှိ သမဝါယမကဏ္ဍမှ နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် ဆောင်ရွက်ထားသော ကမာဖရံကျေးရွာ ဒိုင်းမွန်းစိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်း သမဝါယမအသင်း၏ အသင်းသားတောင်သူ ဦးစိုးမင်း၏လယ်တွင် မိုးစပါး (အောင်နိုင်တိုး) စံပြကွက် ဧက ၂၀ ရိတ်သိမ်းနေမှုကို သနပ်ပင်မြို့နယ် စိုက်ပျိုးကြီးကြပ်ရေးအဖွဲ့နှင့်တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ တစ်ဧကလျှင် စပါးတင်း ၁၁၀ နှုန်း ထွက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

## ပြည်တက္ကသိုလ်တည်ထောင်ခြင်း (၂၆)နှစ်မြောက် အထိမ်းအမှတ် သုတေသနညီလာခံ(၂၀၂၅) "သမိုင်း၊ ယဉ်ကျေးမှု၊ လူ့အဖွဲ့အစည်းနှင့် ရေရှည်တည်တံ့ဖွံ့ဖြိုးရေးဆိုင်ရာ ဘက်စုံအမြင်" အခမ်းအနားကျင်းပ

**ပြည် နိုဝင်ဘာ ၁၁**

ပဲခူးတိုင်းဒေသကြီး ပြည်မြို့ရှိပြည်တက္ကသိုလ်၏ (၂၆)နှစ်မြောက် အထိမ်းအမှတ် သုတေသနညီလာခံ(၂၀၂၅) "သမိုင်း၊ ယဉ်ကျေးမှု၊ လူ့အဖွဲ့အစည်းနှင့် ရေရှည်တည်တံ့ဖွံ့ဖြိုးရေးဆိုင်ရာ ဘက်စုံအမြင်" အခမ်းအနားကို သုတေသနစာတမ်းဖတ်ပွဲများ၊ ပိုစတာပြိုင်ပွဲများ၊ အရောင်းပြခန်းများ၊ အနုပညာဖျော်ဖြေပွဲများနှင့် အမှတ်တရညစာစားပွဲတို့ဖြင့် ယမန်နေ့နံနက်ပိုင်းကစ၍ နိုဝင်ဘာ ၁၁ ရက်အထိ နှစ်ရက်ကြာ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။



ဦးစွာ ယင်းတက္ကသိုလ်ဘက်စုံသုံးခန်းမရှေ့၌ ပြည်ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသိန်းအောင်၊ ပြည်တက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာခင်မောင်ဇော်နှင့် တာဝန်ရှိသူများက အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် အခမ်းအနားကို ဘက်စုံသုံးခန်းမ၌ကျင်းပရာ ဦးစွာ ပြည်တက္ကသိုလ် အနုပညာဌာနနှင့် ဘာသာရပ်ပေါင်းစုံမှ ကျောင်းသားကျောင်းသူလေးများက မြကျွန်းညိုညိုတေးသီချင်းနှင့် ပျူယဉ်ကျေးမှု အကအလှအပါအဝင် အဖွဲ့လိုက်အဆိုအကများဖြင့် ကပြသီဆိုဖျော်ဖြေခဲ့ကြပြီး ပြည်တက္ကသိုလ်ပါမောက္ခချုပ်က ပြည်တက္ကသိုလ်တည်ထောင်ခြင်း (၂၆)နှစ်မြောက် အထိမ်းအမှတ် အမှာစကားနှင့် မုဒိတာစကား ပြောကြားသည်။

ဆက်လက်၍ ပြည်တက္ကသိုလ်သုတေသနညီလာခံ(၂၀၂၅)ကို ယင်းတက္ကသိုလ် ဝိဇ္ဇာ/သိပ္ပံဆောင်များ၌ကျင်းပရာ သက်ဆိုင်ရာဘာသာရပ်အလိုက် ဆရာ၊ ဆရာမများ၏ သုတေသနစာတမ်းများဖတ်ကြားမှုအား ပြင်ပပညာရှင်များက အကဲဖြတ်အမှတ်ပေးကြပြီး အဆိုပါစာတမ်းဖတ်ပွဲတွင် ဝိဇ္ဇာဘာသာရပ်ဆိုင်ရာ သုတေသနစာတမ်း ၃၃ စောင်နှင့် သိပ္ပံဘာသာရပ်ဆိုင်ရာ ၄၇ စောင် စုစုပေါင်း သုတေသနစာတမ်း အစောင် ၈၀ ကို ဖတ်ကြားတင်သွင်းနိုင်ခဲ့သည်။ **ကိုဆက်(ပြန်/ဆက်)**



## ရွှေသောင်ယံမြို့၌ ကျန်းမာရေးအသိပညာပေးဟောပြော

**ရွှေသောင်ယံ နိုဝင်ဘာ ၁၁**

ဧရာဝတီတိုင်းဒေသကြီး ရွှေသောင်ယံမြို့ အမှတ်(၃)ရပ်ကွက်၌ ယနေ့မွန်းလွဲပိုင်းက ကျေးလက်ကျန်းမာရေးဌာနခွဲမှ ဆရာမများက ကျန်းမာရေး အသိပညာပေးဟောပြောပွဲနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဆောင်ရွက်ပေးသည်။

အဆိုပါ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် အမှတ်(၃) ရပ်ကွက်ရှိ အိမ်ထောင်စုများအား စာရင်းကောက်ယူခြင်း၊ ဆရာမ ဒေါ်မို့မို့ဝင်းက ကျန်းမာရေးအသိပညာပေးဟောပြောခြင်း၊ ငှက်ဖျားပိုး ရှိ မရှိ သွေးဖောက်စစ်ဆေးပေးခြင်း၊ ဆေးစိမ်ခြင်ထောင်များ ဖြန့်ဝေပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့သည့်အပြင် ဒေသခံများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့သည်။ **ရွှေသောင်ယံ(ပြန်/ဆက်)**

# ကန္တာရ ကျောက်တောင်များပင် စိမ်းလန်းသော အိုအေစစ် ဖြစ်လာနိုင်ကြလျှင် . . .

ခင်ရတနာ

တရုတ်နိုင်ငံ ယူနန်ပြည်နယ် Wenshan ခရိုင် Xichou မြို့နယ် Sansuang ဒေသဆိုတာ တစ်ခါတုန်းက သစ်ပင်မရှိတဲ့ ကန္တာရကျောက်တောင်တွေနဲ့ ရေကမလုံလောက်၊ စိုက်ပျိုးရေးလုပ်ဖို့ မလွယ်ကူတဲ့ နေရာတစ်ခုဖြစ်ပါတယ်။ အဲဒီအချိန်မှာ လူတွေဘဝက ခက်ခဲပင်ပန်းခဲ့ပြီး ဆင်းရဲမှုနဲ့အတူ အနာဂတ်လည်း မျှော်မှန်းရခက်ခဲခဲ့ပါတယ်။ ဒါပေမယ့် Rocky Desert လို့ခေါ်တဲ့ ကန္တာရကျောက်တောင်တွေဟာ အခုအချိန်မှာ စိမ်းလန်းတဲ့ အိုအေစစ်ဒေသအဖြစ် တိုးတက်ပြောင်းလဲလာခဲ့ပြီ ဖြစ်ပါတယ်။

**“ကျွန်တော်တို့မိသားစုက တောင်ပေါ်မှာကြီးပြင်းနေထိုင်ခဲ့တယ်။ အိမ်ထောင်စု ၁၀ စု ရှိပြီး လယ်မြေတွေက တောင်ထိပ်နဲ့ တောင်စောင်းပေါ်မှာပဲ ရှိတယ်။ နေရာကနေ လယ်ကွင်းဆီသွားဖို့ နာရီ ၂ နာရီ လောက်ကြာတာပဲ။ ဒါ့အပြင် မြေပြိုမှုနဲ့ ဆင်းရဲမှုကြောင့် အလုပ်မရှိ၊ ဝင်ငွေက နည်းပါးတယ်။ကလေးတွေ စာသင်ခန်းမရှိဘူး၊ ရှိရင်လည်း အဝေးကြီးသွားတက်ခဲ့ရတာ။ ဘဝက လုံးဝခက်ခဲခဲ့တယ်”**လို့ တောင်ပေါ်သား Su Wenfa က ဆိုပါတယ်။

### စီမံကိန်းမှာ တက်ကြွစွာပါဝင်လာ

ဒါပေမယ့် Xichou ခရိုင်ရဲ့ ပါတီကော်မတီနဲ့ အစိုးရက ရွာပြောင်းရွှေ့ပေးပြီး Su Wenfa က ရွာသစ်ရဲ့ စီမံကိန်းထဲက လှုပ်ရှားမှုတွေမှာ တက်ကြွစွာပါဝင်လာတယ်။ သစ်တောစိုက်ခင်း၊ ရေထိန်းသိမ်းစနစ်၊ ဆင်းရဲမှုလျှော့ချရေး စတာတွေကို ရွာသူရွာသားတွေနဲ့ အတူ လုပ်ဆောင်ခဲ့ပြီး ယနေ့မှာတော့ နွေဦးမှာ များများစိုက်ပြီး ဆောင်းဦးမှာ မျှော်လင့်ချက်အပြည့်နဲ့ ရိတ်သိမ်းနိုင်တဲ့ ဘဝသစ်တစ်ခုကို ဖန်တီးနိုင်ခဲ့ပြီ။

### ဘဝအသစ်တွေ ဖန်တီးနိုင်ခဲ့

Xichou County ဟာ တောင်တန်းနယ်မြေကြီးပါ။ စုစုပေါင်း ၄၄ စတုရန်း ကီလိုမီတာထဲက စတုရန်းကီလိုမီတာ ၃၀ ဟာ ကျောက်တောင်တွေပါပဲ။ ကျောက်တောင်တွေ၊ မြေဆီလွှာပျက်စီးမှုနဲ့ ဝင်ငွေနည်းပါးမှုကြောင့် အရင်က ခက်ခဲခဲ့ပါတယ်။ ဒါပေမယ့် ၂၀၁၁ ခုနှစ်ကနေ ၂၀၂၀ ပြည့်နှစ်တွေအတွင်း ပြုပြင်ပြောင်းလဲမှုတွေလုပ်ပြီး ဘဝအသစ်တွေ ဖန်တီးနိုင်ခဲ့ပါတယ်။ ၂၀၁၂ ခုနှစ်မှာ ကျောက်တောင်မျက်နှာပြင် ၄၀ ဒသမ ၂ စတုရန်းကီလိုမီတာကို ဒေသခံတွေရဲ့ လုပ်အား၊ အစိုးရရဲ့ ပံ့ပိုးမှုနဲ့အတူ ပြုပြင်ရယူပြီး ၂၀၁၄ ခုနှစ်မှာတော့ လူပေါင်းထောင်ကျော်ကို နေရာပြောင်းရွှေ့ပေးလို့ ၂၀၁၈ ခုနှစ်မှာ အစိုးရက Xichou ခရိုင်အတွက် **ယွမ်သန်း ၃၁၀** ရင်းနှီးမြှုပ်နှံမှုနဲ့ ဖွံ့ဖြိုးတိုးတက်မှုစတင်ခဲ့ပါတယ်။ Banggu Youge ရွာမှာ စပါးနဲ့ ဆေးရွက်ကြီးတွေကို ငါးမီတာ စတင်စိုက်ပျိုးရာကနေ အခုအချိန်မှာတော့ ဒေသတစ်ခုလုံးရဲ့ တစ်ဦးချင်းစီအတွက် ထွက်သီးမြေကတစ်မူ (၀ ဒသမ ၀၆၇ ဟက်တာ) ထက်ပိုပြီး အိမ်ထောင်စုတစ်စုစီအတွက် စီးပွားရေးသစ်တော သို့မဟုတ် သစ်သီးစိုက်ပျိုးရာကနေ တစ်မူထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။

တရုတ်နိုင်ငံရဲ့ China International Press Communication Center က ဖွင့်လှစ်တဲ့ ပြည်ပသတင်းထောက်တွေ သတင်းမီဒီယာဖလှယ်မှုနဲ့ သင်ကြားရေးအစီအစဉ်မှာ ပါဝင်ကြတဲ့ အာရှ-ပစိဖိတ်ဒေသသတင်းဌာနအသီးသီးက သတင်းထောက်အချို့ မေးမြန်းမှုအပေါ် ဒေသတာဝန်ရှိသူ Mr.Zhu Ning က **“ဒီဒေသမှာ အိမ်ထောင်စု ၂၂၅၂ ခု၊ လူဦးရေ ၉၀၀၀ ကျော် နေထိုင်ကြတယ်။ Han, Zhuang, Miao, Yi လူမျိုးစုတွေ နေထိုင်ပြီး စပါး၊ လက်ဖက်၊ ဆေးဘက်ဝင်အပင်တွေ စိုက်ကြတယ်။ အခုအချိန်မှာ ကီဝီသီးအများအပြား စိုက်ပျိုးမှုနဲ့ လယ်ယာဝင်ငွေ တိုးတက်လာတာကြောင့် ဘဝက ပိုအဆင်ပြေလာပါတယ်”**လို့ ရှင်းပြပါတယ်။



**“လူမှုစီးပွားဘဝ ဖွံ့ဖြိုးမှုနောက်ကျရခြင်းနဲ့ ဆင်းရဲမှုရဲ့ အဓိကအကြောင်းရင်းတွေက ကျွမ်းကျင်မှုအားနည်းတာ၊ ငွေကြေးမလုံလောက်တာ၊ အလုပ်လုပ်သူနည်းပါးတာ၊ ပညာရေးအားနည်းတာ၊ သန့်ရှင်းတဲ့သောက်သုံးရေ မလုံလောက်တာ၊ စိုက်ပျိုးနိုင်တဲ့မြေမလုံလောက်တာ၊ ကိုယ်တိုင်တိုးတက်နိုင်မှု အားနည်းတာတွေအပြင် သဘာဝဘေးတွေ၊ လမ်းပန်းဆက်သွယ်ရေးခက်ခဲတာတွေနဲ့ တိုင်းပြည်တည်ငြိမ်အေးချမ်းမှု အားနည်းတာတွေကြောင့် ဖြစ်ပါတယ်။ ယခုဒေသမှာတော့ အခက်အခဲတွေကို ဖြေရှင်းဖို့ Wenshan ခရိုင်က တောစိမ်း၊ ရေကြည်မြေတန်ဖိုးရှိဆိုတဲ့ မဟာဗျူဟာနဲ့အညီ သစ်တောတွေပြန်လည်စိုက်ပျိုးတာ၊ ရေကို စနစ်တကျသုံးစွဲတာနဲ့ ကျေးရွာတွေ အဆင့်တိုးမြှင့်တာစတဲ့ လုပ်ငန်းတွေကို ဆောင်ရွက်ထားပါတယ်”**

### ဒေသပြတိုက်မှာ အားကျအတုယူဖွယ် မြင်တွေ့ခဲ့ရ

မလျှော့သောဇွဲလုံ့လနဲ့ ဒေသခံတွေ စုပေါင်းလို့ ကျောက်တုံးတွေကို စုပေါင်းထုနှက်ကြတဲ့ မြင်ကွင်းတွေ၊ အမျိုးသမီးနဲ့ လူငယ်လူရွယ်တွေက သယ်ယူပြီး မြေထိန်းနံရံတွေတည်ဆောက်တာ၊ လှေကားထစ်တောင်ယာတွေ ဖော်ဆောင်ကြတာတွေကိုလည်း မှတ်တမ်းအဖြစ် ဒေသပြတိုက်မှာ အားကျအတုယူဖွယ် မြင်တွေ့ခဲ့ရပါတယ်။

သူတို့ဟာ မူလအစမှာ သစ်တောပြန်လည်ထူထောင်ရေးကို ဦးစားပေးလုပ်ဆောင်သလို သစ်တောမပြုန်းတီးဖို့ ပညာပေး၊ ဆုပေး၊ ဒဏ်ပေး စနစ်တွေနဲ့ စနစ်တကျ ထိန်းသိမ်းတယ်လို့ သိရပါတယ်။ အိမ်တိုင်းမှာ ရေသိုလှောင်ခန်းတွေ တည်ဆောက်ထားပြီး မိုးရာသီရေသုံးနိုင်အောင် စနစ်တကျ ထိန်းသိမ်းထားတယ်။ ဒီလို ကြိုးစားရုန်းကန်ပေါင်းစည်းမှုကြောင့် သစ်တောတွေ ပြန်လည်ပေါ်ထွက်ပြီး ကျောက်တောင်ကတုံးတွေက အစိမ်းရောင်အဖြစ် ပြောင်းလာခဲ့ပါတယ်။

လူမှုစီးပွားဘဝ ဖွံ့ဖြိုးမှုနောက်ကျရခြင်းနဲ့ **ဆင်းရဲမှုရဲ့ အဓိကအကြောင်းရင်းတွေက ကျွမ်းကျင်မှု အားနည်းတာ၊ ငွေကြေးမလုံလောက်တာ၊ အလုပ်လုပ်သူ နည်းပါးတာ၊ ပညာရေးအားနည်းတာ၊ သန့်ရှင်းတဲ့ သောက်သုံးရေ မလုံလောက်တာ၊ စိုက်ပျိုးနိုင်တဲ့မြေမလုံလောက်တာ၊ ကိုယ်တိုင်တိုးတက်နိုင်မှုအားနည်းတာတွေအပြင် သဘာဝဘေးတွေ၊ လမ်းပန်းဆက်သွယ်ရေးခက်ခဲတာတွေနဲ့ တိုင်းပြည်တည်ငြိမ်အေးချမ်းမှု အားနည်းတာတွေကြောင့် ဖြစ်ပါတယ်။ ယခုဒေသမှာတော့ အခက်အခဲတွေကို ဖြေရှင်းဖို့ Wenshan ခရိုင်က တောစိမ်း၊ ရေကြည်မြေတန်ဖိုးရှိဆိုတဲ့ မဟာဗျူဟာနဲ့အညီ သစ်တောတွေ ပြန်လည်စိုက်ပျိုးတာ၊ ရေကို စနစ်တကျသုံးစွဲတာနဲ့ ကျေးရွာတွေ အဆင့်တိုးမြှင့်တာစတဲ့ လုပ်ငန်းတွေကို ဆောင်ရွက်ထားပါတယ်။**

### အဓိက လုပ်ငန်းရှစ်ချက်ကို ထည့်သွင်းအကောင်အထည်ဖော်ခဲ့

တရုတ်နိုင်ငံရဲ့ ဖွံ့ဖြိုးဖို့ ကြိုးစားရုန်းကန်နေတဲ့ ကျေးလက်ဒေသဟာ မိမိတို့နိုင်ငံအတွက် အတုယူဖွယ်များစွာကို မြင်တွေ့နိုင်ပါတယ်။ ကျောက်တောင်ဒေသတွေဖြစ်တဲ့ ယူနန်ပြည်နယ်နဲ့ ကွမ်ရှီးကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စတဲ့ဒေသတွေမှာ ဆင်းရဲမှုလျှော့ချရေးစီမံချက် (၂၀၁၁-၂၀၂၀) ပြန်လည်ရှင်သန်ခြင်းအစီအစဉ်အတွက် အဓိက လုပ်ငန်းရှစ်ချက်ကို ထည့်သွင်းအကောင်အထည်ဖော်ခဲ့တာ ဖြစ်ပါတယ်။

အဲဒါတွေကတော့ (၁) ဂေဟစနစ် ပြန်လည်ထူထောင်ရေး၊ (၂) သန့်ရှင်းတဲ့ သောက်သုံးရေနဲ့ စိုက်ပျိုးရေးရရှိရေး၊ (၃) လယ်ယာမြေမြှင့်တင်ရေး၊ (၄) လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေး၊ (၅) စံပြကျေးရွာတည်ဆောက်ရေး၊ (၆) စက်မှုဖွံ့ဖြိုးတိုးတက်ရေး၊ (၇) ဆင်းရဲနွမ်းပါးမှုလျှော့ချရေး၊ (၈) အဖွဲ့အစည်းနဲ့ ယဉ်ကျေးမှုဆိုင်ရာ၊ သင်ကြားမှုဆိုင်ရာ အဆောက်အအုံများ တည်ဆောက်ရေး စတဲ့ရည်မှန်းချက်တွေနဲ့ ၂၀၀၈ ခုနှစ်မှာ စီမံကိန်းတွေ အရှိန်အဟုန်နဲ့ စတင်ခဲ့တယ်လို့ သိရပါတယ်။

ဆိုရရင် မိမိတို့နိုင်ငံမှာလည်း ဒီလိုဖွံ့ဖြိုးတိုးတက်မှုအတွက် ရည်မှန်းချက်ထားပြီး နိုင်ငံတော်က အင်တိုက်အားတိုက် ဆောင်ရွက်နေပါတယ်။ **“နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့၊ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့၊ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့”** ဆိုတဲ့ ဆောင်ပုဒ်ဟာ နိုင်ငံတော်ရဲ့ ရည်မှန်းချက်၊ လမ်းညွှန်ချက်ဖြစ်သလို နိုင်ငံတော်က ဆောင်ရွက်ပေးတာကို ပြည်သူကလည်းလိုက်ပါအကောင်အထည်ဖော်မှသာ ဖွံ့ဖြိုးမှု အားကောင်းမှာပါ။

မြန်မာနိုင်ငံစီးပွားရေးဟာ စိုက်ပျိုးရေးအပေါ် များစွာအခြေခံပါတယ်။ ကျေးလက်နေထိုင်သူ ၇၀ ရာခိုင်နှုန်းဟာ စိုက်ပျိုးရေးလုပ်အားအရင်းအမြစ်ဖြစ်တာကြောင့် စိုက်ပျိုးရေးကုန်ထုတ်လုပ်ငန်း အားကောင်းလာတာနဲ့အမျှ နိုင်ငံ့စီးပွားရေး တိုးတက်လာမှာ ဖြစ်ပါတယ်။

### နိုင်ငံတော်က ဒေသနဲ့ကိုက်ညီအောင် စိုက်ပျိုးဖို့ အားပေးလျက်ရှိ

ဒါကြောင့် နိုင်ငံတော်က စပါး၊ ဆီထွက်သီးနှံအပြင် ဂျုံ၊ ဝါ၊ ဝါး စတာတွေကိုကို ဒေသနဲ့ကိုက်ညီအောင် စိုက်ပျိုးဖို့ အားပေးလျက်ရှိပါတယ်။ ဂျုံအစားအသောက်၊ ဝါအခြေခံအထည်အလိပ်နဲ့ ပစ္စည်းထုတ်လုပ်မှုတွေကို တိုးတက်စေပြီး ပြည်တွင်းသုံးစွဲမှုနဲ့ ပြည်ပဈေးကွက်အတွက်လည်း ရည်ရွယ်ဆောင်ရွက်လျက်ရှိပါတယ်။

စိုက်ပျိုးရေးကဏ္ဍမှာ အဓိကတာဝန်က စိုက်ပျိုးရေးသွင်းအားစုတွေဖြစ်တဲ့ ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေး၊ စိုက်ပျိုးစက်ပစ္စည်းတွေကို လိုအပ်ချက်အရ တိတိကျကျ နည်းမှန်လမ်းမှန် အသုံးချနိုင်ဖို့ ကြိုးပမ်းကြရမှာဖြစ်သလို နည်းပညာမြင့် လယ်ယာသုံးစက်ပစ္စည်းတွေကို ပြောင်းလဲအသုံးပြုတာ၊ စိုက်ပျိုးရေ ရယူသုံးစွဲမှုတွေမှာ စနစ်တကျ အသုံးပြုတာ၊

*စာမျက်နှာ ၁၁ သို့*

**“ဆိုရရင် မိမိတို့နိုင်ငံမှာလည်း ဒီလိုဖွံ့ဖြိုးတိုးတက်မှုအတွက် ရည်မှန်းချက်ထားပြီး နိုင်ငံတော်က အင်တိုက်အားတိုက် ဆောင်ရွက်နေပါတယ်။ “နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့၊ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့၊ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့” ဆိုတဲ့ ဆောင်ပုဒ်ဟာ နိုင်ငံတော်ရဲ့ ရည်မှန်းချက်၊ လမ်းညွှန်ချက်ဖြစ်သလို နိုင်ငံတော်က ဆောင်ရွက်ပေးတာကို ပြည်သူကလည်း လိုက်ပါအကောင်အထည်ဖော်မှသာ ဖွံ့ဖြိုးမှုအားကောင်းမှာပါ”**

## (၂၀၂၅)ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ပြီး ဆေးတက္ကသိုလ်များနှင့် ဆေးပညာနှီးနွှယ်တက္ကသိုလ်များသို့ တက်ရောက်ခွင့်ရရှိသူများ အချိန်မီကျောင်းအပ်နှံရေး ကြေညာချက်

၁။ (၂၀၂၅)ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုအောင်မြင်ပြီး ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနအောက်ရှိ ဆေးတက္ကသိုလ်များနှင့် ဆေးပညာနှီးနွှယ်တက္ကသိုလ်များ၏ ပထမနှစ်သင်တန်းအသီးသီးသို့ တက်ရောက်ခွင့်ရရှိသူများစာရင်းကို (၁၁-၁၁-၂၀၂၅) ရက်နေ့မှစတင်၍ ကျန်းမာရေးဝန်ကြီးဌာန၏ Website (www.moh.gov.mm), ကျန်းမာရေးလူ့စွမ်းအား အရင်းအမြစ်ဦးစီးဌာန၏ Website (www.hrh.gov.mm), အဆင့်မြင့်ပညာဦးစီးဌာန၏ Website နှင့် သက်ဆိုင်ရာတက္ကသိုလ်များတွင် ကြေညာထားပြီး ဖြစ်ပါသည်။

၂။ ပထမနှစ်သင်တန်းများကို (၂၄-၁၁-၂၀၂၅)ရက်နေ့တွင် စတင်ဖွင့်လှစ်မည်ဖြစ်ရာ ကျောင်းဝင်မှတ်ပုံတင်ခြင်းကို သက်ဆိုင်ရာတက္ကသိုလ်များတွင် (၁၇-၁၁-၂၀၂၅)ရက်နေ့မှစတင်၍ (စနေနှင့်တနင်္ဂနွေနေ့များ အပါအဝင်) လက်ခံဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**
(၁၁-၁၁-၂၀၂၅)

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန ကြေညာချက်

၂၀၂၅ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ခဲ့ကြသူများအတွက် ပထမနှစ်ဝင်ခွင့်ရသူများစာရင်းကို ၁၃-၁၁-၂၀၂၅ ရက်တွင် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန၏ Website: https://www.dtvet.gov.mm နှင့် သက်ဆိုင်ရာအစိုးရနည်းပညာကောလိပ်များတွင် ကြေညာထားမည်ဖြစ်ပါသည်။

**နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန**

## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန ကြေညာချက်

၂၀၂၅ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ခဲ့ကြသူများအတွက် ပထမနှစ်ဝင်ခွင့်ရသူများစာရင်းကို (၁၃-၁၁-၂၀၂၅) ရက်တွင် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန၏ Website: http://www.dast.edu.mm နှင့် သက်ဆိုင်ရာတက္ကသိုလ်များတွင် ကြေညာထားမည်ဖြစ်ပါသည်။

**အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန**

## တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ် ကျောင်းသား၊ ကျောင်းသူများ ကြိုတင်ဆန္ဒမဲပေးနိုင်ရေး ဆောင်ရွက်ရမည့်အချက်များ

၁။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများက တာဝန်ယူဖွင့်လှစ်သည့် တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ကောလိပ်များ မကြာမီတွင် ပြန်လည်ဖွင့်လှစ်တော့မည်ဖြစ်ရာ အဆိုပါကျောင်းများတွင် ကျောင်းတက်ရောက်ရမည့် ကျောင်းသား၊ ကျောင်းသူများအနက် မဲစာရင်းပါရှိသည့် သက်ဆိုင်ရာမြို့နယ် ပြင်ပရှိ ကျောင်းများတွင် တက်ရောက်မည့် ကျောင်းသား၊ ကျောင်းသူများ ကြိုတင်ဆန္ဒမဲပေးခြင်းနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်းဆောင်ရွက်ရမည် ဖြစ်ပါသည်-

(က) ရွေးကောက်ပွဲ စတင်ကျင်းပမည့် ၂၈-၁၂-၂၀၂၅ ရက်နေ့တွင် အသက် ၁၈ နှစ်ပြည့်ပြီး ဥပဒေအရ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများဖြစ်သော မိမိမဲစာရင်းပါရှိသည့် သက်ဆိုင်ရာ မြို့နယ်ပြင်ပရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ကောလိပ်များတွင် တက်ရောက်ကြရမည့် ကျောင်းသား၊ ကျောင်းသူများအား ကြိုတင်မဲပေးနိုင်ရန် စီစဉ်ဆောင်ရွက်ထားရှိပါသည်။

(ခ) သက်ဆိုင်ရာကျောင်းများသို့မသွားရောက်မီ မိမိတို့၏မဲစာရင်းပါရှိရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲရုံးတွင် ၁၇-၁၁-၂၀၂၅ ရက်နေ့မှ ၂၁-၁၁-၂၀၂၅ ရက်နေ့အထိ နံနက် ၀၉:၀၀ နာရီမှ ၁၆:၃၀ နာရီအတွင်း သွားရောက်မဲပေးနိုင်ပါသည်။

၂။ မဲပေးခွင့် မဆုံးရှုံးစေရေးအတွက် မိမိတို့ ကိုင်ဆောင်သည့် နိုင်ငံသားစိစစ်ရေးကတ်နှင့် သက်ဆိုင်ရာ တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ကောလိပ်များမှ ထုတ်ပေးသည့် ကျောင်းသားစိစစ်ရေးကတ် သို့မဟုတ် ကျောင်းဝင်ခွင့် အထောက်အထားတို့ကို ပြသ၍ ကြိုတင်ဆန္ဒမဲပေးနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**"ပြည်သူများလိုလားသည့် ဒီမိုကရေစီနိုင်ငံတော်ကို ရွေးကောက်ပွဲဖြင့်သာ ဖော်ဆောင်နိုင်မည်"**
**"လွတ်လပ်မျှတ၊ မဲပေးကြ"**

## ဒဂုံတက္ကသိုလ် အဝေးသင်သင်တန်း (၃၄)ကြိမ်မြောက် ဘွဲ့နှင်းသဘင်ကျင်းပမည့်ရက် ပြောင်းလဲကြောင်း ကြေညာခြင်း

ဒဂုံတက္ကသိုလ်(အဝေးသင်သင်တန်း) ၂၀၂၄ ပညာသင်နှစ်၊ အောက်တိုဘာလနှင့် နိုဝင်ဘာလများတွင် ကျင်းပခဲ့သော ဥပဒေဘွဲ့၊ ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့ဖြင့် စာမေးပွဲအောင်မြင်၍ ဘွဲ့အသီးသီးရရှိပြီး ဘွဲ့နှင်းသဘင်တက်ရောက်ရန် လျှောက်ထားသူများအနက် အောက်ပါဘွဲ့ရရှိသူများအတွက် ဘွဲ့နှင်းသဘင်ကို ဒဂုံတက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပမည်ဖြစ်ပါ၍ ယှဉ်တွဲဖော်ပြပါအစီအစဉ်အတိုင်း ပြောင်းလဲတက်ရောက်ရမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**၁။ (၃၄)ကြိမ်မြောက် ဘွဲ့နှင်းသဘင် ၅-၁၂-၂၀၂၅ ရက်နေ့ (သောကြာနေ့)**

နံနက်ပိုင်း - နံနက်(၉:၀၀)နာရီ
ဝိဇ္ဇာဘွဲ့ - မြန်မာစာ ၄မ-၁ မှ ၄မ-၄၀၀ အထိ၊ ဒဿနိကဗေဒ
သိပ္ပံဘွဲ့ - သင်္ချာ
ညနေပိုင်း-မွန်းလွဲ (၂:၀၀)နာရီ
ဝိဇ္ဇာဘွဲ့ - မြန်မာစာ ၄မ-၄၀၁ မှ ၄မ-၈၅၂ အထိ၊ အရှေ့တိုင်းပညာ
သိပ္ပံဘွဲ့ - ရူပဗေဒ
(အစမ်းလေ့ကျင့်ရန် - ၄-၁၂-၂၀၂၅ ရက်နေ့ (ကြာသပတေးနေ့)၊ နံနက်ပိုင်း (၉:၀၀)နာရီ

**၂။ (၃၄)ကြိမ်မြောက်ဘွဲ့နှင်းသဘင် ၆-၁၂-၂၀၂၅ (စနေနေ့)**

**နံနက်ပိုင်း - နံနက်(၉:၀၀)နာရီ**
ဝိဇ္ဇာဘွဲ့ - အင်္ဂလိပ်စာ
သိပ္ပံဘွဲ့ - ဓာတုဗေဒ
ညနေပိုင်း-မွန်းလွဲ (၂:၀၀)နာရီ
ဝိဇ္ဇာဘွဲ့ - ပထဝီဝင်
သိပ္ပံဘွဲ့ - သတ္တဗေဒ
(အစမ်းလေ့ကျင့်ရန် - ၄-၁၂-၂၀၂၅ ရက်နေ့ (ကြာသပတေးနေ့)၊ မွန်းလွဲပိုင်း (၁:၀၀)နာရီ

**၃။ (၃၄)ကြိမ်မြောက် ဘွဲ့နှင်းသဘင် ၈-၁၂-၂၀၂၅ ရက်နေ့ (တနင်္လာနေ့)**

နံနက်ပိုင်း - နံနက်(၉:၀၀)နာရီ
ဝိဇ္ဇာဘွဲ့ - သမိုင်း ၄သ-၁ မှ ၄သ-၅၀၀ အထိ
သိပ္ပံဘွဲ့ - ရုက္ခဗေဒ
ညနေပိုင်း-မွန်းလွဲ (၂:၀၀)နာရီ
ဥပဒေဘွဲ့ - ဥပဒေပညာ
ဝိဇ္ဇာဘွဲ့ - သမိုင်း ၄သ-၅၀၁ မှ ၄သ-၉၁၂ အထိ၊ စိတ်ပညာ
(အစမ်းလေ့ကျင့်ရန်- ၇-၁၂-၂၀၂၅ ရက်နေ့ (တနင်္ဂနွေနေ့)၊ နံနက်ပိုင်း (၉:၀၀)နာရီ

အစမ်းလေ့ကျင့်ပွဲနှင့် ဘွဲ့နှင်းသဘင်အခမ်းအနား တက်ရောက်သူများသည် မြန်မာဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံ၊ အနောက်တိုင်း (အမျိုးသား) ဝတ်စုံတို့ကို အပြည့်အစုံဝတ်ဆင်၍ တက်ရောက်ရပါမည်။

ဘွဲ့နှင်းသဘင်တက်ရောက် ဘွဲ့ဝတ်စုံငှားရမ်းခွင့် ထောက်ခံစာကို ၁-၁၂-၂၀၂၅ ရက်နေ့မှ ၃-၁၂-၂၀၂၅ ရက်နေ့ထိ ဒဂုံတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမတွင် ထုတ်ပေးပါမည်။

၂၄-၁၀-၂၀၂၅ ရက်နေ့တွင် မြန်မာ့အလင်းသတင်းစာနှင့် ကြေးမုံသတင်းစာတို့၌ ထည့်သွင်းထားသော ဒဂုံတက္ကသိုလ်၊ အဝေးသင်သင်တန်း (၃၄)ကြိမ်မြောက် ဘွဲ့နှင်းသဘင်ကျင်းပခြင်း ကြေညာချက်အား ဤကြေညာချက်ဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

**သန်းစိုးဦး**
**ဌာနမှူး၊ သင်တန်းရေးရာ**
**ဒဂုံတက္ကသိုလ်**

*စာမျက်နှာ ၁၀ မှ*

ခေတ်မီစိုက်ပျိုးနည်းစနစ် မှန်ကန်စွာ လုပ်ဆောင်တာစတာတွေမှာ မျက်ခြည်မပြတ်ဖို့နဲ့ အဆင့်မြင့်ကုန်ချောထုတ်လုပ်နိုင်ဖို့ လိုအပ်ပါတယ်။

မွေးမြူရေးကဏ္ဍမှာလည်း ခေတ်မီနည်းပညာနဲ့ ပေါင်းစပ်တဲ့မွေးမြူရေးလုပ်ငန်းတွေမှာ စီးပွားရေးပိုမိုရင်းနှီးမြှုပ်နှံခြင်းကနေ မွေးမြူရေးထွက်ကုန်တွေကို စနစ်တကျ တန်ဖိုးမြှင့်တင်ပို့ရောင်းချနိုင်တဲ့အထိ ကြိုးပမ်းကြရမှာပါ။

**အခွင့်အလမ်းတွေကို ဖန်တီးပေးလျက်ရှိတာကို ရယူအသုံးချနိုင်ဖို့ လိုအပ်**

မြန်မာနိုင်ငံဟာ ကမ္ဘာ့နိုင်ငံအများစုလို သဘာဝဘေးကို ပြင်းပြင်းထန်ထန်ရင်ဆိုင်ခဲ့ရာမှာ မိုခါမုန်တိုင်း၊ ရာဂီမုန်တိုင်း၊ မန္တလေးငလျင်လို သဘာဝဘေးအန္တရာယ်တွေကြောင့်လည်း ဖွံ့ဖြိုးမှုလမ်းကြောင်း အနည်းငယ် နှောင့်နှေးနေခဲ့ရပါတယ်။ ဒါကြောင့် ကမ္ဘာနဲ့အမှီလိုက်နိုင်ဖို့ လုပ်ငန်းကျွမ်းကျင်မှုသင်တန်းတွေ (vocational training) နဲ့ လက်တွေ့ကျွမ်းကျင်မှု (practical skills) ကို မြှင့်တင်ရင် လူ့စွမ်းအားအရင်းအမြစ် (human capital) တိုးတက်လာပြီး တီထွင်ဆန်းသစ်နိုင်မှု (innovation) နဲ့ အခြေအနေ ကိုက်ညီတတ်မှု (adaptability) ကိုလည်း မြှင့်တင်နိုင်မယ့် အခွင့်အလမ်းတွေကို နိုင်ငံတော်က ဖန်တီးပေးလျက်ရှိတာကို ရယူအသုံးချနိုင်ဖို့ လိုအပ်ပါတယ်။

မြစိမ်းရောင် စီမံကိန်းတွေ၊ စိုက်ပျိုးစရိတ်ချေးငွေ၊ သမဝါယမအသင်း တည်ထောင်လာနိုင်တာတွေအပြင် သက်မွေးပညာသင်တန်းတွေနဲ့ စက်မှုသင်တန်းကျောင်းတွေ စတဲ့အစီအစဉ်တွေကို ချိတ်ဆက်ပြီး ဝမ်းစာစွမ်းရည်ဖြည့်ဆည်းကြမယ်ဆိုရင် စီးပွားရေးမောင်းနှင်အားကို အရှိန်မြှင့်တင်နိုင်ပါလိမ့်မယ်။



**ယူနန်ပြည်နယ် Sansuang ဒေသက** ကန္တာရကျောက်တောင်တွေတောင် စိမ်းလန်းစိုပြည်လာနိုင်ပါရင် မိမိတို့နိုင်ငံလို သဘာဝအရင်းအမြစ်၊ လူသားအရင်းအမြစ်ပေါကြွယ်ဝတဲ့ နိုင်ငံအဖို့လည်း တစ်ဦးချင်းက ကျရာကဏ္ဍအလိုက် ကြိုးစားဖြည့်တင်းလို့ တစ်ယောက်တစ်လက် ဝိုင်းဝန်းကြမည်ဆိုလျှင်ဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ဖို့အတွက် မဝေးနိုင်ပါဟု ယုံကြည်မိပါတော့တယ်။ ။

# ရခိုင်ပြည်နယ် စစ်တွေမြို့နယ်အတွင်းရှိ အသက်(၈၅)နှစ်အထက် သက်ကြီးပုဂ္ဂိုလ်များအား လူမှုရေးပင်စင် ထောက်ပံ့



**စစ်တွေ နိုဝင်ဘာ ၁၁**

စစ်တွေမြို့နယ်အတွင်းရှိ အသက်(၈၅)နှစ် အထက် သက်ကြီးပုဂ္ဂိုလ်များအား ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပထမသုံးလပတ်နှင့် ဒုတိယ သုံးလပတ် လူမှုရေး ပင်စင်ထောက်ပံ့ပေးအပ်ခြင်းကို ယနေ့နံနက်ပိုင်းက စစ်တွေမြို့ ခိုင်သဇင်ခန်းမ၌ ဆောင်ရွက်သည်။

လူမှုရေးပင်စင်ထောက်ပံ့ပွဲသို့ ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးထိန်လင်းနှင့်ဇနီး ပြည်နယ်မိခင်နှင့် ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့နာယက၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများနှင့် လူမှုရေး အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက် ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် လူမှု ရေးပင်စင်ထုတ်ယူရန် လာရောက်ကြသည့် အသက် (၈၅)နှစ် အထက်ရှိ သက်ကြီးပုဂ္ဂိုလ်များအား ရင်းရင်း နှီးနှီး လိုက်လံနှုတ်ဆက်ကြပြီး လူမှုဝန်ထမ်းဦးစီးဌာန နှင့် မြန်မာ့စီးပွားရေးဘဏ်ဝန်ထမ်းများက လူမှုရေး ပင်စင် ထုတ်ပေးနိုင်ရန်အတွက် လိုအပ်သောစိစစ်မှု များဆောင်ရွက်နေမှုကို လည်းကောင်း၊ အသက်(၈၅) နှစ် အထက်ရှိ သက်ကြီးပုဂ္ဂိုလ်များကို လူမှုရေးပင်စင် ထုတ်ပေးနေမှုတို့ကိုလည်းကောင်း လှည့်လည် ကြည့်ရှုအားပေးကြပြီး လိုအပ်သည်များကို တာဝန် ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပေးကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ် နှင့်ဇနီး၊ ပြည်နယ် တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီး များနှင့်တာဝန်ရှိသူများက အသက်(၈၅)နှစ်အထက်ရှိ သက်ကြီးပုဂ္ဂိုလ်များကို ရခိုင်ပြည်နယ် အစိုးရအဖွဲ့က ဆန်နှင့် စားသောက်ဖွယ်ရာများ ပေးအပ်ချီးမြှင့် သည်။

အခမ်းအနားတွင် စစ်တွေမြို့နယ်အတွင်းရှိ အသက်(၈၅) နှစ်အထက် သက်ကြီးပုဂ္ဂိုလ် ၂၀၂ ဦး ကို လူမှုရေးပင်စင်နှင့် ရခိုင်ပြည်နယ်အစိုးရအဖွဲ့က ပေးအပ်ချီးမြှင့်သည့်ဆန်နှင့် စားသောက်ဖွယ်ရာ များကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

တင်ထွန်း (ပြန်/ဆက်)

# ဒုတိယဝန်ကြီး ဦးထိန်လင်း လွိုင်ကော်မြို့၌ အားကစားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကိစ္စများ ဆောင်ရွက်

**လွိုင်ကော် နိုဝင်ဘာ ၁၁**

ကယားပြည်နယ်တွင် အားကစား ကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ အားကစားအထောက် အကူပြုပစ္စည်းများ ထောက်ပံ့ ပေးအပ်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းက အားကစား နှင့် ကာယပညာသိပ္ပံ(လွိုင်ကော်) စုပေါင်းခန်းမ၌ ကျင်းပသည်။



ထောက်ပံ့ ပေးအပ်ပွဲသို့ အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထိန်လင်း၊ ဒုတိယအမြဲတမ်း အတွင်းဝန် ဦးကျော်ဆန်းဦး၊ အားကစားနှင့် ကာယပညာသိပ္ပံ (လွိုင်ကော်) ကျောင်းအုပ်ကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ပြည်နယ် အားကစားနှင့် ကာယပညာဦးစီး ဌာန ညွှန်ကြားရေးမှူးနှင့်ဝန်ထမ်း များ၊ ဖိတ်ကြားထားသောဧည့်သည် တော်များ တက်ရောက်သည်။

ဦးစွာ Reva Co., Ltd. မန်နေဂျင်းဒါရိုက်တာ ဦးကျော် ဇင်ထက်က အားကစားနှင့် ကာယပညာသိပ္ပံ (လွိုင်ကော်) ကျောင်းသား ကျောင်းသူများ အတွက် အားကစားအထောက် အကူပြုပစ္စည်းများကို ထောက်ပံ့ ပေးအပ်ရာ အားကစားနှင့်လူငယ် ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထိန်လင်းနှင့် ပြည်နယ်လူမှု ရေးရာဝန်ကြီး ဦးအောင်မျိုးသိန်း တို့က လက်ခံယူပြီး အားကစား နှင့် ကာယပညာသိပ္ပံ (လွိုင်ကော်) ကျောင်းအုပ်ကြီး ဦးသီဟအောင် က ကျေးဇူးတင်စကား ပြောကြား သည်။

ထို့နောက် ဒုတိယဝန်ကြီးက အားကစားနှင့် ကာယပညာသိပ္ပံ (လွိုင်ကော်) နှင့် ပြည်နယ် အားကစားနှင့် ကာယပညာဦးစီး ဌာနတို့ရှိ အရာထမ်း/ အမှုထမ်း များအား တွေ့ဆုံ၍ နိုင်ငံ့ဝန်ထမ်း ဖြစ်သည့်အတွက် နိုင်ငံ့ဝန်ထမ်း ပီသစွာဖြင့် မိမိဝန်ကြီးဌာနအပေါ် သစ္စာရှိစွာဖြင့် လုပ်ကိုင်ဆောင် ရွက်ကြရန်၊ ဝန်ထမ်းစည်းမျဉ်း၊ စည်းကမ်း လုပ်ထုံးလုပ်နည်း များကို နားလည်ပြီး ရုံးလုပ်ငန်း များကို ဆောင်ရွက်တတ်ကြစေ ရန်၊ ဝန်ထမ်းများ စည်းစည်း လုံးလုံး ချစ်ချစ်ခင်ခင်ဖြင့် ရုံးလုပ်ငန်းတာဝန်များကို ကျေပွန် စွာ ဆောင်ရွက်ကြရန်၊ ဝန်ထမ်း များအနေဖြင့် လုံခြုံရေးအသိ/ သတိဖြင့် သွားလာနေထိုင်ကြရန် မှာကြားပြီး ဌာနအသီးသီးရှိ ဝန်ထမ်းများက လိုအပ်ချက်များ ကို တင်ပြကြရာ ဒုတိယဝန်ကြီးက လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ယင်းနောက် အားကစားနှင့် ကာယပညာသိပ္ပံ (လွိုင်ကော်) ကျောင်းဝင်းအတွင်းရှိ သင်တန်း သား သင်တန်းသူအိပ်ဆောင်များ၊ အားကစားကွင်း/ရုံများ၊ တည် ဆောက်ရေး လုပ်ငန်းများကို လိုက်လံကြည့်ရှု စစ်ဆေးပြီး ဒုတိယဝန်ကြီးနှင့် ဒုတိယ အမြဲတမ်း အတွင်းဝန်တို့က လိုအပ်သည်များကို ဖြည့်စွက် မှာကြားသည်။

ယင်းနောက် အားကစားနှင့် ကာယပညာသိပ္ပံ (လွိုင်ကော်) စားရိပ်သာ၌ တာဝန်ရှိသူများ၊ ဆရာ ဆရာမများ၊ နည်းပြဆရာ ဆရာမများ၊ သင်တန်းသား သင်တန်းသူများနှင့်အတူ အထူး နေ့လယ်စာ သုံးဆောင်ပြီး အားကစားနှင့် ကာယပညာ သိပ္ပံ(လွိုင်ကော်) စုပေါင်းခန်းမ၌ သင်တန်းသား သင်တန်းသူများနှင့် တွေ့ဆုံ၍ အမှာစကားပြောကြား ခဲ့ကြောင်း သိရသည်။

ပြည်နယ်
(ပြန်/ဆက်)

# ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲဆိုင်ရာ အသိပညာပေးနှိုးဆော်မှုများ ရိုက်ကူးရေးတွင် ရုပ်ရှင်အနုပညာရှင်များ ပါဝင်ဆောင်ရွက်



**နေပြည်တော် နိုဝင်ဘာ ၁၁**

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲကို လာမည့် ဒီဇင်ဘာ ၂၈ ရက် တွင် စတင်ကျင်းပမည်ဖြစ်ရာ ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ရုပ်ရှင် အနုပညာရှင်များကလည်း အသိ ပညာပေးနှိုးဆော်မှုများ ရိုက်ကူး ရေးတွင် ပါဝင်ဆောင်ရွက်ကြ သည်။

ပြည်သူများ လိုလားသည့် ဒီမိုကရေစီ နိုင်ငံတော်ကို ရွေးကောက်ပွဲနှင့်သာ ဖော်ဆောင် နိုင်မည်ဖြစ်ရာ ပြည်သူတစ်ရပ်လုံး က ရွေးကောက်ပွဲကြီးတွင် ပါဝင် မဲပေးပြီး ဒီမိုကရေစီနိုင်ငံတော်ကို အတူတကွ ဖော်ဆောင်ကြရန် အတွက် ပြည်သူချစ်သော ရုပ်ရှင်အနုပညာရှင်များကလည်း တစ်ဖက်တစ်လမ်းမှ ပူးပေါင်း ပါဝင် ဆောင်ရွက်လျက်ရှိရာ နိုဝင်ဘာ ၅ ရက်မှ စတင်ပြီး ရန်ကုန်မြို့ အနုပညာရပ်ဝန်း ၌ ရုပ်ရှင်ဒါရိုက်တာများနှင့် အနုပညာရှင်များ ပူးပေါင်း၍ အသိပညာပေး နှိုးဆော်မှုများ ရိုက်ကူးရေး ဆောင်ရွက်ခဲ့ခြင်း ဖြစ်သည်။

ထိုသို့ ဆောင်ရွက်မှုတွင် ရုပ်ရှင်အနုပညာရှင်များ ဖြစ်ကြ သည့် အကယ်ဒမီ ပြေတီဦး၊ အကယ်ဒမီ စိုင်းစိုင်းခမ်းလှိုင်၊ အကယ်ဒမီ ထွန်းထွန်း၊ အကယ် ဒမီ ရွှေထူး၊ ညီနန္ဒ၊ ဟိန်းဝေယံ၊ ပိုင်တံခွန်၊ အောင်ရဲလင်း၊ အလင်း ရောင်၊ တိုင်ရွှန်၊ လွှမ်းပိုင်၊ ကျော်ထက်အောင်၊ ထူးအောင်၊ အကယ်ဒမီ ထွန်းအိန္ဒြာဗိုလ်၊ အကယ်ဒမီ ခိုင်သင်းကြည်၊ အကယ်ဒမီ အိန္ဒြာကျော်ဇင်၊ အကယ်ဒမီစိုးပြည့်သဇင်၊ အကယ် ဒမီ ဖွေးဖွေး၊ အကယ်ဒမီ ဝတ်မှုံ ရွှေရည်၊ အကယ်ဒမီ ချောရတနာ၊ အကယ်ဒမီ အေးမြတ်သူ၊ အကယ် ဒမီ ရွှေမှုန်ရတီ၊ အကယ်ဒမီ ခင်ဝင့်ဝါ၊ မိုးဟေကို၊ ယွန်းဝတီ လွင်မိုး၊ ပိုးမမီသာ၊ ရတနာဗို၊ သဥ္ဇာဝင့်ကျော်၊ ဖူးစုံ၊ နော်ဖော အယ်ထား၊ ဆောင်းဝတ်ရည်မေ၊ မေပန်းချီ၊ သဲစုညိမ်း၊ မေမီကိုကိုနှင့် ရွှေသမီးတို့က ရွေးကောက်ပွဲ ဆိုင်ရာ ပြည်သူအသိပညာပေး နှိုးဆော်မှုများ ရိုက်ကူးရေးတွင် ပါဝင်ဆောင်ရွက်ခဲ့ကြခြင်း ဖြစ် ကြောင်း သိရသည်။

သတင်းစဉ်



# မန္တလေး မြို့မ အပျော်တမ်းတူရိယာအသင်းကြီး နှစ်(၁၀၀)ပြည့် အထိမ်းအမှတ်အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေး ညှိနှိုင်းအစည်းအဝေးကျင်းပ



မန္တလေး နိုဝင်ဘာ ၁၁

မန္တလေးမြို့မအပျော်တမ်းတူရိယာအသင်း နှစ်(၁၀၀)ပြည့် အထိမ်းအမှတ်အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ မန္တလေးမြို့မ အပျော်တမ်းတူရိယာအသင်း နှစ်(၁၀၀)ပြည့် အထိမ်းအမှတ်အခမ်းအနားကျင်းပရေး ဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီတို့မှ တာဝန်ရှိသူများနှင့် အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ၁၉၂၅ခုနှစ်၌ စတင်တည်ထောင်ခဲ့သည့် မြို့မအပျော်တမ်းတူရိယာအသင်းကြီးမှာ မကြာမီ နှစ်(၁၀၀)ပြည့်တော့မည် ဖြစ်ပါကြောင်း၊ မန္တလေးနှင့် မြို့မအပျော်တမ်းတူရိယာအသင်းကြီးမှာ ခွဲခြား၍မရပါကြောင်း၊ မြို့မိမြို့ဖများနှင့်အတူ ရှင်သန်ရပ်တည်လာခဲ့သည့် နိုင်ငံ့ဂုဏ်ဆောင် မန္တလေးမြို့၏ပြယုဂ် မြို့မအပျော်တမ်းတူရိယာအသင်းကြီးဖြစ်ပါကြောင်း၊ မြို့မိမြို့ဖများ၏ အစဉ်ထာဝရ အားပေးနေမှု၊ အသင်းသူ အသင်းသားများ၏ ညီညွတ်မှုနှင့်လက်ဆင့်ကမ်း ထိန်းသိမ်းလာခဲ့မှုတို့ဖြင့် နှစ်(၁၀၀)တိုင်ခရီးသို့ ရောက်တော့မည် ဖြစ်ပါကြောင်း၊ အသင်းကြီး ရေရှည်တည်တံ့ခိုင်မြဲစေရေးအတွက် ဆက်လက်ထိန်းသိမ်းသွားကြရမည် ဖြစ်ပါကြောင်း၊ နှစ်(၁၀၀)ပြည့် ပွဲတော်အခမ်းအနားကို ရတနာပုံခန်းမ၌ နိုဝင်ဘာ ၂၇ ရက်တွင် ကျင်းပသွားမည်ဖြစ်ပါကြောင်း၊ အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေး ဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီများ ဖွဲ့စည်းတာဝန်ပေးထားပြီး လိုအပ်သည်များကို ပံ့ပိုးဖြည့်ဆည်း ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် မန္တလေးမြို့ မြို့မအပျော်တမ်းတူရိယာအသင်းဥက္ကဋ္ဌ ဒေါက်တာ လှခိုင်က မန္တလေးမြို့မအပျော်တမ်းတူရိယာအသင်းကြီး နှစ်(၁၀၀)ပြည့် ရာပြည့်အကြိုအဖြစ် အထိမ်းအမှတ် မဂ္ဂဇင်းထုတ်ဝေခြင်း၊ နိုင်ငံကျော်အနုပညာရှင်များနှင့်မြို့မတူရိယာပင်တိုင်အဆိုရှင်များ ပူးပေါင်း၍ အမှတ်တရတေးသီချင်းများ (အခွေ)ထုတ်ဝေ ဖြန့်ဝေခြင်း၊ မြို့မတေးသီချင်းများ အဆိုပြိုင်ပွဲများ ဆောင်ရွက်နေခြင်း၊ အထိမ်းအမှတ်မဂ္ဂဇင်းနှင့် အမှတ်တရတေးသီချင်းများကို နိုဝင်ဘာလလယ်တွင် ထုတ်ဝေနိုင်ရန် စီစဉ်ဆောင်ရွက်နေမှုများ၊ ရာပြည့်အခမ်းအနားတွင် ထည့်သွင်းဆောင်ရွက်သွားမည့် အစီအစဉ်များနှင့် ပတ်သက်၍ ဆွေးနွေးတင်ပြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးများက ဆွေးနွေးချက်များအပေါ် ဖြည့်စွက်ပြောကြားပြီး အခမ်းအနားအောင်မြင်စွာ ကျင်းပနိုင်ရေး ဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီများက ပိုင်းဝန်း ဆွေးနွေးတင်ပြကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဆွေးနွေးတင်ပြချက်များအပေါ် ဌာနဆိုင်ရာများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## စစ်ကိုင်းမြို့နယ်၌ မိုးစပါးပန်းတိုင်အထွက်နှုန်းရရှိရေး စံကွက်ရိတ်သိမ်း

စစ်ကိုင်း နိုဝင်ဘာ ၁၁

စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ၂၀၂၅-၂၀၂၆ ခုနှစ် မိုးစပါးပန်းတိုင်အထွက်နှုန်းရရှိရေး စံကွက်ရိတ်သိမ်းခြင်း ကွင်းသရုပ်ပြပွဲကို



အုန်းပင်ခြံကျေးရွာ တောင်သူ ဦးရဲလွင်၏ ကွင်းအမှတ် (၇၀)၊ ဆင်းသုခ ၅ သဒမ ၀၀ ဧက စံပြကွက်၌ ယမန်နေ့က ကျင်းပသည်။

အဆိုပါ စံကွက်ရိတ်သိမ်းပွဲတွင် ကျောက်ဆည်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဒေါ်ခင်မြမ်းထွေးက သီးနှံများတွင် ဓာတ်ကြွင်းမကျန်စေရေးနှင့် မြေဆီလွှာ ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆွေးနွေးပြောကြားပြီး စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးသန်းဇော်က သီးနှံများ ပန်းတိုင်အထွက်နှုန်း ရရှိရေးနှင့်ပတ်သက်၍ မျိုးမြေရေနည်းပညာများအကြောင်း ဆွေးနွေးပြောကြားသည်။

ယင်းနောက် ဆင်းသုခမျိုးစံကွက်အား ဆက်လက်ရိတ်သိမ်းရာ ၀ ဒသမ ၁၀ ဧကလျှင် အစို ၁၅၅ တင်းထွက်ရှိခဲ့ပြီး အခြောက် ၁၃၅ တင်းထွက်ရှိကာ ပန်းတိုင်အထွက်နှုန်းထက် ၃၅ တင်း ပိုမိုထွက်ရှိခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ငပုတောမြို့နယ်၌ မိုးစပါးစံကွက်ရိတ်သိမ်း

ငပုတော နိုဝင်ဘာ ၁၁

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် လိပ်ချောင်းကျေးရွာအုပ်စု ကွင်းအမှတ် ၁၃၇၆၊ ဦးပိုင်အမှတ် (၄/၄) တောင်သူ မြည့်သန့်၏ မိုးစပါးစိုက်လယ်မြေ ၂ ဒသမ ၄၃ ဧကရှိ မနောသုခစပါးမျိုး စိုက်လယ်မြေတွင် ကောင်း၊ သင့်၊ ညီ ကိုယ်စားပြု စံကွက်သုံးမျိုး ရိတ်သိမ်းခဲ့ရာ တစ်ဧကလျှင် ပျမ်းမျှအစို ၁၀၆ ဒသမ ၇၄ တင်း၊ အခြောက် ၉၆ ဒသမ ၁၆ တင်းနှုန်းထွက်ရှိကြောင်း သိရသည်။

အဆိုပါ မိုးစပါး စံကွက်ရိတ်သိမ်းပွဲ အခမ်းအနားသို့ မြို့နယ်စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားစေရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ဆန်းဦးနှင့်အဖွဲ့ဝင်များ၊ မြို့နယ်မြေစာရင်းဦးစီးမှူး ဦးမင်းဇော်နိုင်နှင့်ဝန်ထမ်းများ၊ ဒေသခံတောင်သူများ တက်ရောက်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



## ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလထုတ် သုတပဒေသာနှင့် လူငယ်ရေးရာစာစောင် ထွက်ရှိ

နေပြည်တော် နိုဝင်ဘာ ၁၁

၁၉၇၃ ခုနှစ် ဇူလိုင်လမှ စတင်ထုတ်ဝေခဲ့ပြီး နှစ်ပေါင်း ၅၀ ကျော် စာချစ်သူများ လက်ခံအားပေးလာခဲ့သော သုတပဒေသာစာစောင်ကို ၂၀၂၁ ခုနှစ် ဒီဇင်ဘာလမှစ၍ သုတပဒေသာနှင့် လူငယ်ရေးရာ စာစောင်ဟု အမည်ပြောင်းလဲကာ မျက်နှာဖုံးဒီဇိုင်း၊ အကြောင်းအရာနှင့် စာအုပ်အပြင်အဆင်တို့ အပြောင်းအလဲများ ပြုလုပ်ပြီး ဆယ်ကျော်သက်လူငယ်များကို ဦးတည်ပရိသတ်အဖြစ်ထားကာ လစဉ်ထုတ်ဝေလျက်ရှိပါသည်။ နိုင်ငံတကာထုတ် စာအုပ်စာစောင်များမှ ကောင်းနိုးရာရာ ခေတ်မီအကြောင်းရပ်များနှင့် ယခုလအတွက် ဖော်ပြသည့် "မြန်မာ့စာပို့တိုက်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ဖို့ ကမ္ဘာ့စာပို့တိုက်ကွန်ရက်ဖြင့် ချိတ်ဆက်ဆောင်ရွက်စို့" မျက်နှာဖုံးဆောင်းပါးကြီးများ ပါဝင်သော သုတပဒေသာနှင့် လူငယ်ရေးရာစာစောင် (အောက်တိုဘာလ) ကို ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က ဖြန့်ချိလိုက်ပြီ ဖြစ်သည်။

၂၀၂၅ ခုနှစ်၊ အောက်တိုဘာလထုတ် သုတပဒေသာနှင့် လူငယ်ရေးရာစာစောင်တွင် ဒေါက်တာ ခင်မောင်ညို၊ ဆန်းသစ်အောင် (မဟာဝိဇ္ဇာ-အင်္ဂလိပ်ဘာသာစကား) တို့၏ "မြန်မာ့စာပို့တိုက်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ဖို့ ကမ္ဘာ့စာပို့တိုက်ကွန်ရက်ဖြင့် ချိတ်ဆက်ဆောင်ရွက်စို့" မျက်နှာဖုံးဆောင်းပါးများ၊ နေပြည်ယည်၊ ကောင်းသန့်၊ မောင်ဒီပ (ပညာရေး)၊ ညီညီဖေ၊ ညီမော်သိမ်း၊ ကိုကျော်စွာ (ကျိုက်ဝိ)၊ ဇလွန်ကျော်ဦး၊ ထက်ဝေအောင်(စစ်ကိုင်း) တို့၏ လူငယ်ရေးရာ ဆောင်းပါးများ၊ မောင်မောင်မြင့်သိန်း (စက်မှုတက္ကသိုလ်)၊ အေးထွန်းမင်းတို့၏ နိုင်ငံတကာဆိုင်ရာ ဆောင်းပါးများ၊ မြသိန်း၊ လှဲ့လှဲ့ဝင်း (သတ္တဗေဒ)၊ ကျော်နန္ဒအောင် (အမ်ဝီအေ) တို့၏ သဘာဝပတ်ဝန်းကျင် ရှုထောင့်ဆိုင်ရာ ဆောင်းပါးများ၊ စောနိုင် (အသုံးချဘောဂဗေဒ)၏ စီးပွားရေးဆိုင်ရာ ဆောင်းပါး၊ မောင်ခင်ညို (မန်းတက္ကသိုလ်) ၏ မူးယစ်ဆေးဝါးဆိုင်ရာဆောင်းပါး၊ ရဲရင့်နဒီ၏ ကလေးအလုပ်သမားဆိုင်ရာ ဆောင်းပါး၊ ဒေါက်တာ မြင့်သန်း၊ ကိုကိုအောင် (အလုပ်သမား)၊ ဒေါက်တာ လွင်သန့်၊ ဒေါက်တာ ကောင်းစံတို့၏ ကျန်းမာရေးဆိုင်ရာဆောင်းပါးများ၊ ဦးဘသန်း (မဟာဝိဇ္ဇာ)၊ လင်း-ဆေး (၁)၊ စိုးစိုး (ပန်းတောင်း)၊ ပါမောက္ခ ဦးသိန်းလှိုင်၊ သားကျော်၊ ဆောင်းဝင်းလတ်၊ ဒေါက်တာ စန်းဦး၊ မော် (သန်လျင်) တို့၏ ကဗျာ၊ ဟာသ၊ ဝတ္ထုတို၊ ဖြစ်ရပ်မှန်နှင့် အထွေထွေ ကဏ္ဍများကို ရောင်စုံ၊ ဖြူ/မည်း သရုပ်ဖော်ပုံ ဝေဝေဆာဆာဖြင့် စီစဉ်တင်ဆက်ထားသည်။

သုတပဒေသာနှင့် လူငယ်ရေးရာစာစောင်ကို တစ်အုပ်လျှင် ၂၅၀၀ ကျပ်နှုန်းဖြင့် စာပေဗိမာန် စာအုပ်အရောင်းဆိုင်၊ အမှတ် (၈-၅၅)၊ သပြေကုန်ဈေး၊ နေပြည်တော် စာအုပ်ဆိုင်၊ ဖုန်း ၀၉-၄၄၉၅၄၀၆၆၇၊ ဖုန်း ၀၆၇-၃၄၁၄၆၈၁၊ စာပေဗိမာန်စာအုပ်အရောင်းဆိုင်၊ အမှတ် (၅၉-၅၃၁)၊ ကုန်သည်လမ်း၊ ရန်ကုန်မြို့၊ စာပေဗိမာန် စာအုပ်အရောင်းဆိုင်၊ ၆၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြား၊ မန္တလေး၊ ဖုန်း ၀၂-၄၀၃၀၁၈၆၊ ရန်ကုန်မြို့ရှိ စာအုပ်ဆိုင်ကြီးများတွင် ဝယ်ယူရရှိနိုင်ပြီး လက်ကားမှာယူလိုပါက စာပေဗိမာန် စာအုပ်အရောင်းဆိုင် အမှတ် (၅၉-၅၃၁)၊ ကုန်သည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း ၀၁-၈၂၄၉၀၃၁၊ ၀၁-၈၃၈၁၄၄၈ သို့ ဆက်သွယ်မှာယူနိုင်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

❖ ကျောဖုံးမှ

ကျင်းပပေးရန် တောင်းဆိုထားခြင်း ဖြစ်သည်။ ပရီမီယာလိဂ် အမှတ်ပေးဇယားဦးဆောင်သူ အာဆင်နယ်အသင်းသည် ဒီဇင်ဘာ ၂၃ ရက်တွင် အီးအက်ဖ်အယ်ဖလားပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်အဖြစ် ခရစ္စတယ်ပဲလေ့စ်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။

အာဆင်နယ်အသင်းသည် နည်းပြ အာတီတာ၏ ကစားသမားများအတွက် ကြံ့ခိုင်မှုပိုမိုရရှိစေရန် အဲဗာတန်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည့် ပွဲစဉ်ကို တစ်ရက်စော၍ ကစားရန် ဆန္ဒရှိနေခြင်း ဖြစ်သည်။ နည်းပြ အာတီတာ၏ အာဆင်နယ်အသင်းသည် ယခုနှစ်ရာသီ ပရီမီယာလိဂ် ၁၁ ပွဲကစားပြီးချိန်တွင် ဒုတိယနေရာမှ အနီးကပ် ဖိအားပေးလျက်ရှိသည့် မန်စီးတီးအသင်းထက် လေးမှတ်အသာ ရမှတ် ၂၆ မှတ်ဖြင့် အမှတ်ပေးဇယားကို ဦးဆောင်ထားသည်။ အောင်ဇော်

လူရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ ပန်ကာများကို ဆက်တိုက်ဖွင့်ထားခြင်းက မီးဘေးဖြစ်ပွားစေနိုင်၍ အသုံးလိုမှ ဖွင့်ပါ။

❑ နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

# အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်မိန့်ခွန်းကို တည်းဖြတ်ခဲ့မှုနှင့်စပ်လျဉ်း၍ ဘီဘီစီအကြီးအကဲနှစ်ဦး ရာထူးမှ နုတ်ထွက်




**လန်ဒန် နိုဝင်ဘာ ၁၁**
မှတ်တမ်းရုပ်သံတစ်ခုတွင် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်၏ မိန့်ခွန်းတစ်ခုကို ကြည့်ရှုသူများ အထင်လွဲအောင် တည်းဖြတ်ခဲ့သည့်အတွက် ဗြိတိန်၏ အများပြည်သူဆိုင်ရာ ရုပ်သံလွှင့်ဌာန ဘီဘီစီ၏ ညွှန်ကြားရေးမှူးချုပ် တင်ဒေးဗီနှင့် သတင်းဌာန စီအီးအိုဒယ်ဘရာတားနက်စ်တို့ ရာထူးမှနုတ်ထွက်ခဲ့ကြောင်း အဆိုပါရုပ်သံက ကြေညာခဲ့သည်။

ဘီဘီစီဥက္ကဋ္ဌ ဆမီယာရှားက အဆိုပါကိစ္စနှင့် ပတ်သက်ပြီး နိုဝင်ဘာ ၁၀ ရက်က တောင်းပန်ခဲ့သည်။ ဘီဘီစီ၏ ညွှန်ကြားရေးမှူးချုပ်သည် အယ်ဒီတာချုပ်အဖြစ်လည်း ဆောင်ရွက်ခဲ့သည်။ ဘီဘီစီသည် အဆိုပါမှတ်တမ်းရုပ်ရှင်ကို ၂၀၂၄ ခုနှစ် အမေရိကန်သမ္မတရွေးကောက်ပွဲမတိုင်ခင် ထုတ်လွှင့်ခဲ့သည်။

အဆိုပါ မှတ်တမ်းရုပ်ရှင်တွင် မစ္စတာထရမ့် ပြောကြားခဲ့သည့် မိန့်ခွန်းထဲမှ အပိုင်းနှစ်ပိုင်းကို တစ်ဆက်တည်းဖြစ်အောင် တည်းဖြတ်ထားပြီး ကြည့်ရှုသူများကို အထင်လွဲမှားစေခဲ့သည်ဟု အရိပ်အမြွက်ဖော်ပြထားသည့် ဆောင်းပါးကို ဗြိတိန်သတင်းစာ တယ်လီဂရပ်ဖ်က ယခုလအစောပိုင်းတွင် ထုတ်ပြန်ခဲ့သည်။

အဆိုပါမှတ်တမ်းရုပ်သံသည် ကပ်ပီတိုဟေးလ်တွင် ဖြစ်ခဲ့သည့် အဓိကရုဏ်းကို မစ္စတာထရမ့်က အားပေးလှုံ့ဆော်ခဲ့ပုံပေါက်စေခဲ့သည်ဟု တယ်လီဂရပ်ဖ်တွင် ဖော်ပြထားသည်။

၂၀၂၁ ခုနှစ် ဇန်နဝါရီ ၆ ရက်က ဝါရှင်တန်၌ ပြောကြားခဲ့သော မိန့်ခွန်းတွင် ထရမ့်က "ကျွန်တော်တို့ ကပ်ပီတိုးလ်ကို ချီတက်သွားကြမယ်။ ကျွန်တော်တို့ရဲ့ သတ္တိရှိတဲ့ အောက်လွှတ်တော်နဲ့ အထက်လွှတ်တော်က အမျိုးသမီး၊ အမျိုးသား အမတ်တွေကို အားပေးကြမယ်" ဟုဖော်ပြခဲ့သည့်အပေါ် ဘီဘီစီ၏ မှတ်တမ်းရုပ်ရှင်တွင် "ကျွန်တော်တို့ ကပ်ပီတိုးလ်တို့ကို ချီတက်ကြမယ်။ အဲဒီမှာ ခင်ဗျားတို့နဲ့အတူ ကျွန်တော်ရှိမယ်။ ပြီးရင်တိုက်ပွဲဝင်ကြမယ်။ အစွမ်းကုန်တိုက်ပွဲဝင်ကြမယ်" ဟုဆိုသည့် အဓိပ္ပာယ်မျိုးဖြစ်အောင် တည်းဖြတ်ထားသည်ဟု တယ်လီဂရပ်ဖ်တွင် ဖော်ပြထားသည်။

တယ်လီဂရပ်ဖ်တွင် ဖော်ပြခဲ့သည့် အဆိုပါ ဆောင်းပါးကြောင့် ဗြိတိန်တွင် ဘီဘီစီကို ဝေဖန်မှုများ ပြုလုပ်ခဲ့ကြသည်။ ဘီဘီစီ၏ ညွှန်ကြားရေးမှူးချုပ် တင်ဒေးဗီက အမှားအယွင်း အချို့ရှိခဲ့သည့်အတွက် မိမိတာဝန်ယူရမည်ဟု ပြောကြားခဲ့သည်။

မစ္စတာ ထရမ့်က ဘီဘီစီ၏ထိပ်တန်းအကြီးအကဲနှစ်ဦးကို သမ္မတရွေးကောက်ပွဲ၏ တရားမျှတမှုကို ယိမ်းယိုင်စေရန် ကြိုးပမ်းခဲ့သည့် မရိုးသားသူတွေအဖြစ် ပြင်းပြင်းထန်ထန်တုံ့ပြန်ခဲ့သည်။

**ဆင်ဟွာ၊**
**အင်န်အိတ်ချ်ကေ**

# ရာသီဥတုပြောင်းလဲမှုတိုက်ဖျက်ရေး COP30 ညီလာခံကျင်းပ




**ဘယ်လမ် နိုဝင်ဘာ ၁၁**
ရာသီဥတုပြောင်းလဲမှု တိုက်ဖျက်ရေးကို နိုင်ငံတကာ ဦးစားပေးကိစ္စရပ်တစ်ခုအဖြစ် ပြန်လည်အာရုံစိုက်ရန် ရည်ရွယ်ချက်ဖြင့် COP30 ဟုလူသိများသည့် အကြိမ် (၃၀) မြောက် ကုလသမဂ္ဂရာသီဥတုပြောင်းလဲရေး ညီလာခံကို ဘရာဇီးနိုင်ငံ ဘယ်လမ်မြို့၌ နိုဝင်ဘာ ၁၀ ရက်က ကျင်းပခဲ့သည်။

ဖွင့်ပွဲ အခမ်းအနားတွင် COP29 ဥက္ကဋ္ဌ မုခ်တာဘာဘာရက်ဗ်က လွန်ခဲ့သောနှစ်က အဇာဘိုင်ဂျန်နိုင်ငံ မြို့တော် ဗာကူး၌ ကျင်းပခဲ့သည့် ရာသီဥတုပြောင်းလဲရေး ညီလာခံ၏ ရည်မှန်းချက်များပြည့်မီရန် တောင်းဆိုခဲ့သည်။

COP30 ဥက္ကဋ္ဌ အန်ဒရီ ကော်ရီရာ ဒိုလာဂိုက မိမိကို COP30 ဥက္ကဋ္ဌအဖြစ် ခန့်အပ်ပေးခဲ့ပြီး COP30 ကဖြေရှင်းချက်များကို တင်ပြရမည်ဟု ပြောကြားခဲ့သည့်အတွက် ဘရာဇီးသမ္မတ လူဝစ်ဇ်အင်နာစီယိုလူလာဒီဆေးဗားလ်ကို ကျေးဇူးတင်ကြောင်း ပြောကြားခဲ့သည်။

မကြာသေးမီက ဆုတ်ယုတ်မှုများရှိသော်လည်း ကမ္ဘာတစ်ဝန်းလုံးရှိ လူနေထိုင်မှုအခြေအနေများ ကျိန်းသေ ဖွံ့ဖြိုးတိုးတက်ရမည်ဖြစ်ကြောင်း၊ ထို့အပြင် သိပ္ပံ၊ ပညာရေး၊ ယဉ်ကျေးမှုစသည့် လမ်းကြောင်းများကိုလည်း အမီလိုက်ရမည်ဖြစ်ကြောင်း ကော်ရီရာ ဒိုလာဂိုက ပြောကြားခဲ့သည်။

ရာသီဥတု ပြောင်းလဲမှုကို တိုက်ဖျက်ရာတွင် နိုင်ငံပေါင်းစုံ ပါဝင်သည့် ဘက်ပေါင်းစုံသဘောတူညီချက်သည် ကောင်းမွန်မှန်ကန်သည့် လမ်းကြောင်းတစ်ခုဖြစ်သည်မှာ သေချာကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ညီလာခံတွင် ဆွေးနွေးသွားမည့်အကြောင်းအရာများအနက် ရာသီဥတု လိုက်လျောညီထွေရှိရေး၊ အသွင်ကူးပြောင်းရေးနှင့် ပါရီသဘောတူညီချက်၏ ကမ္ဘာလုံးဆိုင်ရာ ဟန်ချက်ညီမှုကို အကောင်အထည်ဖော်ရေး စသည့် အကြောင်းအရာများကို ဦးစားပေးဆွေးနွေးသွားမည်ဟု မျှော်လင့်ရသည်။

နိုဝင်ဘာ ၂၁ ရက်အထိ ကျင်းပမည့် အဆိုပါအစည်းအဝေးသို့ နိုင်ငံနှင့်ဒေသပေါင်း ၁၉၀ ကျော်မှ ကိုယ်စားလှယ်များပါဝင်တက်ရောက်ရန် စာရင်းပေးသွင်းထားသည်။ **ဆင်ဟွာ**

# နယူးဒေလီကားပေါက်ကွဲမှု နောက်ကွယ်မှ အမှန်တရားကို ရှာဖွေဖော်ထုတ်သွားမည်ဟု မိုဒီပြော

**နယူးဒေလီ နိုဝင်ဘာ ၁၁**
အိန္ဒိယဝန်ကြီးချုပ် နာရိန်ဒရာမိုဒီက မြို့တော်နယူးဒေလီ၌ လူရှစ်ဦး သေဆုံးခဲ့သည့် ကားပေါက်ကွဲမှုဖြစ်ရပ်နောက်ကွယ်မှ အမှန်တရားကို ရှာဖွေဖော်ထုတ်သွားမည်ဟု ကတိပြုခဲ့သည်။

အိမ်နီးချင်း ဘူတန်နိုင်ငံသို့ သွားရောက်စဉ် ဝန်ကြီးချုပ်က ကားပေါက်ကွဲမှုတွင် သေဆုံးခဲ့သူများအတွက် ဝမ်းနည်းကြောင်း သဝဏ်လွှာပေးပို့ခဲ့သည်။

အခင်းဖြစ်ပွားမှုနောက်ကွယ်မှ ရှိသူများကို ခွင့်လွှတ်ပေးမည်မဟုတ်ကြောင်းနှင့် "တရားမျှတမှု" ဖြင့် အရေးယူမည်ဖြစ်ကြောင်း ၎င်းက ပြောကြားခဲ့သည်။

ပေါက်ကွဲမှုသည် နိုင်ငံခြားသားများ လာရောက်လည်ပတ်ရာ ယူနက်စကိုကမ္ဘာ့အမွေအနှစ် နေရာတစ်ခုဖြစ်သည့် ရက်ဒ်ဖော့ဒ်နှင့် မြေအောက်ရထားဘူတာရုံအနီး၌ နိုဝင်ဘာ ၁၀ ရက် ည ၇ နာရီခန့်တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ **အင်န်အိတ်ချ်ကေ**

# ဂျပန်နိုင်ငံ၌ ဝက်ဝံတိုက်ခိုက်မှုကြောင့် စံချိန်တင် ထိခိုက်သေဆုံးသူ ၂၂၀ ထက်မနည်းရှိလာ

**တိုကျို နိုဝင်ဘာ ၁၁**
ဂျပန်နိုင်ငံ၌ ဧပြီလတွင် စတင်ခဲ့သည့် လက်ရှိဘဏ္ဍာနှစ်အတွင်း ဝက်ဝံတိုက်ခိုက်မှုများကြောင့် နိုဝင်ဘာ ၁၁ ရက် မွန်းလွဲပိုင်းအထိ လူပေါင်း ၂၂၀ ထက်မနည်း ထိခိုက်သေဆုံးမှု ဖြစ်ပွားခဲ့ကြောင်း အင်န်အိတ်ချ်ကေသတင်းဌာနက ဖော်ထုတ်တွေ့ရှိခဲ့သည်။

အဆိုပါ အချက်အလက်များမှာ ဂျပန်နိုင်ငံရှိ စီရင်စု ၄၇ စု အနက် ၂၁ စု အကျုံးဝင်ကြောင်း၊ ယင်းအရေအတွက်မှာ ၂၀၂၃ ဘဏ္ဍာနှစ်က စံချိန်တင်ထားသည့် ၂၁၉ ဦးကို ကျော်လွန်လာပြီဖြစ်ကြောင်း သိရသည်။ ပတ်ဝန်းကျင်ဝန်ကြီးဌာနက ဖော်ပြသော အချက်အလက်များအရ လက်ရှိဘဏ္ဍာနှစ်အတွင်း ယခုအချိန်အထိ ဝက်ဝံတိုက်ခိုက်ခံရမှုကြောင့် သေဆုံးသူအရေအတွက်မှာ ၁၃ဦး အထိရှိလာပြီး ယင်းအရေအတွက်မှာ စံချိန်တင်အများဆုံးဖြစ်သည်။

စီရင်စုအလိုက် အိဝါတဲစီရင်စုတွင် ငါးဦး၊ အာကိတာစီရင်စုတွင် လေးဦး၊ ဟော့ကိုင်းဒိုး စီရင်စုတွင် နှစ်ဦး၊ နာဂါနာစီရင်စုနှင့် မီယာဂီစီရင်စုတို့တွင် တစ်ဦးစီ သေဆုံးခဲ့သည်။ ဝက်သစ်ချသီးနှင့် beechnuts သီးများသည် ဝက်ဝံများ၏ အဓိကအစားအစာအရင်းအမြစ်များဖြစ်သည်။

ဝက်ဝံများ၏ သဘာဝကျက်စားရာနေရာများတွင် အစားအစာရှားပါးသောနှစ်များ၌ အဆိုပါတိရစ္ဆာန်များသည် ဆောင်းဦးရာသီဝန်းကျင်တွင် အစားအစာရှာဖွေရန် လူနေရပ်ကွက်များသို့ ရောက်လာတတ်ကြကြောင်း သိရသည်။ ထို့ကြောင့် ဝက်ဝံများ၏ ရန်ပြုတိုက်ခိုက်မှုများကြောင့် လူ့အသက်ဆုံးရှုံးနိုင်ခြေ ပိုမိုမြင့်တက်လာခြင်း ဖြစ်သည်။ **အင်န်အိတ်ချ်ကေ**

# ဗီယက်နမ်နိုင်ငံက လာမည့်နှစ်တွင် ဒေသအလိုက် အနိမ့်ဆုံးလုပ်ခလစာ တိုးမြှင့်မည်



**ဟန္နိုင်း နိုဝင်ဘာ ၁၁**
ဗီယက်နမ်နိုင်ငံသည် အလုပ်သမားစာချုပ်ဖြင့် ခန့်အပ်ထားသော လုပ်သားများအတွက် ဒေသအလိုက် အနိမ့်ဆုံးလုပ်ခလစာကို လာမည့်နှစ်တွင် ၇ ဒသမ ၂ ရာခိုင်နှုန်း တိုးမြှင့်ပေးသွားမည်ဖြစ်ကြောင်း ဗီယက်နမ်သတင်းအေဂျင်စီက နိုဝင်ဘာ ၁၀ ရက်တွင် ဖော်ပြထားသည်။

အစိုးရ၏ အမိန့်ညွှန်ကြားချက်အရ အနိမ့်ဆုံး လုပ်ခလစာကို ဗီယက်နမ်ဒေါင် ၂၅၀၀၀၀ နှင့် ၃၅၀၀၀၀ (အမေရိကန်ဒေါ်လာ ၉ ဒသမ ၉၆နှင့် ၁၃ ဒသမ ၉၄ ဒေါ်လာခန့်) ကြား တိုးမြှင့်ပေးသွားမည်ဖြစ်သည့်အတွက် လစဉ်အနိမ့်ဆုံးလုပ်ခလစာ အသစ်မှာ ဒေါင် ၃ ဒသမ ၇ သန်း (အမေရိကန်ဒေါ်လာ ၁၄၇ ဒေါ်လာခန့်) သို့ ရောက်ရှိသွားမည်ဖြစ်သည်။

ဒေသတွင်း စီးပွားရေးအခြေအနေများပေါ် မူတည်၍ လုပ်ခလစာချိန်ညှိမှုများကို လုပ်အားခနှုန်းထားသတ်မှတ်သည့် ဒေသလေးခု အကျုံးဝင်မည်ဖြစ်ပြီး ဟန္နိုင်း၊ ဟိုချီမင်းစီးတီး၊ ဒါနန်း၊ ဟိုင်ဖုန်နှင့် ကန်ထောမြို့များပါဝင်သော ပထမအဆင့်ဒေသတွင် အမြင့်ဆုံး လုပ်ခနှုန်းထားများ သတ်မှတ်ထားကြောင်း VNExpress က ဖော်ပြထားသည်။

လူနေမှုစရိတ် မြင့်တက်လာခြင်းနှင့် ငွေကြေးဖောင်းပွမှုဖိအားများကြားတွင် လိုက်လျောညီထွေဖြစ်စေရန် လုပ်သားများ၏ အခြေခံလူနေမှုဘဝ စံနှုန်းများကို အကာအကွယ်ပေးရန် အနိမ့်ဆုံးလုပ်ခလစာကို ၂၀၀၀ ပြည့်နှစ်နောက်ပိုင်း အစိုးရက အကြိမ် ၂၀ ပြင်ဆင်သတ်မှတ်ခဲ့ပြီး ဖြစ်သည်။ **ဆင်ဟွာ**

# တရားမဝင် သစ်မျိုးစုံ၊ စားသောက်ကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ယာဉ်၊ တရားမဝင်ကုန်ပစ္စည်းတင် မော်တော်ယာဉ်များနှင့် ရေယာဉ် ဖမ်းဆီးရမိ

**နေပြည်တော် နိုဝင်ဘာ ၁၁**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ချင်းပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ နိုဝင်ဘာ ၉ ရက်တွင် ဟားခါးမြို့နယ်အတွင်း၌ လိုင်စင်မဲ့မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၀၀၀၀၀၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ နိုဝင်ဘာ ၇ ရက်တွင် ပြည်မြို့နယ်၊ ဒိုက်ဦးမြို့နယ်နှင့် အုတ်တွင်းမြို့နယ်တို့အတွင်း၌ တရားမဝင်ကျွန်းသစ် ၀ ဒသမ ၀၉၃ တန်၊ အခြားသစ် ၈ ဒသမ ၉၇၄ တန် စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၆၇၄၂၄ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ နိုဝင်ဘာ ၇ ရက်တွင် ရတနာပုံ တံတားစစ်ဆေးရေးဂိတ်၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ခြောက်မျိုး




ရန်ကုန်တိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။

(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၆၅၃၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Toyota Dyna တစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၅၀၀၀၀၀၀)ကိုလည်းကောင်း၊ နိုဝင်ဘာ ၈ ရက်တွင် ၁၆ မိုင်ကျောက်ချောစစ်ဆေးရေးစခန်း၌ မော်တော်ယာဉ်သုံးစီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ၁၉ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၃၇၁၈၉၂၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Win Myanmar Light Truck တစ်စီး၊ Nissan Diesel Truck တစ်စီး၊ Nidi Truck တစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၉၃၀၀၀၀၀၀)ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၁၈၃၇၁၉၂၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အမှုတွဲဖွင့်လှစ်ထားရှိသည်။

အလားတူ ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ နိုဝင်ဘာ ၉ ရက်တွင် မုတ္တမဆိပ်ကမ်း (လှိုင်သာယာ)၌ ကော့သောင်းမြို့မှ ရန်ကုန်မြို့သို့ ဆိုက်ကပ်လာသည့် ရေယာဉ်တစ်စင်းပေါ်မှ သွင်းကုန်လိုင်စင်၊ သွင်းကုန်ကြေညာလွှာ (ID)ပါ ဖော်ပြချက်နှင့် ကိုက်ညီမှန်ကန်မှုရှိသည့် လုပ်ငန်းသုံးပစ္စည်း ခြောက်မျိုးနှင့် လူသုံးကုန်ပစ္စည်း နှစ်မျိုးအား အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ စိစစ်ခွင့်ပြုပေးခဲ့ပြီး သွင်းကုန်ကြေညာလွှာ (ID)တွင် ဖော်ပြထားခြင်းမရှိသော အကောက်ခွန်မဲ့ကုန်ပစ္စည်းများဖြစ်သည့် လုပ်ငန်းသုံးပစ္စည်း ၇၃ မျိုး၊ စားသောက်ကုန်ပစ္စည်း ရှစ်မျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၉၃၅၈၇၈၅၂၀)နှင့် အဆိုပါ ပစ္စည်းများတင်ဆောင်လာသည့် MV. Sea Lion 5 ရေယာဉ်တစ်စင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၆၅၀၀၀၀၀၀၀)ကိုလည်းကောင်း၊ စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၅၈၅၈၇၈၅၂၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အမှုတွဲဖွင့်လှစ်ထားရှိသည်။

၂၀၂၅ ခုနှစ် နိုဝင်ဘာ ၇ ရက်၊ ၈ ရက်နှင့် ၉ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၂၉ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၉၁၆၂၁၇၈၆၄)ကို ဖမ်းဆီးရမိခဲ့သည်။ တရားမဝင် တင်သွင်းမှုများကြောင့် သွင်းကုန်အစားအထိုး ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများနှင့် စက်မှုဇုန်များရှိ အသေးစား၊ အလတ်စားလုပ်ငန်းများကို ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်စေပြီး နိုင်ငံ၏ စီးပွားရေးဦးတည်ချက်များကိုပါ ထိခိုက်စေနိုင်သည်။ သို့ဖြစ်ပါ၍ ၎င်းတရားမဝင် တင်သွင်းမှုများအား သက်ဆိုင်ရာ တာဝန်ရှိသူများက ယခုထက်ပိုမို၍ တားဆီးစစ်ဆေး ကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သတင်းရရှိသည်။

**သတင်းစဉ်**

## လက်ပံတန်း၌ မြန်မာအီလက်ထရောနစ်မဲပေးစက် တပ်ဆင်အသုံးပြုခြင်း သင်တန်းပို့ချ

**လက်ပံတန်း နိုဝင်ဘာ ၁၁** အီလက်ထရောနစ် မဲပေးစက် လက်ပံတန်းမြို့နယ်၌ မြန်မာ တပ်ဆင်အသုံးပြုခြင်း သင်တန်း



ကို ယနေ့နံနက်ပိုင်းက မြို့နယ်ပညာရေးမှူးရုံး၌ ပြုလုပ်သည်။

ဦးစွာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှ ဦးစီးအရာရှိ ဒေါ်ဟေမာမျိုးသိန်းက မြန်မာအီလက်ထရောနစ် မဲပေးစက် တပ်ဆင်အသုံးပြုပုံကို ရှင်းလင်းပြောကြားပြီး မြို့နယ်ကော်မရှင်အဖွဲ့ဝင်များနှင့် ဝန်ထမ်းများက မဲပေးစက် တပ်ဆင်အသုံးပြုပုံ ဆင့်ဆင့်ကို အဖွဲ့လိုက် လက်တွေ့သရုပ်ပြ ရှင်းလင်းပို့ချခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## ရေစူးကန့်သတ်ချက် လိုက်နာကြရန် ရေလမ်းသတိပေးနှိုးဆော်ချက်

၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၁၅ ရက်မှ ၂၀၂၆ ခုနှစ်၊ မေလ ၁၅ ရက်အထိကာလသည် ရေနည်းကာလဖြစ်သောကြောင့် ပြည်တွင်းရေလမ်းများတွင် ရေယာဉ်များ လုံခြုံချောမွေ့စွာ သွားလာနိုင်ရေးအတွက် ရေကြောင်းနယ်မြေအလိုက် ရေယာဉ်များ၏ ဝန်တင်ရေစူးကို ရေနည်းကာလအတွင်း အောက်ပါအတိုင်း ကန့်သတ်ထားပါသည်-

| စဉ် | မြစ်အမည် | ရေကြောင်းနယ်မြေ | | ရေစူးကန့်သတ်ချက် | |
|---|---|---|---|---|---|
| | | မှ | ထိ | ပေ | လက်မ |
| ၁။ | ဧရာဝတီမြစ် | ဟသ်ာတ | ပြည် | ၅ | ၆ |
| ၂။ | | ပြည် | မန္တလေး | ၅ | ၀ |
| ၃။ | | မန္တလေး | ကသာ | ၄ | ၀ |
| ၄။ | | ကသာ | ဗန်းမော် | ၃ | ၉ |
| ၅။ | | ဆင်ဘို | မြစ်ကြီးနား | ၂ | ၆ |
| ၆။ | ချင်းတွင်းမြစ် | ချင်းတွင်းဝ | မုံရွာ | ၃ | ၀ |
| ၇။ | | မုံရွာ | ကလေးဝ | ၃ | ၃ |
| ၈။ | | ကလေးဝ | ဟုမ္မလင်း | ၃ | ၀ |
| ၉။ | | ဟုမ္မလင်း | ခန္တီး | ၂ | ၆ |

သို့ဖြစ်ပါ၍ ဖော်ပြပါ ဝန်တင်ရေစူး ကန့်သတ်ချက်ကို ရေယာဉ်များ လိုက်နာကြရန်နှင့် သတ်မှတ်ရေလမ်းအတိုင်း လိုက်နာခုတ်မောင်းကြရန် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ရေလမ်းသတိပေးနှိုးဆော်ချက် ထုတ်ပြန်ထားပါသည်။

## ရေးမြို့နယ်၌ (၁၀၅)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ စာစီစာကုံး၊ ကဗျာနှင့် ပန်းချီပြိုင်ပွဲကျင်းပ

**ရေး နိုဝင်ဘာ ၁၁**

နိုဝင်ဘာ ၁၄ ရက်တွင် ကျရောက်မည့် (၁၀၅)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ် မြို့နယ်အဆင့် စာစီစာကုံး၊ ကဗျာနှင့် ပန်းချီပြိုင်ပွဲများကို ယနေ့နံနက်ပိုင်းက မွန်ပြည်နယ် ရေးမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။



အဆိုပါပြိုင်ပွဲများ ကျင်းပနေမှုကို ရေးမြို့နယ် ခေတ္တတပ်နယ်မှူး ဒုတိယဗိုလ်မှူးကြီး ခိုင်ဇော်၊ ရေးခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးထိန်စိုးနှင့် ခရိုင်စီမံအဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်မျိုးနိုင်နှင့် မြို့နယ်စီမံအဖွဲ့ဝင်များ၊ ခရိုင်ပညာရေးမှူး ဒေါ်ခင်ခင်စန်းနှင့် မြို့နယ်ပညာရေးမှူး ဦးမင်းဌေးဦးတို့က အထက်တန်းအဆင့် စာစီစာကုံး ပြိုင်ပွဲတွင် စည်းလုံးချစ်ကြည် လက်တွဲညီ ရွှေပြည်သစ်ဆီ တို့လှမ်းချီ ခေါင်းစဉ်ဖြင့် ကျောင်းသား ကျောင်းသူ ၁၀ ဦး၊ အထက်တန်းအဆင့် ကဗျာပြိုင်ပွဲတွင် အမျိုးသားအောင်ပွဲ တို့ဆင်နွှဲ ခေါင်းစဉ်ဖြင့် ကျောင်းသား ကျောင်းသူ ၁၁ ဦး၊ အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် အမျိုးသားနေ့နှင့် လူငယ့်တာဝန် ခေါင်းစဉ်ဖြင့် ကျောင်းသား ကျောင်းသူ ၂၀ ၊ မူလတန်းအဆင့်စာစီစာကုံး ပြိုင်ပွဲတွင် အမျိုးသားနေ့ တို့မမေ့ ခေါင်းစဉ်ဖြင့် ကျောင်းသား ကျောင်းသူ ၁၄ ဦး၊ အလယ်တန်းအဆင့် ပန်းချီပြိုင်ပွဲတွင် စည်းလုံးညီညာ ပြည်မြန်မာ ခေါင်းစဉ်ဖြင့် ကျောင်းသား ကျောင်းသူ ၂၀ နှင့် မူလတန်းအဆင့် ပန်းချီပြိုင်ပွဲတွင် အမျိုးသားနေ့ တို့မမေ့ ခေါင်းစဉ်ဖြင့် ကျောင်းသား ကျောင်းသူ ၂၀ တို့ ပါဝင်ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးသည်။

**ရှင်းသန့်ဖြူ(ပြန်/ဆက်)**

## မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးသီးကြွေခြင်း ဖြစ်ပေါ်နိုင်

**နေပြည်တော် နိုဝင်ဘာ ၁၁**

မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေမှာ တနင်္သာရီတိုင်းဒေသကြီးတွင် မိုးတိမ်တောင်များ ဖြစ်ထွန်းမှုအားကောင်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ငါးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။ **မိုး/ဇလ**

# အမျိုးသားအကျိုးစီးပွားတိုးတက်ရေးပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် နိုဝင်ဘာ ၁၁

**အမျိုးသားအကျိုးစီးပွားတိုးတက်ရေးပါတီ ဥက္ကဋ္ဌ ဦးသန့်ဇော်က ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို နိုဝင်ဘာ ၁၁ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။**

**အဆိုပါ ဟောပြောတင်ပြချက် အပြည့်အစုံမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-**




**ရှိသေလေးစားအပ်ပါသော မိဘပြည်သူအပေါင်းတို့ ခင်ဗျား။**

"ကျန်းမာ ရွှင်လန်း ချမ်းမြေ့ကြပါစေ" လို့ ဦးစွာပဏာမ နှုတ်ခွန်းဆက်သအပ်ပါတယ် ခင်ဗျာ...

ကျွန်တော်ကတော့ အမျိုးသားအကျိုးစီးပွားတိုးတက်ရေးပါတီ NIDP (ဗဟို) ၏ ဥက္ကဋ္ဌ ဦးသန့်ဇော် ဖြစ်ပါတယ်။ (မွန်ပြည်နယ်)မှာ အခြေပြုထားတဲ့ ပါတီတစ်ခု ဖြစ်ပါတယ်။

မကြာခင်မှာ (တတိယအကြိမ်)လွှတ်တော်အတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးကို ကျင်းပတော့မှာဖြစ်ပါတယ်။ မဲဆန္ဒရှင်ပြည်သူများရဲ့ ဆုံးဖြတ်ချက်မှန်ကန်မှုဟာ ဘယ်လောက်အရေးပါလဲ... ရွေးကောက်ပွဲဟာ နိုင်ငံတော် ပြုပြင်ပြောင်းလဲရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးရဲ့ အနာဂတ်ကို ဘယ်လောက်ထိထင်ဟပ်စေလဲ...ဆိုတာ မျက်ဝါးထင်ထင် တွေ့မြင်ကြရတော့မှာ ဖြစ်ပါတယ်....

ယနေ့ ကမ္ဘာ့နိုင်ငံအသီးသီးဟာ ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုး၊ ကိုယ့်အမျိုးသားအကျိုးစီးပွားပေါ်မှာသာ ရပ်တည်နေခဲ့ကြပါတယ်....

- ဒီကနေ့ ကျွန်တော်တို့နိုင်ငံဟာ နိုင်ငံတကာရဲ့ ဖိအားတွေကို ကြီးကြီးမားမား ခံနေရပါတယ်။
- နိုင်ငံရေးမတည်ငြိမ်မှုတွေကြောင့် တိုင်းပြည်ရဲ့ စီးပွားရေး၊ လူမှုရေး၊ လုံခြုံရေးတွေကိုလည်း အဘက်ဘက်က စိုးရိမ်ပူပန်နေကြရတဲ့ အချိန်ကာလလည်း ဖြစ်နေပါတယ်။
- ငွေကြေးဖောင်းပွမှုကြောင့် ကုန်ဈေးနှုန်းကြီးမြင့်မှုဒဏ်တွေကိုလည်း ပြည်သူတွေ ခံစားနေကြရပါတယ်။
- ပြည်ပနိုင်ငံများရဲ့ စွက်ဖက်မှုကြောင့် တိုင်းပြည်ရဲ့.. အချုပ်အခြာအာဏာကို ထိပါးတဲ့ဖြစ်ရပ်တွေလည်း ပေါ်ပေါက်ခဲ့ပါတယ်။

မိမိတို့နိုင်ငံ၏ ပထဝီနိုင်ငံရေးအခြေအနေ၊ ပြည်ပက သွေးထိုးနှောင့်ယှက်မှုများကြောင့် နိုင်ငံတော်ရဲ့တည်ငြိမ်ရေး၊ လုံခြုံရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးအတွက် ပြည်သူတစ်ရပ်လုံးနဲ့အမျိုးသားရေးအင်အားစုများ ပေါင်းစည်းပါဝင်မှသာ တည်တံ့ခိုင်မာမှုရှိမယ်ဆိုတာ ကျွန်တော်တို့ ယုံကြည်ပါတယ်..

ဒါ့ကြောင့် ကျွန်တော်တို့ ပါတီသည်လည်း မိဘပြည်သူများနဲ့အတူ နိုင်ငံတော်တည်ဆောက်ရေးမှာ ကျရာအခန်းကဏ္ဍကနေပြီး ပါဝင်ဆောင်ရွက်နိုင်ဖို့ သန္နိဋ္ဌာန်ချထားပါတယ်....

ရှိသေလေးစားအပ်သော မိဘပြည်သူများခင်ဗျာ-----ပါတီရဲ့အခြေခံရပ်တည်ချက်နှင့် မူဝါဒကို တင်ပြလိုပါတယ်။

ကျွန်တော်တို့ အမျိုးသားအကျိုးစီးပွားတိုးတက်ရေးပါတီရဲ့ အခြေခံရပ်တည်ချက်ဟာ တိုင်းရင်းသားအားလုံးနဲ့ နိုင်ငံသူ၊ နိုင်ငံသားတွေရဲ့ အကျိုးစီးပွား၊ တိုင်းပြည်ရဲ့ အမျိုးသားအကျိုးစီးပွားအပေါ် ပြတ်ပြတ်သားသား ရပ်တည်သွားမှာ ဖြစ်ပါတယ်။

မူဝါဒအားဖြင့် – အခြေခံရပ်တည်ချက်တူညီတဲ့ မည်သည့်နိုင်ငံရေးပါတီ၊ အဖွဲ့အစည်းများနဲ့မဆို ပူးပေါင်းဆောင်ရွက်သွားပါမယ်။

(၁) တိုင်းရင်းသားများအကြား တန်းတူအခွင့်အရေးရရှိရေး၊ (၂) နိုင်ငံရေး၊ လူမှုရေးပဋိပက္ခများ ချုပ်ငြိမ်းစေရေးတို့ကိုဦးတည်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

အထူးသဖြင့် မျိုးဆက်သစ်တွေအတွက် ကောင်းမွန်သော နိုင်ငံရေးဝန်းကျင်သစ် ပညာရေးအခြေခံသစ်တွေဖြစ်ပေါ်ရေး ကြိုးပမ်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

အမျိုးသားအကျိုးစီးပွားအပေါ်မှာ အခြေခံပြီး နိုင်ငံချစ်စိတ်၊ လူမျိုးချစ်စိတ်၊ နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်လိုစိတ်တွေကို မှန်မှန်ကန်ကန်နဲ့ အစွန်းမရောက်စေဘဲ ပြုစုပျိုးထောင်ပေးသွားမှာ ဖြစ်ပါတယ်။

ဆက်လက်၍ ကျွန်တော်တို့ ပါတီမူဝါဒတွေထဲက အရေးကြီးဆုံးအပိုင်းတွေကို တင်ပြချင်ပါတယ်။

**တိုင်းရင်းသားများကဏ္ဍ**

အမျိုးသားအကျိုးစီးပွား တိုးတက်ရေးပါတီအနေနဲ့ တိုင်းရင်းသားများကဏ္ဍအပေါ်မှာ အလွန်အလေးအနက်ထားပါတယ်။ လူမျိုးစွဲ ဒေသစွဲများ ပျောက်ကင်းပြီး မြန်မာနိုင်ငံဟာ တိုင်းရင်းသား ၁၃၅ မျိုးလုံးရဲ့ တစ်ခုတည်းသောနိုင်ငံ၊ တူညီသော ရည်မှန်းချက်၊ ညီမျှသောဖွံ့ဖြိုးတိုးတက်မှု၊ အချင်းချင်း အပြန်အလှန် ချစ်ခင်လေးစားမှုရှိပြီး သံသယတွေ ပျောက်ကင်းတဲ့ ငြိမ်းချမ်းတဲ့ အခြေအနေတစ်ခုရောက်အောင် ဆောင်ရွက်ဖို့ ရည်မှန်းပါတယ်...ဒါမှသာ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို အရောက်လှမ်းနိုင်မှာ ဖြစ်ပါတယ်။

ဒါ့အပြင် တိုင်းရင်းသားလူမျိုးအသီးသီးတို့၏ အမျိုးသားရေးလက္ခဏာများ၊ ဓလေ့ထုံးတမ်းများ၊ စာပေနှင့် ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေးကို အလေးထားပါမည်။

**ပညာရေးနှင့် ကျန်းမာရေးကဏ္ဍ**

ကျွန်တော်တို့အနေနဲ့ ပြည်သူ့ကျန်းမာရေးကို အခြေခံအခွင့်အရေးအဖြစ် သတ်မှတ်ထားပါတယ်။

- ပြည်သူတိုင်း ကျန်းမာရေးစောင့်ရှောက်မှုအခွင့်အရေးကို တန်းတူခံစားခွင့်ရရှိစေပါမယ်။
- ကျေးလက်ဒေသနှင့် ခက်ခဲဒေသတွေမှာ ဆေးရုံ၊ ဆေးခန်းတွေကို တိုးချဲ့တည်ဆောက်ပေးမယ်။
- ပြည်သူတွေအတွက် ပြည်သူ့ဆေးရုံကြီးတွေနဲ့ ကျေးလက်ဆေးပေးခန်းများအား အဆင့်မြှင့်တင်ဖို့ ကြိုးပမ်းသွားပါမယ်။
- ဆေးဝါးနဲ့ ဆရာဝန်များ လုံလောက်အောင် စနစ်ကျကျဖြန့်ဝေပေးပါမယ်။
- လူတိုင်းကောင်းမွန်သော ကျန်းမာရေးစောင့်ရှောက်မှု၊ စရိတ်သက်သာ၍ အာမခံချက်ရှိသော ကျန်းမာရေးစောင့်ရှောက်မှု အခွင့်အလမ်းများရရှိစေရန် ဆောင်ရွက်ပေးသွားပါမယ်။

"ပညာရေးကဏ္ဍ" ကလည်း နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအတွက် အခြေခံအုတ်မြစ်ဖြစ်ပါတယ်။

- နိုင်ငံသားတိုင်းဟာ တန်းတူညီမျှ ပညာသင်ကြားခွင့်ရရှိစေမှာဖြစ်ပြီး ပညာသင်ကြားရေးသည် အနည်းဆုံး မူလတန်းနှင့် အခြေခံအဆင့်တွင် အခမဲ့သင်ကြားခွင့်ရရှိအောင် ပံ့ပိုးဆောင်ရွက်သွားပါမယ်။
- ကျေးလက်ဒေသနေ ကျောင်းသားကျောင်းသူများအတွက် အခြေခံကျောင်းသုံးပစ္စည်းများ အခက်အခဲမရှိအောင် တိုက်ရိုက်ထောက်ပံ့ပေးမယ်။
- နည်းပညာ၊ တက္ကသိုလ်ပညာ၊ အသက်မွေးဝမ်းကျောင်းသင်တန်းတွေကို တိုးချဲ့ပေးပြီး လူငယ်တွေကို အလုပ်အကိုင်အခွင့်အလမ်းအတွက် လုပ်ငန်းခွင်နဲ့ တိုက်ရိုက် ချိတ်ဆက်ပေးနိုင်တဲ့ လက်တွေ့ပညာရပ်တွေကို ဖော်ဆောင်ပေးသွားမှာ ဖြစ်ပါတယ်။

**ဥပဒေပြုရေးနဲ့တရားစီရင်ရေးကဏ္ဍ**

ဒီကနေ့ ဥပဒေပြုရေးနဲ့ တရားစီရင်ရေးဟာ ပြောင်းလဲနိုင်မှုများစွာ မတွေ့ရသေးပါဘူး။ ပြင်ဆင်၊ ဖြည့်စွက်သင့်တဲ့ဥပဒေတွေ အများကြီးလိုနေပါသေးတယ်။ နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်ဖို့ အထောက်အကူပြုမယ့် ဥပဒေတွေ၊ ရာဇဝတ်မှုကျဆင်းရေးအတွက် ပြစ်မှု၊ ပြစ်ဒဏ်မျှတတဲ့ဥပဒေတွေ ပြဋ္ဌာန်းဖို့ လိုအပ်ပါသေးတယ်။ ပြည်သူအခြေပြုတဲ့ ဥပဒေ၊ အမျိုးသား အကျိုးစီးပွားကို ပံ့ပိုးပေးတဲ့ဥပဒေဖြစ်ရပါမယ်။ ကျွန်တော်တို့အားလုံး ဥပဒေရဲ့အောက်မှာ ဥပဒေရဲ့ တူညီတဲ့ ကာကွယ်စောင့်ရှောက်မှုကိုရရှိဖို့ ဆောင်ရွက်ပေးသွားပါမယ်။ လုပ်ပိုင်ခွင့်အာဏာကို အလွန်အကျွံသုံးစွဲတဲ့ လုပ်ရပ်တွေကို အဆုံးတိုင်ပယ်ရှားသွားပါမယ်။

**အုပ်ချုပ်ရေးကဏ္ဍ**

အုပ်ချုပ်ရေးကဏ္ဍမှာဆိုရင်လည်း စာတွေ့နဲ့လက်တွေ့ အရည်အချင်းနှစ်ပါးနဲ့ ပြည့်စုံတဲ့၊ နိုင်ငံတကာအမြင်ရှိတဲ့ စီမံခန့်ခွဲရေးပညာကျွမ်းကျင်တဲ့သူတွေနဲ့ ဖွဲ့စည်းထားပြီး Strong Government ဆိုတဲ့ ကျစ်လျစ်ခိုင်မာတဲ့ အစိုးရအဖြစ် ဖွဲ့စည်းနိုင်ဖို့လိုပါတယ်။ ဗျူရိုကရေစီယန္တရားရဲ့ လည်ပတ်ပုံကို ကောင်းစွာသိရှိပြီး ကောင်းစွာစီမံခန့်ခွဲနိုင်တဲ့ အစိုးရအဖွဲ့ဖြစ်ဖို့ လိုပါတယ်။ ဆုံးဖြတ်ရဲသူတွေ၊ ပြဿနာကိုဖြေရှင်းရဲပြီး မူဝါဒအမှန် ချမှတ်နိုင်သူတွေ၊ တာဝန်ယူမှု တာဝန်ခံမှုရှိသူတွေနဲ့ ဖွဲ့စည်းထားဖို့လိုပါတယ်။ ပြည်ထောင်စုအစိုးရသာမက တိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရတွေ၊ အစိုးရအဖွဲ့ဝင်တွေပါ အရည်အချင်းမြင့်မားသူတွေ၊ တိုင်းချစ်ပြည်ချစ်စိတ်ရှိသူတွေနဲ့ ဖွဲ့စည်းနိုင်ဖို့လိုပါတယ်။

**စီးပွားရေးကဏ္ဍ**

နိုင်ငံတစ်နိုင်ငံဟာ စီးပွားရေးမတိုးတက်တာနဲ့ ကျန်တဲ့ကဏ္ဍတွေမှာ အလိုအလျောက် အားနည်းလာတတ်ပါတယ်။ နိုင်ငံစီးပွားရေးတိုးတက်မှုဆိုရာ၌ လူတန်းစားသုံးရပ်စလုံးရဲ့ အရေးကိစ္စဖြစ်ပါတယ်။ အထူးသဖြင့်(ရာခိုင်နှုန်း ၇၀) ကျော်ရှိနေသေးတဲ့ အခြေခံလူတန်းစားတွေရဲ့ စားဝတ်နေရေးဟာ အဓိကကျပါတယ်။ အခြေခံလူတန်းစားတွေရဲ့မိသားစု သက်သာချောင်ချိရေးကို အလေးထားဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဒါ့ပြင် ပြည်သူတွေရဲ့ တစ်ဦးချင်းဝင်ငွေတိုးတက်လာစေရေး၊ အလုပ်အကိုင်အခွင့်လမ်းများရရှိစေရေး၊ ဈေးကွက်နဲ့ နည်းပညာတိုးတက်ရေး၊ စက်မှုစီးပွားလုပ်ငန်းတွေ တိုးတက်ရေးအတွက် ခေတ်စနစ်နဲ့ ကိုက်ညီတဲ့မူဝါဒကိုရေးဆွဲပြီး ပံ့ပိုးကူညီဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။ လွတ်လပ်တဲ့ ဈေးကွက် စီးပွားရေးစနစ်ကို ဖော်ဆောင်အားပေးသကဲ့သို့ ဘေးထွက်ဆိုးကျိုးဖြစ်တဲ့ အရင်းရှင်စီးပွားရေး လက်ဝါးကြီးအုပ်မှုတွေကိုလည်း ဆန့်ကျင်တိုက်ဖျက်သွားမှာ ဖြစ်ပါတယ်။

**တောင်သူလယ်သမားများ ကဏ္ဍ**

ကျွန်တော်တို့နိုင်ငံမှာ စိုက်ပျိုးရေးသည် အခြေခံကျတဲ့ ကဏ္ဍမှာပါဝင်နေပါတယ်။ နိုင်ငံလူဦးရေရဲ့ (၇၀) ရာခိုင်နှုန်းကျော်တဲ့ တောင်သူလယ်သမားများနဲ့ အလုပ်သမားများကဏ္ဍဟာ အရေးအကြီးဆုံးဖြစ်ပါတယ်။ ဒီနေ့ လယ်သမားများအနေနဲ့ အကြွေးနွံတောမှာ နစ်နေတာကို စစ်တမ်းများအရ တွေ့ရပါတယ်။ ငွေကြေးအရင်းအနှီးပံ့ပိုးမှု၊ သွင်းအားစုနှင့် ဓာတ်မြေဩဇာရရှိမှု၊ စိုက်ပျိုးစရိတ်အချိန်မီရရှိမှု၊ မှန်ကန်တဲ့ ဈေးကွက်ရရှိမှု၊ စိုက်ပျိုးပင်မှန်ကန်မှုတွေသည် တောင်သူလယ်သမားတွေရဲ့ အရေးကြီးသော အရာတွေဖြစ်ပါတယ်။ ဒါကြောင့်–

- တောင်သူလယ်သမားတွေ အဓိကလိုအပ်တဲ့ စိုက်ပျိုးစရိတ်ချေးငွေ၊ ဓာတ်မြေဩဇာပံ့ပိုးမှု၊ စိုက်ပျိုးနည်းပညာ အချိန်မီရရှိရေးနှင့် စိုက်ပျိုးသီးနှံများကို ဈေးကွက်ဝင်ရောက်ခွင့်ရရှိစေရေးအတွက် ကူညီပံ့ပိုးပေးသွားပါမယ်။

ဒါ့ပြင် တောင်သူလယ်သမားတွေကို ကျေးဇူးဆပ်သောအားဖြင့် တောင်သူလယ်သမားနှီးနှောဖလှယ်ပွဲများနှင့် တောင်သူလယ်သမားနေ့အခမ်းအနားကို ခမ်းနားစည်ကားစွာဖြင့် ကျင်းပဂုဏ်ပြုသွားမှာ ဖြစ်ပါတယ်။

**အလုပ်သမားကဏ္ဍ**

- အလုပ်သမားအင်အားစုများသည် နိုင်ငံတိုးတက်ရေး၊ တည်ဆောက်ရေးအတွက် အခြေခံခိုင်အောင် ဆောင်ရွက်ပေးနေတဲ့ အင်အားစုများ ဖြစ်ပါတယ်။
- အလုပ်သမားအခွင့်အရေးတွေ အပြည့်အဝရရှိဖို့ ကြိုးပမ်းဆောင်ရွက်သွားပါမယ်။
- လုပ်ခလစာညီမျှမှု၊ အလုပ်ချိန်၊ အနားယူခွင့်တွေ နိုင်ငံတကာစံနှုန်းများနှင့် အညီရရှိစေရေး အလုပ်သမားဥပဒေဘောင်အတွင်းမှ အကောင်အထည်ဖော်ဆောင်ရွက်ပေးပါမယ်။
- နိုင်ငံရပ်ခြားသွားပြီး အလုပ်လုပ်ကိုင်နေတဲ့ အလုပ်သမားများကိုလည်း မိခင်နိုင်ငံရဲ့ ဥပဒေအကာအကွယ်စောင့်ရှောက်မှုတွေရရှိအောင်ဆောင်ရွက်ပေးပါမယ်။
- အလုပ်သမားမိသားစုတွေအတွက် လူမှုဖူလုံရေး၊ ကျန်းမာရေးစောင့်ရှောက်မှုအတွက် ဆေးရုံ၊ ဆေးခန်းတွေကိုလည်း တိုးချဲ့ဖန်တီးပေးသွားမှာ ဖြစ်ပါတယ်။

**နိုင်ငံတကာဆက်ဆံရေး**




"နိုင်ငံတကာ ဆက်ဆံရေးမူဝါဒမှာ အစဉ်အဆက် ကျင့်သုံးခဲ့တဲ့ လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒ"ကို ဆက်လက်ကျင့်သုံးသွားမှာဖြစ်ပြီး ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး (မူကြီးငါးချက်)အရ ဒေသတွင်းနိုင်ငံများ၊ အိမ်နီးချင်းနိုင်ငံများနှင့် ပိုမိုချစ်ကြည်ရင်းနှီးစွာ နေထိုင်ပြီး နိုင်ငံတကာအဖွဲ့အစည်းများနှင့်လည်း တက်ကြွစွာ ပါဝင်ဆောင်ရွက်သွားပါမယ်။

**လူငယ်မျိုးဆက်သစ်ကဏ္ဍ**

နိုင်ငံရဲ့ အနာဂတ်ဟာ လူငယ်မျိုးဆက်သစ်တွေဖြစ်ပါတယ်။ ပြည့်ဝတဲ့ပညာ၊ လက်တွေ့ပါတဲ့ အတွေ့အကြုံ၊ နိုင်ငံတကာအမြင်ရှိတဲ့ လူငယ်မျိုးဆက်သစ်တွေကို ထပ်မံမွေးထုတ်ပေးနိုင်ဖို့ အထူးလိုအပ်ပါတယ်။ အမျိုးကိုချစ်စိတ်၊ နိုင်ငံချစ်စိတ်နှင့် အမျိုးသားလုံခြုံရေးအသိရှိကြဖို့ စနစ်တကျ လေ့ကျင့်ပျိုးထောင်ဖို့လိုအပ်ပါတယ်။ ဒါကြောင့် ခိုင်မာတိကျတဲ့ လူငယ်ရေးရာ မူဝါဒများ ရေးဆွဲပြီး ရေရှည်လေ့ကျင့်ပျိုးထောင်ဖို့ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

**ရှိသေလေးစားအပ်ပါသော မိဘပြည်သူများခင်ဗျား**

ကျွန်တော်တို့ ပါတီမှ ----- မိဘပြည်သူများအပေါ် ကတိကဝတ် အာမခံပြုလိုပါသည်။

အမျိုးသားအကျိုးစီးပွားတိုးတက်ရေးပါတီအနေဖြင့် ပြည်သူလူထုမှ ရွေးချယ်တင်မြှောက်ခံရသည့် မိမိတို့ပါတီမှ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်နယ်လွှတ်တော်၊ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များမှ အောက်ပါလုပ်ငန်းစဉ်များကို အာမခံကတိကဝတ်ပြု ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

(၁) ပြည်သူလူထုအပေါ် အကာအကွယ်ပေးမည့်ဥပဒေများ ပေါ်ပေါက်ရေးအတွက် လွှတ်တော်နိုင်ငံရေးလမ်းကြောင်းမှ တတ်စွမ်းသမျှ ဥပဒေပြုတင်ပြဆောင်ရွက်သွားမည်။

(၂) ဒီမိုကရေစီဈေးကွက်စီးပွားရေးစနစ်နှင့် ဆန့်ကျင်သည့် မတရားသဖြင့် အနိုင်ကျင့် လက်ဝါးကြီးအုပ်ယှဉ်ပြိုင်မှုများနှင့် ပြည်သူလူထုအပေါ် မတရားအမြတ်ကြီးစား သွေးစုပ်နေသည့် အရင်းရှင်စီးပွားရေးလုပ်ဆောင်မှုများကို တွန်းလှန်တိုက်ဖျက်သွားမည်။

(၃) တစ်ပိုင်တစ်နိုင် ရာသီသီးနှံများ စိုက်ပျိုးရောင်းချမှုအပေါ် အခွန်ကင်းလွတ်ခွင့်ရရှိစေရေးနှင့် အခွန်လွတ်ဈေးများပေါ်ပေါက်ရေး ဖော်ဆောင်ပေးသွားမည်။

(၄) မူးယစ်ဆေးဝါးပပျောက်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် အလေးထားဆောင်ရွက်သွားမည်။

(၅) မှန်ကန်သည့် တရားစီရင်ရေးစနစ် ပေါ်ပေါက်လာစေရေးအပြင် မည်သူမဆို (တရားလို၊ တရားခံ၊ တရားပြိုင်) လူ့ဂုဏ်သိက္ခာရှိစွာဖြင့် ညီညွတ်မျှတစွာ တရားစီရင်မှုခံရစေရေး ဆောင်ရွက်သွားမည်။

(၆) ပြည်သူလူထုအပေါ် ဝန်ထုပ်ဝန်ပိုးနှင့် ဖိနှိပ်မှုကိုဖြစ်စေသည့် အုပ်ချုပ်ရေးဆိုင်ရာယန္တရား ကြိုးနီစနစ်ဆိုးမှန်သမျှကို တိုက်ဖျက်သွားမည်။

(၇) နိုင်ငံတော်ဘဏ္ဍာငွေ(ဘတ်ဂျက်)များ အလေအလွင့်မရှိစေရေးနှင့် စီမံကိန်းများ၏ အရည်အသွေးတိကျမှန်ကန်မှုရှိစေရေး ကြိုးပမ်းဆောင်ရွက်သွားမည်။

(၈) အဂတိလိုက်စားမှု တိုက်ဖျက်ရေးတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်သွားမည်။

(၉) သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုများ၊ နိုင်ငံပိုင်သယံဇာတများကို အလွန်အကျွံ တူးဖော်ထုတ်လုပ်မှုများကို ကာကွယ်တားဆီးသွားမည်။

(၁၀) ပြည်သူများ မိမိတို့နေထိုင်သည့် အိမ်၊ ခြံ၊ မြေများကို မိမိတို့ တရားဝင်ပိုင်ဆိုင်ခွင့်ရရှိစေရေးနှင့် မြေသိမ်းဆည်းခံရခြင်းများ ဖြစ်ပေါ်လာပါက နစ်နာမှုအခွင့်အရေးများကို တောင်းဆိုပိုင်ခွင့်ရရှိစေရေးအတွက် ဥပဒေပြုကာကွယ်ပေးသွားမည်။

(၁၁) ငွေကြေးဓနအင်အား၊ လူအင်အားဖြင့် အုပ်စုဖွဲ့အနိုင်ကျင့်မှုများ၊ မလျော်ဩဇာသုံးအနိုင်ကျင့်မှုများ ပပျောက်အောင် ဆောင်ရွက်ပေးမည်။

**ရှိသေလေးစားအပ်ပါသောမိဘပြည်သူများ ခင်ဗျား**

ကျွန်တော်တို့ အမျိုးသားအကျိုးစီးပွားတိုးတက်ရေးပါတီသည် အာဏာအတွက် မဟုတ်ပါ။ ပြည်သူလူထုအကျိုးကို ဆောင်ရွက်လိုသောဆန္ဒတစ်ခုတည်းဖြင့် လွှတ်တော်နိုင်ငံရေးကို ကြိုးစားနေကြခြင်းဖြစ်ပါတယ်။ ပြည်သူ့အကျိုး၊ နိုင်ငံအကျိုးအတွက် လက်တွေ့အကောင်အထည်ဖော်ကြိုးပမ်းလုပ်ဆောင်သွားပါမယ်လို့ ဒီနေရာက အခိုင်အမာကတိပြုပြောကြားလိုပါတယ်။

နိဂုံးချုပ်အနေဖြင့် ကျွန်တော်တင်ပြလိုတာကတော့ ---

ကျွန်တော်တို့ပါတီရဲ့ မူဝါဒဟာ ပြည်သူအကျိုးကို အစွမ်းကုန်အကာအကွယ်ပေးမယ်၊ အမျိုးသားအကျိုးစီးပွားကို အမြဲတမ်းဦးစားပေးပါမယ်၊ ပြည်သူတွေရဲ့ လူမှုစီးပွားဘဝတွေအတွက် လုံခြုံစိတ်ချရတဲ့ လူမှုပတ်ဝန်းကျင်ကောင်းတစ်ခုကို ဖန်တီးလုပ်ဆောင်သွားပါမယ်။

ထို့အတူ ကျွန်တော်တို့ပါတီက ကိုယ်စားလှယ်အများစုကို မျိုးချစ်စိတ်ရှိသူ၊ အများအကျိုးဆောင်ရွက်လိုသူ၊ ဥပဒေရေးရာကျွမ်းကျင်သူများ၊ နယ်ပယ်အသီးသီးတွင် တာဝန်ထမ်းဆောင်ဖူးသူ၊ နိုင်ငံရေးနှင့် စီမံခန့်ခွဲရေးအပိုင်းတွင် ဘွဲ့ရ၊ ဘွဲ့လွန်ပညာတတ်များကို စိစစ်ရွေးချယ်ထားခြင်းဖြစ်ပါတယ်။ ဒါကြောင့် ကိုယ်စားလှယ်လောင်းများရဲ့ အရည်အချင်းနဲ့ လုပ်ရပ်များကို လေ့လာသုံးသပ်ပြီး ကိုယ့်ဒေသ၊ ကိုယ့်ပြည်နယ်မြို့ရွာများ၏ အကျိုးစီးပွားနှင့် စစ်မှန်သော အပြောင်းအလဲအတွက် အမျိုးသားအကျိုးစီးပွား တိုးတက်ရေးပါတီကို ရွေးချယ်မဲပေးကြပါ၊ မိဘပြည်သူများနှင့်အတူ တိုးတက်မှုအသစ်တွေကို ဖန်တီးတည်ဆောက်ချင်ပါတယ်။ အခွင့်အရေးပေးကြပါ။ စစ်မှန်သော အပြောင်းအလဲအတွက် မိဘပြည်သူများရဲ့ ရင်ထဲက ဆန္ဒမဲကို အမျိုးသားအကျိုးစီးပွားတိုးတက်ရေးပါတီရဲ့ အမှတ်သားဖြစ်တဲ့ " ကဒေါင်းစိမ်း" ကို မဲပေးရွေးချယ်ပေးပါလို့ ပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျာ။

မိဘပြည်သူများ ကျန်းမာရွှင်လန်းချမ်းမြေ့ကြပါစေ....

## ဘားအံမြို့၌ အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ် စာစီစာကုံး၊ ကဗျာနှင့် ပန်းချီပြိုင်ပွဲကျင်းပ

**ဘားအံ နိုဝင်ဘာ ၁၁**

(၁၀၅) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ် မြို့နယ်အဆင့် စာစီစာကုံး၊ ကဗျာနှင့် ပန်းချီပြိုင်ပွဲကို နိုဝင်ဘာ ၉ ရက်က ကရင်ပြည်နယ် ဘားအံမြို့ အမှတ်(၆)ရပ်ကွက်ရှိ အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း မြတ်ပညာခန်းမ၌ ကျင်းပသည်။

စာစီစာကုံး၊ ကဗျာနှင့် ပန်းချီပြိုင်ပွဲ ကျင်းပနေမှုအခြေအနေများကို ကရင်ပြည်နယ် လူမှုရေးရာဝန်ကြီး ဦးစောထွန်းအောင်နှင့် ပြည်နယ်ပညာရေးမှူးတို့ လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။



ယင်းပြိုင်ပွဲကို အခြေခံပညာကျောင်းများမှ အထက်တန်း၊ အလယ်တန်း၊ မူလတန်း အဆင့်ဖြင့် အမျိုးသားအောင်ပွဲနေ့ တို့မမေ့၊ အမျိုးသားဂုဏ်ရောင်လတန်ဆောင်၊ နှစ်စဉ်မမေ့ခြိမ့်ခြိမ့်သဲ အမျိုးသားနေ့အောင်ပွဲ၊ အမျိုးသားအောင်ပွဲနေ့ စသည့်ခေါင်းစဉ်များဖြင့် ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲကို ဘားအံမြို့ရှိ အခြေခံပညာအထက်တန်း၊ အလယ်တန်းနှင့် မူလတန်းကျောင်း စုစုပေါင်း ကျောင်း ၂၀ မှ ကျောင်းသားကျောင်းသူစုစုပေါင်း ၈၆ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

**ပြည်နယ် (ပြန်/ဆက်)**

## (၁၀၅)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ်အကြို အသိပညာပေးဟောပြော

**ခမောက်ကြီး နိုဝင်ဘာ ၁၁**

တနင်္သာရီတိုင်းဒေသကြီး ခမောက်ကြီးမြို့ အလက (ယုဇန)ကျောင်း၌ (၁၀၅)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ်အကြို အသိပညာပေးဟောပြောပွဲ၊ နံရံကပ်စာစောင်ပြပွဲနှင့် စာအုပ်စာစောင်ပြပွဲကို ယမန်နေ့ မွန်းလွဲပိုင်းက ပြုလုပ်သည်။

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မြို့ဦးစီးမှူးနှင့် တာဝန်ရှိသူများက အမျိုးသားအောင်ပွဲနေ့အခမ်းအနား ဖြစ်ပေါ်လာပုံအကြောင်းအရာများ၊ အမျိုးသားအောင်ပွဲနေ့ ဦးတည်ချက်များ၊ စာအုပ်စာစောင်လေ့လာဖတ်ရှုခြင်းဖြင့်ရရှိမည့် အသိပညာဗဟုသုတများနှင့် ကျောင်းသား ကျောင်းသူများ ပြင်ပဗဟုသုတရရှိစေရန်နှင့် စာဖတ်သည့် အလေ့အကျင့်ကောင်းများ ဖြစ်ပေါ်လာစေရန် စာပေများဖတ်ရှုလေ့လာကြစေလိုပါကြောင်း ပြောကြားသည်။

ယင်းနောက် (၁၀၅)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ် နံရံကပ်စာစောင်များနှင့် ဓာတ်ပုံများ၊ စာအုပ်စာစောင်များ ပြသထားရာ ကျောင်းသား ကျောင်းသူများက လေ့လာကြည့်ရှုခဲ့ကြသည်။

**ခမောက်ကြီး(ပြန်/ဆက်)**



## ကော့သောင်းမြို့၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းသုံးစက်ပစ္စည်းများ ပေးအပ်

**ကော့သောင်း နိုဝင်ဘာ ၁၁**

ကော့သောင်းခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ အသေးစား ကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေတိုးရေးစီမံကိန်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းသုံး စက်ပစ္စည်းများ ပေးအပ်ပွဲကို နိုဝင်ဘာ ၇ ရက်က ကော့သောင်းမြို့ မဉ္ဇူသကခန်းမ၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားတွင် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးရဲမြတ်တင့်က အမှာစကား ပြောကြားသည်။

ယင်းနောက် ခရိုင်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးစိုးထက်အောင်က



မိသားစုဝင်ငွေတိုးရေး စီမံကိန်းလုပ်ငန်းစဉ်များအား ရှင်းလင်းပြောကြားပြီး တာဝန်ရှိသူများက ထူးချွန်သင်တန်းသား သင်တန်းသူ ၁၅ ဦးအား အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေတိုးရေးစီမံကိန်း၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းသုံးစက်ပစ္စည်းများအား ပေးအပ်၍ သင်တန်းသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အခမ်းအနားအပြီးတွင် စစ်ဗျူဟာအဖွဲ့ အခြေချကော့သောင်းမှ စစ်ဗျူဟာမှူးနှင့် တာဝန်ရှိသူများက ဒေသဖွံ့ဖြိုးရေးလုပ်ငန်းသုံးစက်ပစ္စည်းများအား ကြည့်ရှု၍ သင်တန်းသား သင်တန်းသူများအား အားပေးစကား ပြောကြားခဲ့သည်။

**ခရိုင်(ပြန်/ဆက်)**

## ကျိုက်မရောမြို့နယ်၌ လူငယ်စကားဝိုင်းကျင်းပ

**ကျိုက်မရော နိုဝင်ဘာ ၁၁**

ကျိုက်မရောမြို့နယ်၌ လူငယ်များ ဗလငါးတန်နှင့် ပြည့်စုံစေရန်အတွက် လူငယ်စကားဝိုင်းကို နိုဝင်ဘာ ၁၀ ရက် နံနက် ၁၀ နာရီက အမက (မူလွန်) ကော့ကလေ့ကျောင်း၌ ကျင်းပသည်။

ဦးစွာ ကော့ကလေ့ကျေးရွာ အမက (မူလွန်) ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်တင်ဆန်းက အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ချိုမြတ်မြတ်ထွေးက လူငယ်စကားဝိုင်းပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ချိုမြတ်မြတ်ထွေးက ဦးဆောင်ဆွေးနွေးပြီး ကျောင်းသား ကျောင်းသူ လေးဦးတို့က လူငယ်နှင့်နည်းပညာ၊ လူငယ်နှင့်အားကစား၊ လူငယ်နှင့်မူးယစ်ဆေး၊ လူငယ်နှင့်စာရိတ္တ စသည့်ခေါင်းစဉ်များဖြင့် ဆွေးနွေးခဲ့ကြသည်။ ဆက်လက်၍ စာဖတ်ရှိန်မြှင့်တင်ရေးနှင့် ကလေးအလုပ်သမားပပျောက်ရေး နံရံကပ်စာစောင်များကို ပြသထားရာ ကျောင်းသား ကျောင်းသူများက ကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။

**ကျိုက်မရော (ပြန်/ဆက်)**



## သီပေါမြို့နယ်၌ စာပေဟောပြောပွဲနှင့် စာရေးကိရိယာများ လှူဒါန်းပွဲကျင်းပ

**သီပေါ နိုဝင်ဘာ ၁၁**

သီပေါမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း မြည်ီလာခန်းမ၌ နိုဝင်ဘာ ၁၀ ရက်က စာပေဟောပြောပွဲနှင့် စာရေးကိရိယာများ ပေးအပ်လှူဒါန်းပွဲကျင်းပသည်။

ဦးစွာ ပြင်ဦးလွင်ကိုယ်ပိုင်ကျောင်းများအသင်းကိုယ်စားပြုအဖွဲ့နှင့် ပြင်ဦးလွင်ရွှေစာပိုင်းကိုယ်ပိုင်အထက်တန်းကျောင်းတို့မှ စာရေးကိရိယာများ ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာကြီး ဦးဝင်းဗိုက လက်ခံရယူခဲ့သည်။ ဆက်လက်၍ ရွှေစာပိုင်းကိုယ်ပိုင်အထက်တန်းကျောင်းမှ ဒေါ်သန်းသန်းလေးက စာရေးကိရိယာများ လှူဒါန်းရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး စာရေးဆရာ ကိုရွှေအောင်သင်းက လူငယ်နှင့်အနာဂတ် နိုင်ငံတော် ခေါင်းစဉ်ဖြင့် ဟောပြောသည်။

ထိုသို့ လှူဒါန်းရာတွင် ကျောင်းသား ကျောင်းသူများအတွက် ဗလာစာအုပ် ဒါဇင် ၁၀၀၀၊ ခဲတံ ၁၀၀၀၊ ပေတံ ၁၀၀၀၊ ခဲဖျက် ၁၀၀၀၊ ဘောပင် ၁၀၀၀နှင့် မြေဖြူဘူးများ လှူဒါန်းခဲ့ပြီး တက်ရောက်လာသော ကျောင်းသား ကျောင်းသူ ၂၅၀ အား ဗလာစာအုပ်၊ ဘောပင်၊ အချိုရည်နှင့် မုန့်များ ပေးဝေခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## (၁၀၅)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ် အသိပညာပေး ဟောပြော

**မြိတ် နိုဝင်ဘာ ၁၁**

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြိတ်ခရိုင်ရုံး လူထုအခြေပြုဗဟိုဌာန၌ (၁၀၅) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ် အသိပညာပေးဟောပြောပွဲကို ယမန်နေ့က ကျင်းပသည်။



ဟောပြောပွဲတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဝါဝါခိုင်က အမျိုးသားနေ့ဖြစ်ပေါ်လာပုံနှင့် အမျိုးသားရေးစိတ်ဓာတ်အကြောင်းကို ကျောင်းသား ကျောင်းသူများအား အသိပညာပေးဟောပြောပြီး ဉာဏ်စမ်းပြိုင်ပွဲ၊ သတ်ပုံ မှား/မှန် ရွေးပြိုင်ပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲများ ပြုလုပ်ရာ ကျောင်းသား ကျောင်းသူများက ပျော်ရွှင်စွာ ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။ ထို့နောက် ပြိုင်ပွဲများတွင် ဆုရရှိကြသူများအား တာဝန်ရှိသူများက ဆုများပေးအပ်ခဲ့ကြသည်။

**ခိုင်ထူး (ပြန်/ဆက်)**

**ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ။**

## တောင်တွင်းကြီးမြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေး ဟောပြော

**တောင်တွင်းကြီး နိုဝင်ဘာ ၁၁**

တောင်တွင်းကြီးမြို့နယ်၌ အခြေခံပညာဦးစီးဌာနနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်း၍ စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု အသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြပွဲကို နိုဝင်ဘာ ၁၀ ရက်က မြို့မအခြေခံပညာ အလယ်တန်းကျောင်း၌ ကျင်းပသည်။

ဦးစွာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးမိုးမိုးမြင့်က ကျောင်းသား ကျောင်းသူများ စာဖတ်ရှိန်မြှင့်မားရေးအတွက် အားလပ်သည့်အချိန်များတွင် စာအုပ်စာပေများကို လေ့လာကြရမည်ဖြစ်ကြောင်း၊ ပညာလို အိုသည်မရှိ ဆိုသည့်အတိုင်း ပညာတက်မြောက်မှသာ အမှားအမှန် ဝေဖန်ပိုင်းခြားနားလည်မည်ဖြစ်ကြောင်း၊ စာဖတ်ခြင်းဖြင့် နောင်တချိန်တွင် နိုင်ငံတော်က အားကိုးအားထားပြုရမည့် ပညာရှင်များ ပေါ်ထွန်းလာမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။ ထို့နောက် ခင်းကျင်းပြသထားသည့် အသိပညာပေးနံရံကပ်စာစောင်များအား ကျောင်းသား ကျောင်းသူများက လေ့လာကြည့်ရှုခဲ့ကြသည်။

**နောင်နောင် (ဗိသုနိုးမြေ)**

# ဒက္ခိဏသီရိမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် နိုဝင်ဘာ ၁၁**



နေပြည်တော် ကောင်စီဝင် ဗိုလ်မှူးကြီးရဲမိုးနှင့် ဦးခင်မောင်လတ်သည် နိုဝင်ဘာ ၉ ရက်က မြို့နယ်စိုက်ကြပ်အဖွဲ့၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၊ တာဝန်ရှိသူများနှင့်အတူ ဒက္ခိဏသီရိမြို့နယ် ရန်အောင်မြင်ကျေးရွာအုပ်စု ကွင်းအမှတ်(၁၈၂၈-က)ကွင်းအတွင်းရှိ တောင်သူ ဦးထွန်းငွေ၏ အောင်နိုင်တိုး မိုးစပါး ငါးဧကအား စံကွက်ရိတ်သိမ်းခြင်းကို ကွင်းဆင်းကြည့်ရှုခဲ့ပြီး နေပြည်တော်ကောင်စီဝင်က အထွက်နှုန်းတိုးတက်ရရှိစေရေး၊ စနစ်တကျ ဆောင်ရွက်ရန် လိုအပ်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် နေပြည်တော်ကောင်စီဝင်များသည် တာဝန်ရှိသူများနှင့်အတူ ဒက္ခိဏသီရိမြို့နယ် မြစ်မခလမ်းနှင့်ဟိုတယ်ဇုန်ဘေးဝဲ/ယာတစ်လျှောက် ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူများမှ ရေမြောင်းများ ဆယ်ယူရှင်းလင်းခြင်း၊ အလင်းဖွင့်ခြင်း၊ သစ်ပင်ချုံနွယ်အမှိုက်များ ခုတ်ထွင်ဖယ်ရှားရှင်းလင်း၍ ပတ်ဝန်းကျင်သန့်ရှင်းသာယာလှပစေရေး စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုများနှင့် မြို့နယ်ကော်မရှင်ရုံးတွင် ဌာနဆိုင်ရာများပူးပေါင်း၍ မဲစာရင်းတိုက်ဆိုင်စစ်ဆေးမှုကို ကြည့်ရှုအားပေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ရွှေကျင်မြို့၌ အမျိုးသားနေ့အကြောင်း အသိပညာပေး ဟောပြော

**ရွှေကျင် နိုဝင်ဘာ ၁၁**

ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ်၌ (၁၀၅)နှစ်မြောက် အမျိုးသားနေ့အကြောင်း အသိပညာပေးဟောပြောပွဲ၊ နံရံကပ်စာစောင်နှင့် စာအုပ်စာစောင်ပြသခြင်းကို ယမန်နေ့နံနက် ၁၀ နာရီက ရှမ်းကြေးရပ်ကွက်အတွင်းရှိ မဟာပညာ့ဗိမာန် ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၌ ပြုလုပ်ခဲ့သည်။

ဦးစွာ ဟောပြောပွဲတွင် တာဝန်ခံ ကျောင်းအုပ်ဆရာမကြီး ဒေါ်ငွေငွေလှက အမှာစကားပြောကြားပြီး ရွှေကျင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးမျိုးငြိမ်းက အမျိုးသားနေ့ပေါ်ပေါက်လာပုံသမိုင်းကြောင်း၊ အမျိုးသားရေးစိတ်ဓာတ်အခန်းကဏ္ဍအရေးကြီးပုံ၊ လိုက်နာကျင့်ဆောင်သင့်သည့် မျိုးချစ်စိတ်ဓာတ်အကြောင်းအရာများကို ဟောပြောသည်။

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ အသိပညာပေး နံရံကပ်စာစောင်များ၊ သုတ၊ ရသ စာအုပ်၊ စာစောင်များအား ပြသရာ ကျောင်းသား ကျောင်းသူများက စိတ်ပါဝင်စားစွာ လေ့လာဖတ်ရှုကြကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



# တာချီလိတ်မြို့၌ ဟိုတယ်ဆိုင်ရာ လျှပ်စစ်ကျွမ်းကျင်သင်တန်းဖွင့်လှစ်



**တာချီလိတ် နိုဝင်ဘာ ၁၁**

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၏ ကြီးကြပ်မှု၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ပံ့ပိုးမှု၊ မြန်မာနိုင်ငံ ဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်း (ရွှေတြိဂံဇုန်)၏ ပူးပေါင်းစီစဉ်မှုဖြင့် ဖွင့်လှစ်သည့် ဟိုတယ်ဆိုင်ရာ လျှပ်စစ်ကျွမ်းကျင် (Mechanical and Electrical) သင်တန်းဖွင့်ပွဲကို ယမန်နေ့နံနက် ၉ နာရီက ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့ ဝမ်ကောင်းရပ်ကွက်ရှိ ဟိုတယ်တာချီလိတ်ခန်းမ၌ ကျင်းပသည်။

ဦးစွာ တာချီလိတ်ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး နေမျိုးက သင်တန်းဖွင့် အမှာစကားပြောကြားပြီး ဟိုတယ်နှင့်ခရီးသွားလာညွှန်ကြားမှုဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးမင်းက ဟိုတယ်နှင့်ခရီးသွားကဏ္ဍအတွင်းရှိ ဝန်ထမ်းများ လုပ်ငန်းခွင်သုံး လျှပ်စစ်ပစ္စည်းများယွင်းကိုင်တွယ်ခြင်းဖြင့် မလိုလားအပ်သောပြဿနာများ မဖြစ်ပေါ်လာစေရန် လျှပ်စစ်သွယ်တန်းနည်းပညာနှင့် အန္တရာယ်ထိန်းချုပ်ရေးနည်းလမ်းများကို စနစ်တကျ သင်ယူ တတ်မြောက်ခြင်းဖြင့် လုပ်ငန်းခွင်အတွင်း အကျိုးရှိစွာ အသုံးချတတ်စေရန် သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များအား ရှင်းလင်းပြောကြားသည်။

**အခြေခံသဘောတရားများ**

အဆိုပါသင်တန်းသို့ သင်တန်းသား ၃၅ ဦး တက်ရောက်ပြီး သင်တန်းဆရာများက လျှပ်စစ်ဆိုင်ရာ အခြေခံသဘောတရားများကို စာတွေ့လက်တွေ့ဖြင့် ကျွမ်းကျင်မှု ရရှိသည်အထိ သင်တန်းကာလ သုံးပတ်ကြာ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ကျော်ဇေယျာလင်း (ပြန်/ဆက်)**

# ငါးသိုင်းချောင်းမြို့၌ လူငယ်များ ဗလငါးတန်ဖွံ့ဖြိုးတိုးတက်စေရန် လူငယ်စကားဝိုင်းကျင်းပ

**ငါးသိုင်းချောင်း နိုဝင်ဘာ ၁၁**

ဧရာဝတီတိုင်းဒေသကြီး ငါးသိုင်းချောင်းမြို့၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ရေကြည်မြို့နယ် လူငယ်ရေးရာကော်မတီနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ လူငယ်စကားဝိုင်းဆွေးနွေးပွဲကို ယမန်နေ့ နံနက် ၁၀ နာရီက အခြေခံပညာအထက်တန်းကျောင်း(ခွဲ) တက်ဆိပ်ကျောင်း၌ ကျင်းပခဲ့သည်။

ဦးစွာ လူငယ်စကားဝိုင်းတွင် အခြေခံပညာအထက်တန်းကျောင်း(ခွဲ)တက်ဆိပ်ကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်ဇင်မာဦးက အမှာစကားပြောကြားပြီး ငါးသိုင်းချောင်းမြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မြို့ဦးစီးမှူး ဒေါ်ခင်မာလာအောင်က လူငယ်များ စာဖတ်ရှိန်မြှင့်တင်ရေး၊ ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များ ပေါ်ထွက်လာစေရေးအတွက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် လူငယ်စကားဝိုင်းများ ကျင်းပရခြင်းဖြစ်ကြောင်း ပြောကြားသည်။



ယင်းနောက် လူငယ်စကားဝိုင်းကိုကျင်းပရာ ငါးသိုင်းချောင်းမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးမှူးနှင့် ရေကြည်မြို့နယ် အားကစားနှင့် ကာယပညာဦးစီးဌာန အားကစားနည်းပြ ဦးဝေယံထွန်းတို့က ဦးဆောင်ဆွေးနွေးသူများအဖြစ်ဆောင်ရွက်ပြီး ကျောင်းသားကျောင်းသူ လေးဦးက လူငယ်နှင့်အားကစား၊ လူငယ်နှင့် ရည်မှန်းချက်၊ လူငယ်နှင့် ပေါင်းသင်းဆက်ဆံရေး၊ လူငယ်နှင့် ပညာခေါင်းစဉ်များဖြင့် ဆွေးနွေးခဲ့ကြပြီး ကျောင်းသား ကျောင်းသူများက မိမိတို့သိရှိလိုသည့် မေးခွန်းများကို ပြန်လည်ဆွေးနွေးမေးမြန်းခဲ့ကြကြောင်း သိရသည်။

**ငါးသိုင်းချောင်း (ပြန်/ဆက်)**

# ရွှေ့လျားစာကြည့်တိုက်စနစ်ဖြင့် စာဖတ်ရှိန်မြှင့်တင်ရေး စာအုပ်စာစောင်များငှားပေး

**ကိုကိုးကျွန်း နိုဝင်ဘာ ၁၁**

ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများက ကိုကိုးကျွန်းမြို့နယ်အတွင်းရှိ ဌာနဆိုင်ရာများနှင့် မြို့ပေါ်ရပ်ကွက်များသို့ ရွှေ့လျားစာကြည့်တိုက်စနစ်ဖြင့် စာဖတ်ရှိန်မြှင့်တင်ရေးစာအုပ်စာစောင်များ ငှားရမ်းပေးခြင်းကို ယမန်နေ့နံနက် ၁၀ နာရီက ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် ကိုကိုးကျွန်းမြို့နယ်ရှိ ဌာနဆိုင်ရာရုံးများ၊ မြို့ပေါ်ရပ်ကွက်များနှင့် ရပ်ကွက်အတွင်းရှိ ဈေးဆိုင်များသို့ ယခင်ငှားပေးထားသောစာအုပ်များအား ပြန်လည်သိမ်းဆည်းပြီး ယခုအပတ်တွင် သုတ၊ ရသစာအုပ်များကို ထပ်မံပြန်လည်ငှားရမ်းပေးခဲ့သည်။

ရွှေ့လျားစာကြည့်တိုက်စနစ်ဖြင့် စာဖတ်ရှိန်မြှင့်တင်ရေးစာအုပ်စာစောင်များငှားရမ်းပေးခြင်းကို ကိုကိုးကျွန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများက အပတ်စဉ် ဌာနဆိုင်ရာရုံးများ၊ ကျောင်းများ၊ ရပ်ကွက်များသို့ အလှည့်ကျ သွားရောက်ငှားရမ်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **ထွန်းထွန်းဇော်(ပြန်/ဆက်)**



# မိုင်းယောင်းမြို့၌ သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းရေး အသိပညာပေး

**မိုင်းယောင်း နိုဝင်ဘာ ၁၁**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယောင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ယမန်နေ့နံနက် ၉ နာရီက သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်ခေါင်းစဉ်ဖြင့် သဘာပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲ ကျင်းပခဲ့သည်။

ဆွေးနွေးပွဲတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ စာကြည့်တိုက်လက်ထောက်(၃) ဒေါ်ဝေဝေခိုင်က ယခုအခါ သဘာဝသစ်တောများသည် တစ်နှစ်ထက်တစ်နှစ် ပိုပိုပြုန်းတီးလာကြောင်း၊ နိုင်ငံ၏လူဦးရေ၊ မြို့ပြလူ့အသုံးအဆောင်နှင့် စက်မှုလုပ်ငန်းများ တစ်နေ့တခြား တိုးပွားလျက်ရှိကြောင်း၊ သဘာဝသစ်တောများ ကာကွယ်ထိန်းသိမ်းရန် ခက်ခဲလာကြောင်း ဆွေးနွေးပြီး ရုပ်သံကျွမ်းကျင်(၃) ဒေါ်နန်းစီဖောင်းက မြန်မာနိုင်ငံတွင် သစ်တောဖုံးလွှမ်းမှုမှာ လက်ရှိကာလတွင် ၄၂ ရာခိုင်နှုန်းကျော်သာ ကျန်ရှိတော့သည်ဟု သတင်းများတွင် တွေ့နေရကြောင်း၊ ဥတုရာသီ၏ အဓိကအားပြုရာဖြစ်သည့် သစ်တောသစ်ပင် လျော့နည်းလာပြီး သဘာဝပတ်ဝန်းကျင် ပြောင်းလာသဖြင့် ရာသီဥတုဖောက်ပြန်မှုများနှင့် ကြုံတွေ့နေရသည်မှာ အမှန်ဖြစ်ကြောင်း၊ ထို့ကြောင့် သစ်တော၊ သစ်ပင်များ ခုတ်လှဲခြင်း၊ ဖျက်ဆီးခြင်းများ မပြုလုပ်ရန်ကို လိုအပ်နေရာ သစ်တောများသည် လူသားတို့အား အကျိုးပြုသည့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုကို အထောက်အကူပြုပေးရာ ထိန်းသိမ်းကာကွယ်ရန် လိုအပ်ကြောင်း ဆွေးနွေးသည်။

**စိုင်းအောင်ဇော်လင်း**

# ပေါင်းတည်၌ ဆောင်းသီးနှံပဲမျိုးစုံ ဧက၉၆ ဧက လျာထားစိုက်ပျိုး

**ပေါင်းတည် နိုဝင်ဘာ ၁၁**

ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့နယ်၌ စပါးနှင့်ပဲမျိုးစုံ စိုက်ပျိုးဖြစ်ထွန်းလျက်ရှိရာ တောင်သူများအနေဖြင့် မိုးစပါးများရိတ်သိမ်းအပြီးတွင် ယခုနှစ်ဆောင်းသီးနှံ ပဲမျိုးစုံကို သီးထပ်စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။



တောင်သူများ အဓိက အားထားစိုက်ပျိုးလျက်ရှိသည့် မတ်ပဲ အပါအဝင် ပဲမျိုးစုံ ၆၈၉၆၃ ဧက လျာထားစိုက်ပျိုးကြမည်ဖြစ်ကြောင်း မြို့နယ်မြေစာရင်းဦးစီးဌာနမှ သိရှိရသည်။

အဆိုပါ ပဲမျိုးစုံ၌ မတ်ပဲ ၄၂၀၇၉ ဧက၊ ပဲတီစိမ်း ၉၇၃၂ ဧက၊ မြေပဲ ၇၂၀၂ ဧက၊ ကုလားပဲ ၃၇၆၆ ဧက၊ ပဲနောက် ၁၇၅၃ ဧက၊ ဘိုကိတ်ပဲ ၁၅၄၆ ဧကနှင့်ပဲကြီး ၂၈၈၅ ဧကစုစုပေါင်း ပဲမျိုးစုံ ၆၈၉၆၃ ဧက တို့ကို ဒေသတွင်း စားနပ်ရိက္ခာဖူလုံရေး၊ ပြည်တွင်း ပြည်ပ ဈေးကွက်များသို့ ဖြန့်ချိရောင်းချနိုင်ရေးနှင့် ဖြစ်ထွန်းအောင်မြင်ရေးတို့အတွက် တောင်သူများအနေဖြင့် မြို့နယ်စိုက်ပျိုးမှုကြီးကြပ်ရေးအဖွဲ့၏ ပံ့ပိုးကူညီမှုများ ရယူကာ ပူးပေါင်းကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

ထိုသို့ ပဲမျိုးစိုက်ပျိုးမှု လျာထားချက်ပြည့်မီကျော်လွန်အောင် စိုက်ပျိုးလျက်ရှိရာ၌ မတ်ပဲ ၉၉၄ဧက၊ ပဲတီစိမ်း ၃၉၉၂ ဧက၊ မြေပဲ ၇၂၀၂ ဧက၊ ပဲနောက် ၅၈၉ ဧက၊ ဘိုကိတ်ပဲ ၃၆၅ ဧကနှင့် ပဲကြီး ၉၃၅ ဧက၊ စုစုပေါင်း ၁၂၆၇၂ ဧက စိုက်ပျိုးပြီးစီးကြောင်း သိရသည်။ **ရွှေသား(ပြန်/ဆက်)**

# ဒလမြို့နယ်၌ အမျိုးသားယဉ်ကျေးမှု ထိန်းသိမ်းစောင့်ရှောက်ရေး အသိပညာပေးဟောပြော

**ဒလ နိုဝင်ဘာ ၁၁**

ဒလမြို့နယ်၌ အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ ထိန်းသိမ်းစောင့်ရှောက်ရေး အသိပညာပေးဟောပြောပွဲကို အုံ့ကြီးအနောက်ရပ်ကွက် အထက (ခွဲ) အလက (၃) ပညာရတနာခန်းမ၌ ယမန်နေ့နံနက်ပိုင်းက ကျင်းပသည်။

ဦးစွာ တွံတေးခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဇာဇာယမင်းဦးက အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိဒေါ်သီတာဝင်းက လူငယ်နှင့်ယဉ်ကျေးမှုအကြောင်း အသိပညာပေးဟောပြောရာတွင် ဝတ်စားဆင်ယင်မှု၊ ရုပ်ပိုင်းဆိုင်ရာယဉ်ကျေးမှု၊ အပြောအဆို၊ အမူအရာ ယဉ်ကျေးမှု၊ ယဉ်ကျေးမှုဆိုသည်မှာ ဘာသာတရားကို အခြေခံပြီးလိုက်နာကျင့်သုံးမှသာ အနာဂတ်ယဉ်ကျေးသည့် လူငယ်များဖြစ်လာမည်ဖြစ်ကြောင်း၊ စိတ်ခံစားမှုအပေါ်အခြေခံ



သည့် ယဉ်ကျေးမှုမျိုးထက် စဉ်းစားတွေးခေါ်မှုအပေါ် အခြေခံသည့် ယဉ်ကျေးမှုကိုအလေးထားသင့်ကြောင်း စသည်တို့ကို ဟောပြောခဲ့သည်။

**ရဲရင့်သူ(ပြန်/ဆက်)**

# လားရှိုးမြို့၌ စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်အကြို ကဗျာရွတ်ဆိုပြိုင်ပွဲကျင်းပ

**လားရှိုး နိုဝင်ဘာ ၁၁**

လားရှိုးမြို့၌ ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လားရှိုးခရိုင်ရုံးနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်အကြို ကဗျာရွတ်ဆိုပြိုင်ပွဲကို ယမန်နေ့ နံနက်ပိုင်းက ခရိုင်လူထုအခြေပြုဗဟိုဌာနရှိ ဘက်စုံသုံးခန်းမ၌ ကျင်းပသည်။

ထို့နောက် လားရှိုးမြို့နယ်အတွင်းရှိ အခြေခံပညာအထက်တန်း၊ အလယ်တန်း၊ မူလတန်း အဆင့်ကျောင်းများမှ မူလတန်းအဆင့် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၂၅ ဦးက ပြိုင်ပွဲအမှတ်စဉ် မဲနှိုက်၍ မိမိတို့ ကြိုက်နှစ်သက်



သည့်ကဗျာဖြင့် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။

အဆိုပါ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကို နိုဝင်ဘာ ၁၈ ရက်တွင် အမှတ်(၆) အခြေခံပညာ အထက်တန်းကျောင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ပြီး အကြိုပြိုင်ပွဲများအနေဖြင့် နိုဝင်ဘာ ၁၁ ရက်မှ ၁၃ ရက်အထိ ပုံပြင်ပြောပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲနှင့် စာစီစာကုံးပြိုင်ပွဲများကို ကျင်းပလျက်ရှိကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ကျောက်မဲမြို့ အခြေခံပညာကျောင်းများ၌ အသိပညာပေးဟောပြော

**ကျောက်မဲ နိုဝင်ဘာ ၁၁**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့ပေါ်ရှိ အမှတ် (၃) နှင့် အမှတ် (၄) အခြေခံပညာ အထက်တန်းကျောင်းများသို့ ကျောက်မဲခရိုင်ဌာနဆိုင်ရာ ဝန်ထမ်းများက ယနေ့တွင်သွားရောက်၍ အသိပညာပေးဟောပြောပွဲများ ကွင်းဆင်းဆောင်ရွက်သည်။

အဆိုပါ ဟောပြောပွဲတွင် လူမှုဝန်ထမ်းဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းရီက ကလေးသူငယ်ဥပဒေပါ ကလေးသူငယ်အခွင့်အရေးဆိုင်ရာများ၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲရေးဦးစီးဌာနမှ ဦးစီးမှူး ဒေါ်မူမူသိန်းက သဘာဝဘေးအန္တရာယ်အကြောင်းများနှင့် ဆောင်ရန်ရှောင်ရန်များ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးစိန်မောင်ဌေးက ရာသီဥတုပြောင်းလဲခြင်းအကြောင်း သိကောင်းစရာများနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ



ဦးစိုင်းထွန်းသိန်းက လူငယ်ဘဝတိုးတက်ဖို့ စာအုပ်စာပေဖတ်ကြစို့ ခေါင်းစဉ်ဖြင့် အသိပညာပေးဟောပြောခဲ့ကြသည်။ **ခရိုင်(ပြန်/ဆက်)**

# နေပြည်တော်မြို့နယ်၌ (၁၀၅)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ်ပြိုင်ပွဲများ ကျင်းပ

**ဇနေပြည်တော် နိုဝင်ဘာ ၁၁**

ရောဝတီတိုင်းဒေသကြီး ဇနေပြည်တော်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ (၁၀၅)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ် ဟောပြောပွဲနှင့် စာစီစာကုံးပြိုင်ပွဲကို ယမန်နေ့နံနက်ပိုင်းက ကျင်းပသည်။

ဦးစွာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်မေစိုးက အမျိုးသားအောင်ပွဲနေ့ ဦးတည်ချက်များနှင့် အမျိုးသားအောင်ပွဲနေ့ဖြစ်ပေါ်လာပုံသမိုင်းကြောင်း၊ နေ့ထူးနေ့မြတ်များအကြောင်းနှင့် အမျိုးသားရေးစိတ်ဓာတ်နိုးကြားထက်သန်ရေး အသိပညာပေးဟောပြောပြီး (၁၀၅)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲကို ဆက်လက်ကျင်းပရာ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသားကျောင်းသူများက ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



ကျိုက်ထိုမြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးဝေယံအောင်နှင့် မီးသတ်တပ်ဖွဲ့ဝင်များက ရပ်ကွက်၊ ကျေးရွာများရှိ နေအိမ်များ၊ စက်ရုံအလုပ်ရုံများတွင် မီးဘေးလုံခြုံရေးအတွက် ကွင်းဆင်းစစ်ဆေးခြင်း၊ အသိပညာပေးနှိုးဆော်ခြင်းလုပ်ငန်းများကို နိုဝင်ဘာ ၁၀ ရက်က ဆောင်ရွက်စဉ်။ ကျိုက်ထို(ပြန်/ဆက်)



မော်လမြိုင်ကျွန်းမြို့နယ်အတွင်းရှိ နေအိမ်များနှင့် မြို့ပေါ်ရပ်ကွက်များအား နိုဝင်ဘာ ၁၀ ရက်က မီးဘေးကြိုတင်ကာကွယ်ရေးဆောင်ရွက်ထားရှိမှုများနှင့် မီးလောင်မှုမဖြစ်ပွားစေရေးအတွက် မြို့နယ်မီးသတ်ဦးစီးအရာရှိ ဦးမျိုးဇော် ဦးဆောင်၍ မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ ရာအိမ်မှူးနှင့် ပူးပေါင်းအဖွဲ့များက တစ်အိမ်တက်/ဆင်း လိုက်လံစစ်ဆေးခြင်းလုပ်ငန်းများကို ဆောင်ရွက်စဉ်။ ရဲကိုမောင်(ပြန်/ဆက်)



ဝန်းသိုမြို့နယ်မီးသတ်ဦးစီးဌာနမှ ဦးစီးအရာရှိနှင့် သနေ္တ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များက မီးဘေးလုံခြုံရေးနှင့် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေး စစ်ဆေးဆောင်ရွက်ခြင်းကို နိုဝင်ဘာ ၁၀ ရက်က မြို့မ(၁)ရပ်နှင့် မြသန္တာရပ်တို့၌ ကွင်းဆင်းစစ်ဆေးဆောင်ရွက်စဉ်။ မြို့နယ်(ပြန်/ဆက်)



ပန်းတနော်မြို့နယ်၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရေးအတွက် မြို့နယ်မီးသတ်ဦးစီးဌာနမှ ဒုတိယမီးသတ်ဦးစီးမှူး ဦးဇေဇေအောင်နှင့် သနေ္တတပ်ဖွဲ့ဝင်လေးဦးတို့က မြို့ပေါ်ရပ်ကွက် ကျေးရွာများသို့ မီးဘေးလုံခြုံရေး စစ်ဆေးခြင်းနှင့် အသိပညာပေးလုပ်ငန်းများကို နိုဝင်ဘာ ၁၀ ရက်က ကွင်းဆင်းဆောင်ရွက်စဉ်။ မြို့နယ်(ပြန်/ဆက်)

## အမည်ပြောင်း

ပျော်ဘွယ်မြို့၊ အထက (ရန်အောင်) G-5 မှ (ဘ) ဦးတင်အောင်လွင်၏သား မောင်မင်းစစ်အောင် အား မောင်မင်းခန့်သော်လွင် ဟု ပြောင်းလဲခေါ်ဆိုပါရန်။

## နိုင်ငံကူးစာအုပ်ပျောက်ဆုံးခြင်း

မူဆယ်မြို့နေထိုင်သူ နန်းမြဦး(ဘ)ဦးရွက်ငင်းစိုင်း၏သမီး ၁၃/နခန(နိုင်)၁၄၀၅၃၈ ၏ နိုင်ငံကူးလက်မှတ်စာအုပ်(အမှတ်-မမှတ်မိ) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း -၀၉၂၆၄၅၅၁၈၊ ၀၉၆၈၁၀၁၅၇၉၂**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ဥတ္တရခရိုင်၊ တပ်ကုန်းမြို့နယ်၊ ရွှေးစုကျေးရွာနေ အဖ ဦးမြင့်ထွန်း၏ သမီး မသိမ့်သိမ့်ဦး နှင့် မသိမ့်သိမ့်ဖြိုး ၉/တကန(နိုင်)၂၂၆၈၀၀ မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

**မသိမ့်သိမ့်ဦး(ခ)မသိမ့်သိမ့်ဖြိုး**
**၉/တကန(နိုင်)၂၂၆၈၀၀**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ကျွန်ုပ်တို့၏မိတ်ဆွေက ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၆/ကမာရွတ်)၊ မြေကွက်အမှတ်(၁၃)၊ မြေရိယာ(၀.၁၁၄)ဧက အကျယ်အဝန်းရှိ နှစ်(၆၀)ဂရန်မြေအမျိုးအစား မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်(4H)၊ ပုသိမ်လမ်း၊ ၁၄ရပ်ကွက်၊ မြကန်သာဥယျာဉ်အိမ်ရာ၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော (၂)ထပ်တိုက်အဆောက်အအုံ အပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် ဦးတီဟုတ်ကာ(ခ) မောင်မောင်နှင့် ဒေါ်ခင်ရီတို့အမည်ဖြင့် ပူးတွဲတည်ရှိပြီး ပူးတွဲအမည်ပေါက်တစ်ဦးဖြစ်သူ ခင်ပွန်း ဦးတီဟုတ်ကာ(ခ)ဦးမောင်မောင်သည် (၂၆-၇-၂၀၁၁)ရက်တွင် ကွယ်လွန်သဖြင့် ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်အရပိုင်ဆိုင်လာသူ ဒေါ်ခင်ရီ (ဘ)ဦးကောင်ကက်ထန်(၁၂/လမတ(နိုင်)၀၀၇၇၁၅)၊ အမှတ်(4H)၊ ပုသိမ်လမ်း၊ ၁၄ရပ်ကွက်၊ မြကန်သာဥယျာဉ်အိမ်ရာ၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင်နေသူထံမှ ဝယ်ယူရန်စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေနှင့် အဆောက်အအုံ အရောင်းအဝယ်ပြုလုပ်သည့်ကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ခိုင်လုံသောအထောက်အထားများနှင့်တကွ ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| ဒေါ်ခင်ဝင်းမြင့် (B.SC, PGDL) | ဒေါ်ခင်မြတ်သူ (H.G.P, LL.B, D.M.L) |
| တရားလွှတ်တော်ရှေ့နေ၊ စဉ်/၁၆၁၉၆ | တရားလွှတ်တော်ရှေ့နေ၊ စဉ်/၇၅၁၅ |
| ဖုန်း ၀၉-၅၁၇၁၄၃၃ | ဖုန်း ၀၉-၂၅၄၄၈၈၃၃၀ |

**အမှတ် (၁၂၂)၊ ၂/လမ်းတောင်၊ အရှေ့ကြို့ကုန်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄၆)၊ မြေကွက်အမှတ်(၂၀၀၇)ဟုခေါ်တွင်သော မြေ အလျား X အနံ(၄၀ X ၆၀)ပေရှိ မြေချပါမစ်မြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား မူလအမည်ပေါက်ပိုင်ဆိုင်သူ ဦးမြင့်ဦး(SKGN-၀၄၉၅၄၅)ထံမှ အရောင်းအဝယ်စာချုပ်စာတမ်းအဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်သူဇာအောင်(၁၂/သဃက(နိုင်)၀၃၃၅၃၂)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ ဒေါ်သန်းနု(၇/ပခန(နိုင်)၂၁၅၈၇၂)က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့် စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိက ကျွန်ုပ်တို့ထံသို့ တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်းများနှင့်တကွ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်က အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | | |
|---|---|---|
| ဦးဝင်းသူရဇော်(LL.B) | ဒေါ်ယမင်းထွေး(LL.B) | ဦးရဲသီဟ(LL.B) |
| အထက်တန်းရှေ့နေ(စဉ်-၄၂၀၆၆) | တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၃၆၅) | အထက်တန်းရှေ့နေ(စဉ်-၅၆၃၆၆) |

**အမှတ်(၁၀၁)၊ ကံ့ကော်မြိုင်(၂)လမ်း၊ (၃၃)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။**
**ဖုန်း-၀၉-၇၇၂၇၇၇၇၁၂၊ ၀၉-၄၅၆၉၉၆၇၇၆၊ ၀၉-၉၇၃၀၀၂၁၁၇**

## မွေးသက္ကရာဇ်အမှန်

ရခိုင်ပြည်နယ်၊ စစ်တွေမြို့၊ မင်းဂံရပ်ကွက် အ.ထ.က (၉) Grade-12 မှ (ဘ) ဦးကိုကိုအောင်၏သမီး မမြတ်မွန်ခိုင် ၏ မွေးသက္ကရာဇ်အမှန်မှာ ကျောင်းဝင်မှတ်ပုံတင်စာရင်းအရ (၃၀-၅-၂၀၀၇) ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ခရိုင်၊ ထားဝယ်မြို့၊ ကျောက်မော်ရပ်ကွက်၊ ကွင်းအမှတ်-၅၀၊ ကွင်းအမည်-ဘုမွှော်ကွင်း၊ ဦးပိုင်အမှတ်(၁၀)၊ အခွန်စည်းကြပ်ခံရသူ-ဦးလှဝင်း အမည်ပေါက်၊ မြေမျိုးနှင့်အတန်း(R) မြေရိယာ(၅.၂၁)ဧကအနက်မှ (၁.၈၀)ဧက၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ဦးလှဝင်း မှ လွှဲပြောင်းပေးအပ်ထားချက်အရ လက်ရှိလက်ရောက်ပိုင်ဆိုင်ထားပြီး၊ ပြန်လည်လွှဲပြောင်းရောင်းချခွင့်ရှိသည်ဟု ဝန်ခံသူများဖြစ်သော ဦးတင်ဋ္ဌေး ၆/ထဝန(နိုင်)၀၃၅၂၆၆နှင့် ဒေါ်ခင်ကြည် ၆/ထဝန(နိုင်)၀၃၅၂၆၇ တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက(၂၉-၁၀-၂၀၂၅) ရက်စွဲပါ နှစ်ဦးသဘောတူ မြေအရောင်းအဝယ် စရန်ငွေပေးကတိပြုစာချုပ်" ဖြင့် တန်ဖိုးငွေများအနက်မှ စရန်ငွေတစ်စိတ်တစ်ဒေသကိုပေးချေ၍ ဝယ်ယူထားပါသည်။ အထက်ဖော်ပြပါ ရောင်းချသည့်မြေနှင့်ပတ်သက်၍ အပြီးသတ်ငွေအပြေအကြေပေးချေပြီး တရားဝင်လက်ရောက်ပိုင်ဆိုင်ရေးကိစ္စရပ်များကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသောကြောင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသည့်အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်သွားပါက အရောင်းအဝယ်ကိစ္စရပ်များကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူများ** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **၁။ ဦးတင်ဋ္ဌေး၊** | **ဒေါ်စန္ဒာအေး(LL.B)** |
| **၆/ထဝန(နိုင်)၀၃၅၂၆၆** | **အထက်တန်းရှေ့နေ(စဉ်-၃၆၀၉၃)** |
| **၂။ ဒေါ်ခင်ကြည်၊** | **အမှတ်(၂၆)၊ မောင်းမကန်လမ်း** |
| **၆/ထဝန(နိုင်)၀၃၅၂၆၇** | **ကမြောကင်းကျေးရွာ၊** |
| | **လောင်းလုံးမြို့နယ်** |
| | **PH-09-422202466** |

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၃/ပေါင်းလောင်း-၃၊ မြေကွက်အမှတ် (၁၈၀၁)၊ ဧရိယာ(၀.၀၅၅)ဧကရှိ နှစ်(၃၀)မြေငှားစာချုပ် မြေကွက်အား အမည်ပေါက်သူ ဒေါ်သက်သက်ဆွေ ၉/မထလ(နိုင်)၂၁၃၇၉၀မှ မြေငှားစာချုပ်၊ နိုင်ငံသား စိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများ တင်ပြပြီး ဒေါ်စန္ဒာဦး ၁၀/မလမ(နိုင်)၀၁၉၉၃၁ နှင့် မှတ်ပုံတင်အရောင်းအဝယ် စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင် ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာ တင်ပြ၍ နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/ မြေရာဇဝင် ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက် ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော် စည်ပင်သာယာရေး ကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

အလုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- 24 A၊ မြေကွက်အမှတ်- တတိယတန်းစား ၄အိတ်ချ်/၁ မြေကွက်တည်နေရာအမှတ်(၁၁၀)၊ သစ်တောလမ်း၊ စောရန်ပိုင်အရှေ့ရပ်ကွက်၊ အလုံမြို့နယ်၊ ဦးဝင်းလှိုင်(၁၂/လသန(နိုင်)၀၀၆၄၁၉)၊ ဒေါ်ချိုချို (၁၂/တမန(နိုင်)၀၂၁၅၅၇) အမည်ပေါက်၊ ဂရန်ရှိမြေပိုင်မြေအား အမည်ပေါက်တစ်ဦးဖြစ်သူ(ခင်ပွန်း) ဦးဝင်းလှိုင် သည် (၂၈-၅-၂၀၂၅) ရက်တွင် ကွယ်လွန်ခဲ့ကြောင်း၊ ဒေါ်ချိုချို (၁၂/တမန(နိုင်)၀၂၁၅၅၇)မှတစ်ဦးတည်းသော ဇနီးတော်စပ်ကြောင်း၊ အခြားအမွေဆက်ခံမည့်သူ တစ်ဦးတစ်ယောက်မျှ မရှိကြောင်း (၂၇-၆-၂၀၂၅) ရက် လသာမြို့နယ်တရားရုံး၏ ကျမ်းကျိန်လွှာ အမှတ်- ၆/၂၁၀၉/၂၀၂၅၊ ထောက်ခံကျမ်းကျိန်လွှာ(၂) စောင်၊ အရောင်းအဝယ်စာချုပ်၊ နိုင်ငံသားစိစစ်ရေးကတ်၊ သေဆုံးမှုလက်မှတ်တို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)(ကိုယ်စား)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

ဗီဇမျိုးစုံမျိုးကွဲတွေ
ကြွယ်စေဖို့
သဘာဝတောတွေ
ထိန်းသိမ်းစို့

## အယူခံမှုဆိုင်ရန် ချိန်းဆိုသည့် နေ့ရက်ကို အယူခံတရားပြိုင်သို့ အကြောင်းကြားစာ

## (တရားမကျင့်ထုံးဥပဒေအမိန့် ၄၁၊ နည်းဥပဒေ ၁၄)

## ပြည်ထောင်စုတရားလွှတ်တော်ချုပ်

## ၂၀၂၅ ခုနှစ်၊ တရားမအယူခံမှုအမှတ်-၆၉၅

| | | |
|---|---|---|
| ဒေါ်ငြိမ်းငြိမ်းမျိုး | နှင့် | ၁။ ဦးတင်မောင်ရွှေ |
| | | ၂။ ဦးသန်းထွန်း |
| | | (၎င်း၏အခွင့်ရကိုယ်စားလှယ် ဒေါ်သွယ်သွယ်ထွန်း) |
| | | ၃။ ဒေါ်ဝိုင်းအိစက် |
| **အယူခံတရားလို** | | **အယူခံတရားပြိုင်များ** |

ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်၊ ၂၀၂၃ ခုနှစ်၊ တရားမပထမအယူခံမှုအမှတ် ၃၂၃ ၏ ၂၀၂၅ ခုနှစ်၊ ဇွန်လ ၂၀ ရက်စွဲပါ ဒီကရီကို အယူခံမှု။

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊(၇)ရပ်ကွက်၊ သစ္စာလမ်း၊ အမှတ်(၁၂၁၁)နေ အမှတ်(၁) အယူခံတရားပြိုင် ဦးတင်မောင်ရွှေ(ယခုလိပ်စာမသိသူ) သိစေရမည်။

ယခုအမှုတွင် ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်က ချပေးသည့် ဒီကရီကို အထက်အမည်ပါ အယူခံတရားလိုက အယူခံရာ ဤရုံးတော်တွင် မှတ်ပုံတင်စာရင်းတင်သွင်း၍ ထိုအယူခံမှုကို ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၈ ရက် (၁၃၈၇ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၄ ရက်)တွင် ဆိုင်ဆိုရန် ဤရုံးတော်က ချိန်းဆိုလိုက်သည်။ သင်ကိုယ်တိုင်ဖြစ်စေ၊ သင်၏ရှေ့နေဖြစ်စေ၊ ဤအယူခံမှုတွင် သင့်အတွက်ဆောင်ရွက်ရန် ဥပဒေအရခွင့်ပြုထားသူ ကိုယ်စားလှယ်ဖြစ်စေ မလာရောက်ခဲ့လျှင် ၎င်းအယူခံမှုကို သင်မရှိသည့်အခါတွင် တစ်ဖက်သတ်စီရင် ဆုံးဖြတ်လိမ့်မည်။

ထို့ပြင် သင်တို့က အယူခံနိုင်ခွင့်ရှိသော ဤအမှုတွင် ဒီကရီကို အမိန့် ၄၁၊ နည်းဥပဒေ ၂၂ အရ ကန့်ကွက်လိုလျှင် အမိန့် ၄၁၊ နည်းဥပဒေ ၂၂ အရ ချိန်းဆိုထားသည့်အချိန်အတွင်း သင်က ကန့်ကွက်လိုကြောင်း ဤအယူခံရုံး၌ အကြောင်း ကြား အစီရင်ခံစာတင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊နိုဝင်ဘာလ ၁၀ ရက် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

( တင်မေလတ် )
**လက်ထောက်ညွှန်ကြားရေးမှူး**
**တရားမတရားစီရင်ရေးဌာန**
**ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

မြိတ်မြို့၊ ဘုရားကြီးလမ်း၊ ကန်ကြီးရပ်၊ အိမ်နံပါတ်(၇၂)နေ ဦးမောင်တိတ်နှင့်ဒေါ်မြကြည်တို့၏သား မောင်ဇင်မင်းမောင်(ခ)မင်းမောင် ၆/မမန(နိုင်)၁၉၁၁၈၁ သည် မိဘများ၏ဆိုဆုံးမမှုကိုမနာခံသည့်အပြင် မိဘများ ခွင့်မလွှတ်နိုင်သည့် ကိစ္စရပ်များကို ပြုလုပ်နေပါသဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ သားအဖြစ်မှအမွေပြတ်စွန့်လွှတ်လိုက်သည်။ နောက်နောင် ၎င်းနှင့် ပတ်သက်သည့် မည်သည့်ကိစ္စမျိုးကိုမဆို လုံးဝ(လုံးဝ)တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

**ဦးမောင်တိတ်-ဒေါ်မြကြည်**

## ဖခင်အမည်မှန်

အုတ်တွင်းမြို့နယ်၊ အထက (ခွဲ) မြေစီးကျောင်းမှ လ/ထ မူပြဆရာ ဦးပြည့်ဖြိုး (၇/အတန(နိုင်)၁၃၈၀၄၁)၏ ဖခင်အမည်မှန်မှာ ဦးမြင့်စိုး ဖြစ်ပါကြောင်း။

**ဦးမြင့်စိုး**

## မွေးသက္ကရာဇ်အမှန်

ရခိုင်ပြည်နယ်၊ ဂွမြို့နယ်၊ ကျိန္တလီမြို့နေ (ဘ)ဦးဇော်မိုးသိန်း၏သား ကျွန်တော် မောင်လင်းသန့်၏ မွေးသက္ကရာဇ်အမှန်မှာ (၁၅-၅-၂၀၀၇) ဖြစ်ပါကြောင်း။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 15W/96841, Honda Wave 125 ယာဉ်လက်ဝယ်ရှိသူ ဒေါ်နန်းအင် (၁၃/တကန(နိုင်)၀၆၀၈၇၉) က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(တာချီလိတ်)**

## ကျေးဇူးဆပ်ပါမည်

ကျွန်တော် ဦးနေမျိုးဦး ၈/ဆမန(နိုင်)၀၅၆၂၄၄ ပိုင် “Su Kha Tin”၊ “Myo Myat Kyaing” ၊ “Kyaw Khine Min”-45၊ “Kyaw Khine Min”-27 ၊ “Myint Myat Thein -555” ဖော်ပြပါ ရေယာဉ်(၅)စီး၏ AIS Certificate မူရင်းများမှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက ဆက်သွယ်အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၅၆၃၈၂၄၉၀**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း

## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ကန်ထရိုက်တိုက်ရိုက်ရငွေများဖြင့် ခရိုင်(၁၄) ခရိုင်အတွင်းရှိ မြို့နယ်များအတွက် လိုအပ်သော 11-6.6/0.4kV, 200kVA Transfomer (105) Nos နှင့် ထရန်စဖော်မာဆက်စပ်ပစ္စည်း(၃)မျိုးအား မြန်မာကျပ်ငွေဖြင့်ဝယ်ယူလိုပါသည်။

၂။ တင်ဒါပုံစံများနှင့် အချက်အလက်များကို ဌာနမှ သတ်မှတ်နှုန်းထားအတိုင်း (၁၂.၁၁.၂၀၂၅) နေ့မှ စတင်ဝယ်ယူ၍ သတ်မှတ်ရက်အတွင်းလျှောက်ထားရမည်။

၃။ တင်ဒါပိတ်ရက်မှာ (၂၆.၁၁.၂၀၂၅) နေ့ (၁၄:၀၀) နာရီဖြစ်ပြီး အသေးစိတ်အချက်အလက်များသိရှိလိုပါက ဌာနသို့ ရုံးချိန်အတွင်းလာရောက်စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

## ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးဇော်မင်းသန့် (၁၁/မဂတ(နိုင်)၀၈၂၂၃၄) ပိုင်ဆိုင်သည့် MV-Shwe Pyi Tan (3) No (6740-A)၏ Load Lines & Cargo Ship Safety Construction Cerificate နှင့် လုပ်ငန်းလိုင်စင်အပိုင်း (၁+၂) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဦးဇော်မင်းသန့် ဖုန်း-၀၉-၇၆၅၄၁၅၄၉၉**

## ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ မြို့သစ်မြို့နယ်၊ ဝါးကြီးအိုင်ကျေးရွာ၊ အခြေခံပညာအထက်တန်းကျောင်း Grade -11 တွင် ပညာသင်ကြားနေသော မောင်မင်းဇေယျာကျော်၏ ဖခင်အမည်မှန်မှာ ဦးကျော်ကျော်နိုင် ၈/မသန(နိုင်)၀၆၅၂၂၃ဖြစ်ပါကြောင်း။

**ဦးကျော်ကျော်နိုင်**

## တစ်ဦးတည်းဖြစ်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့နယ်၊ မူလွန်-ကိုင်း(တ) ကျောင်းတွင် အလယ်တန်းပြဆရာ ဦးအောင်ဆွေ၏ ဖခင်အမည် ဦးကိုလေး(ခ) ဦးမောင်ကိုလေး MGN-၀၀၀၈၃၉ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ပါကြောင်း

မြိတ်ခရိုင်၊ မြိတ်မြို့နယ်၊ ကျောက်ဖျာကျေးရွာအုပ်စု၊ ကွင်းအမှတ် (၁၇၂) အဒွင်းကွင်း၊ မြေကွက်အမှတ်(၁၃)၊ မြေရိယာ(၁ဒသမ၈၃)ကေအား မြေငှားဂရန်အမှုတွဲအမှတ် ၅၅/၂၀၁၅-၂၀၁၆ အရ ဦးစိုးလွင် အမည်ဖြင့် ရရှိခဲ့ပြီး (၁၅-၁၁-၂၀၂၅)ရက်တွင် မြေငှားဂရန် သက်တမ်းကုန်ဆုံးခဲ့ပါသည်။ အဆိုပါ မြေငှားဂရန်အား စက်မှု/စီးပွားမြေငှားဂရန်(အသစ်) လျှောက်ထားနိုင်ရေး ဦးစိုးလွင် ၆/ကသန(နိုင်) ၀၁၁၇၇၆မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက မြိတ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ရက် (၃၀) အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူ မရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြိတ်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း

မြိတ်ခရိုင်၊ မြိတ်မြို့နယ်၊ ကျောက်ဖျာကျေးရွာအုပ်စု၊ ကွင်းအမှတ် (၁၇၂) အဒွင်းကွင်း၊ မြေကွက်အမှတ်(၁၄)၊ မြေရိယာ(၁ဒသမ၈၃)ကေအား မြေငှားဂရန်အမှုတွဲအမှတ် ၅၆/၂၀၁၅-၂၀၁၆ အရ ဦးစိုးလွင် အမည်ဖြင့် ရရှိခဲ့ပြီး (၁၅-၁၁-၂၀၂၅)ရက်တွင် မြေငှားဂရန် သက်တမ်းကုန်ဆုံးခဲ့ပါသည်။ အဆိုပါ မြေငှားဂရန်အား စက်မှု/စီးပွားမြေငှားဂရန်(အသစ်) လျှောက်ထားနိုင်ရေး ဦးစိုးလွင် ၆/ကသန(နိုင်)၀၁၁၇၇၆မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက မြိတ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ရက် (၃၀) အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြိတ်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 24W/7681, Kenbo-125, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်အေးအေးအောင် ၉/ပသက(နိုင်)၁၁၆၇၉၆ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း) မန္တလေးမြို့**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 69W/7675, Haojue-110,M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဖြူဖြူထွေး ၁၄/မအပ(နိုင်)၂၆၆၅၄၀က ဖောင်းကြွနံပါတ်ပြားလာရောက် လျှောက်ထားခြင်းဖြစ်ပါသဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ ဖောင်းကြွနံပါတ်ပြား အဟောင်းသည် အလိုအလျောက် ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး(မအူပင်)**
**မအူပင်မြို့**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

လားရှိုးမြို့၊ အမှတ်(၉)ရပ်ကွက်၊ နယ်မြေ(၇)၊ အိမ်အမှတ်(၇/၈၀)နေ (ဘ)ဦးသိန်းနိုင်ဝင်း ၁၃/လရန(နိုင်)၀၀၁၈၃၅ နှင့် (မိ) ဒေါ်နန်းရွှေဟန် ၁၃/လရန (နိုင်) ၀၀၃၆၆၆တို့၏သား မောင်ကျော်လင်းထက် ၁၃/လရန(နိုင်)၁၈၄၃၇၈ သည် မိဘဆွေမျိုးများ၏ ပြောဆိုဆုံးမမှုများကို နာခံမှု မရှိဘဲ မိဘများအား အကြိမ်ကြိမ် စိတ်ဆင်းရဲအောင် ပြုလုပ်နေပါသဖြင့် ၁၁-၁၁-၂၀၂၅ရက်မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းနှင့် ၎င်းနှင့်ပတ်သက်သည့် မည်သည့်ကိစ္စကိုမျှ တာဝန်ယူ ဖြေရှင်းပေးမည် မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးသိန်းနိုင်ဝင်း- ဒေါ်နန်းရွှေဟန်**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 8E/5630, Shan Yo Ma Light Truck, P/U (4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးဋ္ဌေးလွင် ၉/ပတရ(နိုင်) ၀၇၅၄၃၅ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း) မန္တလေးမြို့**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 8G/8880, ယာဉ်လက်ဝယ်ရှိသူ ဦးလှဋ္ဌေးမောင် ၉/ညဥန(နိုင်)၂၃၀၀၆၀ က ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံးထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြား အလိုအလျောက် ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မြင်းခြံ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၃ယ/၇၄၆၅၂ ယာဉ်လက်ဝယ်ရှိသူ ဦးတင်အောင်ဋ္ဌေး ၁၀/မလမ(နိုင်)၁၈၈၂၀၈ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက် ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာ ရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး၊**
**မော်လမြိုင်မြို့**

## မွေးသက္ကရာဇ်အမှန်

မကွေးတိုင်းဒေသကြီး၊ သရက်မြို့နေ ဦးထွန်းအောင်၏သား ဦးညိုဝင်း ၁၃/ရခန(နိုင်)၀၀၅၀၃၄၏ မွေးသက္ကရာဇ်အမှန်မှာ ၂၈-၁၁-၁၉၆၄ ခုနှစ် ဖြစ်ပါကြောင်း။

## အမည်မှန်

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့၊ အမှတ်(၃)ရပ်ကွက်၊ (၁၁)လမ်းနေ (ဘ)ဦးဝင်းကိုကို ၈/ပခက(နိုင်) ၁၈၆၅၃၉၏သမီး မအိရွှေစင်ဖြိုး၏ အမည်မှန်မှာ မအိရွှေဇင်ဖြိုး ၈/ပခက(နိုင်)၃၇၉၅၇၅ ဖြစ်ပါကြောင်း။

**မအိရွှေဇင်ဖြိုး**
**၈/ပခက(နိုင်) ၃၇၉၅၇၅**

## ဖခင်အမည်မှန်

တောင်ဥက္ကလာပမြို့နယ်၊ အလက(၂) G-9မှ မောင်ဝဏ္ဏကျော်ထွန်း ၏ဖခင် အမည်မှန်မှာ ဦးကျော်ကျော်ထွန်း ၁၂/ဥကတ(နိုင်)၁၈၂၆၇၆ ဖြစ်ပါကြောင်း။

**ဦးကျော်ကျော်ထွန်း**

## တစ်ဦးတည်းဖြစ်ပါကြောင်းနှင့် အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းခရိုင်၊ ရမည်းသင်းမြို့နယ်၊ အောင်မင်္ဂလာရပ်ကွက်ကြီး၊ စီဗွိုလိုင်းရပ်နေ - ဦးထွန်းထွန်းဦး၏သမီးဖြစ်သူ မရွှေဝတ်မှုံလွှာနှင့် ၂၀၂၄-၂၀၂၅ ပညာသင်နှစ်၏ တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ်ပါ မရွှေဝတ်မှုံ အမည်တို့မှာ တစ်ဦးတည်းဖြစ်ပါကြောင်းနှင့် အမည်မှန်မှာ "မရွှေဝတ်မှုံ"သာ အမှန်ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ လယ်ဝေးမြို့၊ အမှတ်(၅)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၄/ အင်တိုင်းသာ မြောက်ရပ်)၊ ဦးပိုင်အမှတ်(၆)၊ မြေဧရိယာ(၀.၀၅၂)ဧကရှိ ဦးစိန်မောင်၊ ဒေါ်ကြည်ကြည် အမည်ပေါက် ဘိုးဘပိုင်မြေကွက်အား ဦးအေးလွင်(ဘ) ဦးစိန်မောင် ၉/လဝန(နိုင်)၀၃၇၃၄၈မှ မိသားစုအမွေခွဲဝေခြင်းဆိုင်ရာကတိစာချုပ်မူရင်း၊ တရားရုံးကျမ်းကျိန်လွှာမူရင်းများတင်ပြ၍ အဆောက်အအုံဆောက်လုပ်ခွင့်ပြုမိန့်တင်ရန် မြေပုံ၊ မြေရာဇဝင်လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ၊ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းနှင့်အညီ မြေပုံ၊ မြေရာဇဝင်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 6L/3831 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 79W/94361 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး(တာချီလိတ်)**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် SHN/42834 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး(တာချီလိတ်)**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 23W/87016 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး(တာချီလိတ်)**

## ဖောင်းကြွနံပါတ်ပြား လျှောက်ထားခြင်း

ယာဉ်အမှတ် 6D/8590 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)**

## အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 6L/1427 ၏ အင်္ဂလိပ်ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 7I/2593 ယာဉ်လက်ဝယ်ရှိသူ ဒေါ်စန္ဒာမောင်မောင် ၉/မကန(နိုင်) ၀၀၀၀၃၄ က မှတ်ပုံတင်စာအုပ်မိတ္တူ ထုတ်ပေးနိုင်ပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(ပြင်ဦးလွင်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 77W/55388, Honda Alpha-110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးမင်းသူ ၈/တတက(နိုင်)၁၄၃၈၆၂ က မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(ပြည်)**
**ပြည်မြို့**

# တောင်ကြီးတက္ကသိုလ် (၃၁)ကြိမ်မြောက် ဘွဲ့နှင်းသဘင်ကျင်းပခြင်း

၁။ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်(နေ့သင်တန်း)နှင့် ၂၀၂၄ ပညာသင်နှစ်(အဝေးသင် သင်တန်း)တို့၏ တောင်ကြီးတက္ကသိုလ်မှ ဘွဲ့ရရှိကြပြီး ဘွဲ့နှင်းသဘင်တက်ရောက်ရန် လျှောက်ထားသူများအတွက် ဘွဲ့နှင်းသဘင်အခမ်းအနားကို တောင်ကြီးတက္ကသိုလ်၌ ကျင်းပမည်ဖြစ်ရာ ဖော်ပြပါ အစီအစဉ်အတိုင်း တက်ရောက်ရန် ကြေညာလိုက်သည်။

၂။ ဘွဲ့နှင်းသဘင်အခမ်းအနားတက်ရောက်ကြမည့် ကျောင်းသား၊ ကျောင်းသူများသည် အစမ်းလေ့ကျင့်ပွဲနှင့် ဘွဲ့အပ်နှင်းသည့်ရက်များတွင် မြန်မာ့ယဉ်ကျေးမှုဓလေ့ထုံးတမ်း အစဉ်အလာနှင့်အညီ ဝတ်စားဆင်ယင်မှုမရှိသူများကို အစမ်းလေ့ကျင့်ပွဲအပါအဝင် ဘွဲ့နှင်းသဘင်အခမ်းအနားများသို့ တက်ရောက်ခွင့်ပြုမည်မဟုတ်ပါ။

**(နေ့သင်တန်း) ဘွဲ့နှင်းသဘင် အပိုင်း(၁)**

**(၁) (၂၂-၁၁-၂၀၂၅)ရက်နေ့ နံနက်ပိုင်း၊ နံနက် (၉ : ၀၀)နာရီ**

| | |
|---|---|
| မဟာဝိဇ္ဇာဘွဲ့ | မြန်မာစာ အထူးပြုအားလုံး။ |
| မဟာသိပ္ပံဘွဲ့ | ဓာတုဗေဒ အထူးပြုအားလုံး။ |
| သိပ္ပံဂုဏ်ထူးဘွဲ့ | ဓာတုဗေဒ၊ဇီဝဓာတုဗေဒ အထူးပြုအားလုံး။ |
| ဝိဇ္ဇာဘွဲ့ | မြန်မာစာ၊ စိတ်ပညာ အထူးပြုအားလုံး။ |
| သိပ္ပံဘွဲ့ | ဓာတုဗေဒ အထူးပြုအားလုံး။ |
| | ဇီဝဓာတုဗေဒ အထူးပြုအားလုံး။ |

**(နေ့သင်တန်း) ဘွဲ့နှင်းသဘင် အပိုင်း(၂)**

**(၂) (၂၂-၁၁-၂၀၂၅)ရက်နေ့ မွန်းလွဲပိုင်း၊ မွန်းလွဲ (၂ : ၀၀)နာရီ**

| | |
|---|---|
| မဟာဝိဇ္ဇာဘွဲ့ | ပထဝီဝင် အထူးပြုအားလုံး။ |
| မဟာသိပ္ပံဘွဲ့ | ရူပဗေဒ အထူးပြုအားလုံး။ |
| ဝိဇ္ဇာဂုဏ်ထူးဘွဲ့ | အင်္ဂလိပ်စာ၊ပထဝီဝင်၊အရှေ့တိုင်းပညာ အထူးပြုအားလုံး။ |
| သိပ္ပံဂုဏ်ထူးဘွဲ့ | ရူပဗေဒ အထူးပြုအားလုံး။ |
| ဝိဇ္ဇာဘွဲ့ | အင်္ဂလိပ်စာ အထူးပြုအားလုံး။ |
| | ပထဝီဝင် အထူးပြုအားလုံး။ |
| | အရှေ့တိုင်းပညာ အထူးပြုအားလုံး။ |
| သိပ္ပံဘွဲ့ | ရူပဗေဒ အထူးပြုအားလုံး။ |

**အစမ်းလေ့ကျင့်ရက် - ဘွဲ့နှင်းသဘင် ပထမနေ့ ( အပိုင်း(၁)၊ အပိုင်း(၂))အတွက် (၂၁.၁၁.၂၀၂၅) ရက်နေ့ နံနက် (၈ : ၃၀)နာရီ**

**(နေ့သင်တန်း) ဘွဲ့နှင်းသဘင် အပိုင်း(၃)**

**(၃) (၂၃-၁၁-၂၀၂၅)ရက်နေ့ နံနက်ပိုင်း၊ နံနက် (၉ : ၀၀)နာရီ**

| | |
|---|---|
| မဟာဝိဇ္ဇာဘွဲ့ | သမိုင်း အထူးပြုအားလုံး။ |
| မဟာသိပ္ပံဘွဲ့ | သင်္ချာ၊ သတ္တဗေဒ အထူးပြုအားလုံး။ |
| ဝိဇ္ဇာဂုဏ်ထူးဘွဲ့ | သမိုင်း အထူးပြုအားလုံး။ |
| သိပ္ပံဂုဏ်ထူးဘွဲ့ | သင်္ချာ၊သတ္တဗေဒ အထူးပြုအားလုံး။ |
